**DESIGN FLOOD ELEVATION (DFE):** The elevation of the design flood, including wave height, relative to the datum specified on a community's flood hazard map.

**FLOOD HAZARD AREA:** The area subject to flooding during the design flood.

**SPECIAL FLOOD HAZARD AREA (AREA OF SPECIAL FLOOD HAZARD):** The land in the floodplain subject to a 1 percent or greater chance of flooding in any given year.

### ၃.၂.၅.၃။ ဒီဇိုင်းတွက်ချက်ရာတွင် လိုအပ်သည့်အချက်များ (Design Requirements)

#### ၃.၂.၅.၃.၁။ ဒီဇိုင်း ဝန်အားများ (Design Loads)

အဆောက်အအုံများနှင့် အခြားအဆောက်အဦများကို ဒီဇိုင်းတွက်ချက်ရသည့် ရေကြီးဝန်အား (အပိုဒ်ခွဲ ၃.၂.၅.၃.၃ တွင် ကြည့်ပါ) နှင့် အပိုဒ် ၃.၂.၁ တွင် ဖော်ပြထားသော အခြားဝန်အားတွဲများကြောင့် ဖြစ်ပေါ်သော ရေပင့်တင်ခြင်း၊ လဲပြိုခြင်း၊ ရေကြီးခြင်းနှင့် အမြဲတည်ရှိသွားမည့် ဘေးတိုက်အရွေ့များ (permanent lateral displacement) ကို ခံနိုင်ရန် ဒီဇိုင်းတွက်ချက်ခြင်း၊ တည်ဆောက်ခြင်း၊ အစိတ်အပိုင်းများ ခိုင်မြဲအောင်တွဲဆက်ခြင်းများ ဆောင်ရွက်ရမည်။

#### ၃.၂.၅.၃.၂။ ရေတိုက်စားခြင်းနှင့် ရေစီးလမ်းကြောင်း (Erosion and Scour)

ရေဘေးအန္တရာယ်ကျရောက်နိုင်သောဒေသများရှိ အဆောက်အအုံနှင့် အခြားအဆောက်အဦများ၏ဝန်အားများကို တွက်ချက်ရာတွင် ရေတိုက်စားခြင်းနှင့် ရေစီး လမ်းကြောင်းများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ထည့်သွင်းတွက်ချက်ရမည်။

#### ၃.၂.၅.၃.၃။ ပြိုကွဲခွင့်ပြုနံရံပေါ်ရှိ ဝန်အားများ (Loads on Breakaway Walls)

ASCE/SEI 24 အရ နံရံများနှင့်အခန်းအကာများ ပြိုကွဲမှု (အဆောက်အဦနှင့် တွဲဆက်မှု အပါအဝင်) ကို ဒီဇိုင်းပြုလုပ်ရာတွင် အောက်ဖော်ပြပါ မျက်နှာပြင်ထောင့်မှန်ကျ ဝန်အား များထဲမှ အများဆုံးတန်ဖိုးကို အသုံးပြုရမည်။

၁။ အခန်း ၃.၃ တွင် ဖော်ပြထားသော လေတိုက်ဝန်အား

၂။ အခန်း ၃.၄ တွင် ဖော်ပြထားသော ငလျင်ဝန်အား

၃။ 10 psf (0.48 KN/m2)

အောက်ဖော်ပြပါ ဒီဇိုင်းအခြေအနေများနှင့်ကိုက်ညီလျှင် ပြိုကွဲခွင့်ပြုနံရံများ၏ ပြိုကွဲနိုင်သော ဝန်အားသည် 20 psf (0.96 kN/$m^2$) ထက် မကျော်လွန်ရပါ။

၁။ ပြိုကွဲခွင့်ပြုနံရံကို ဒီဇိုင်းလုပ်ရာတွင် ရေကြီးဝန်အားသည် အခြေခံရေကြီးဝန်အားထက် လျော့နည်းပြီး အသုံးပြုထားခြင်း။

၂။ အောက်ခံအုတ်မြစ်နှင့် အဆောက်အအုံ၏အပေါ် စွန်းထွက်နေသော အပိုင်းများ သည် လဲပြိုခြင်း၊ ဘေးတိုက်ရွေ့လျားခြင်း၊ ရေကြီးဝန်အားနှင့် အပိုဒ် ၃.၂.၁ တွင် ဖော်ပြထား သော အခြားဝန်အားတွဲများကြောင့် ဖြစ်ပေါ်သော အခြားအဆောက်အဦဆိုင်ရာ ပျက်စီးစေနိုင်ခြင်းများကို ခံနိုင်စေရန် ဒီဇိုင်းတွက်ချက် ထားခြင်း။

### ၃.၂.၅.၄။ ရေကြီးစဉ်ဖြစ်ပေါ်သော ဝန်အားများ (Loads During Flooding)

#### ၃.၂.၅.၄.၁။ ဝန်အား အကြောင်းအရင်း (Load Basis)

ရေဘေးအန္တရာယ်ရှိသော နေရာများတွင် အဆောက်အဦဆိုင်ရာ ဒီဇိုင်းတွက်ချက်ရာတွင် ဖြစ်ပေါ်လာနိုင်မည့် ရေကြီးခြင်း အခြေအနေကို အခြေခံတွက်ချက်ရမည်။

#### ၃.၂.၅.၄.၂။ ရေငြိမ်ဝန်အား (Hydrostatic Loads)

ဒီဇိုင်းလုပ်ရမည့် ရေကြီးနိုင်သောအမြင့်ရှိ ရေဖိအားကို လွတ်လပ်သောရေနှင့် ထိစပ်နေ သော မျက်နှာပြင်မှလွဲ၍ ရေ၏အပေါ်နှင့် အောက်မျက်နှာပြင်များအပါအဝင် မျက်နှာပြင် အားလုံး ကို သက်ရောက်စေရမည်ဖြစ်ပြီး ရေထုအနက်ကို ၁ ပေ (၀.၃၀ မီတာ) ထပ်တိုး ယူရမည်။

#### ၃.၂.၅.၄.၃။ ရေလျင်ဝန်အား (Hydrodynamic Loads)

လှုပ်ရှားနေသောရေ၏ သက်ရောက်မှုများကို အရည်ဆိုင်ရာတွက်ချက်မှု (Fluid Mechanics) ၏ အခြေခံသဘောတရားများကို အသုံးချတွက်ချက်ရမည်။

ခြင်းချက်။ ရေ၏အလျင်သည် 10ft/s (3.05 m/s) ထက် မကျော်သောအခါ လှုပ်ရှားနေသော ရေ၏အကျိုးကို တွက်ချက်ရာတွင် မြေပြင်အထက် ရေညာဖက်တွင် ဒီဇိုင်းရေကြီး ရေအနက် အထက် ထပ်တိုးရမည့် အပိုဆောင်းရေအနက် ($D_h$) သည်

$$D_h = \frac{aV^2}{2g} \qquad Eq.\ (3.2.25)$$

*Where,*

*V = average velocity of water in ft/s (m/s)*

*g = acceleration due to gravity, 32.2 ft/s (9.81 m/s²)*

*a = coefficient of drag or shape factor (not less than 1.25)*

ဒီဇိုင်းတွက်သည့် ရေကြီးရေအနက်တွင် အပိုဆောင်းရေအနက်ကို ပေါင်းထည့်ပြီး ရရှိ သော ရေငြိမ်ဖိအားကို ရေစီးလမ်းကြောင်းနှင့် ထောင့်မှန်ကျနေသော အဆောက်အအုံ သို့မဟုတ် အဆောက်အဦများ၏ ဒေါင်လိုက် အစွန်းထွက်ဧရိယာပေါ်တွင် ညီမျှစွာဖြန့်ကျစေရမည်။ ရေစီးနှင့် အပြိုင်ဖြစ်နေသောမျက်နှာပြင်များ သို့မဟုတ် ရေစီးဆင်းဘက်ရှိ ရေစိုမျက်နှာပြင် များပေါ်ရှိ ရေငြိမ်ဖိအားသည် ဒီဇိုင်းရေကြီး ရေအနက်အတိုင်းသာ ဖြစ်သည်။

### ၃.၂.၅.၄.၄။ ရေလှိုင်းဝန်အား (Wave Loads)

ရေလှိုင်းဝန်အားကို အောက်ဖော်ပြပါ နည်း ၃ နည်းမှ ၁ နည်း ဖြင့် သတ်မှတ်ရမည်။

(၁) ဤအခန်းတွင်ဖော်ပြထားသော တွက်ချက်နည်းလမ်းများ

**(Analytical procedures)**

(၂) သင်္ချာနည်းဖြင့် ပုံစံပြု တွက်ချက် နည်းလမ်းများ

**(Numerical modeling procedures)**

(၃) ဓါတ်ခွဲခန်းစမ်းသပ်ပြုလုပ်နည်းများ (လက်တွေ့ပုံစံပြုခြင်း)

ရေလှိုင်းဝန်အားများသည် ရေမျက်နှာပြင်အထက်ရှိ ရေလှိုင်းများနှင့် အဆောက် အအုံ သို့မဟုတ် အဆောက်အဦများကို ရိုက်ခတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဝန်အား များဖြစ်သည်။ ရေလှိုင်းဝန်အား သက်ရောက်စေသော အဆောက်အအုံ သို့မဟုတ် အဆောက်အဦများကို ဒီဇိုင်းတွက်ချက်တည်ဆောက်ရာတွင် အောက်ပါ ဝန်အားများ ကို ထည့်သွင်းစဉ်းစားရမည်။ ၄င်းတို့မှာ အဆောက်အအုံ သို့မဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းတစ်ခုခုကို ကျိုးပျက်စေသော လှိုင်းများ၊ အောက် သို့မဟုတ် အောက် တစ်စိတ်တစ်ပိုင်းတွင် ရေအောက်လှိုင်းများကြောင့် ဖြစ်ပေါ်သော ရေပင့်အားများ၊ အစိတ်အပိုင်းတစ်ခုခုသို့ ရိုက်ခတ်လာသောလှိုင်းများ၊ လှိုင်းကြောင့်ဖြစ်သော ရေဆွဲ အား သို့မဟုတ် အင်နားရှားအားများ (inertia forces) နှင့် အုတ်မြစ်များ၏ အောက်ခြေတွင် လှိုင်းကြောင့်ဖြစ်သော ရေစားခြင်းများ စသည်တို့ဖြစ်သည်။

ရေလှိုင်းဝန်အားများတွင် V-Zones နှင့် A-Zones နှစ်ခုစလုံးတွင် ပါဝင်ရမည်။ V-Zones တွင် လှိုင်းများ၏ အမြင့်သည် ၃ ပေ (၀.၉၁ မီတာ) နှင့် အထက် ရှိရမည်ဖြစ်ပြီး ကမ်းရိုးတန်း တစ်လျှောက်နှင့် အတွင်းဖက် မြေနိမ့်ပိုင်း V-Zones များတွင် လှိုင်းများသည် ၃ ပေ အမြင့် (၀.၉၁ မီတာ) အောက် လျော့နည်းနိုင်သည်။

အပိုဒ်ခွဲ ၃.၂.၅.၄.၂ နှင့် ၃.၂.၅.၄.၃ တွင် ဖော်ပြထားသော ရေငြိမ်ဝန်အားနှင့် ရေလျင်ဝန်အား တွက်ချက်နည်းလမ်းများကို အသုံးပြု၍ လှိုင်းဆက်များနှင့် လှိုင်းပြတ်များကို တွက်ချက်ရမည်။

လှိုင်းပြတ်ဝန်အားများကို တွက်ချက်ရာတွင် အပိုဒ်ခွဲ ၃.၂.၅.၄.၄.၁ မှ ၃.၂.၅.၄.၄.၄ ထိ ဖော်ပြထားသော နည်းလမ်းများကို အသုံးပြုရမည်။ လှိုင်းပြတ်အမြင့် တွက်ချက်ရာတွင် V-Zones နှင့် ကမ်းရိုးတန်းနှင့်ဆိုင်သော A-Zones များအတွက် ညီမျှခြင်း ၃.၂.၂၆ နှင့် ၃.၂.၂၇ တို့ကို အသုံးပြုပြီး အပိုဒ်ခွဲ ၃.၂.၅.၄.၄.၁ မှ ၃.၂.၅.၄.၄.၄ ထိ ဖော်ပြထားသော နည်းလမ်းများကို အသုံးပြုရမည်။

$H_b \;=\; 0.78 d_s$ *Eq.* (3.2.26)

*where,*

*Hb* = *breaking wave height in ft (m)*

*ds* = *local still water depth in ft (m)*

သချ်ာနည်းဖြင့် ပုံစံပြု တွက်ချက်နည်းလမ်းများ သို့မဟုတ် ဤအခန်းတွင် ခွင့်ပြုထားသော ဓါတ်ခွဲခန်း စမ်းသပ်စစ်ဆေးခြင်းများကို အသုံးပြုခြင်းမှလွဲ၍ အဆိုပါ နေရာရှိ ရေငြိမ်အနက်ကို တွက်ချက်ရာတွင် ညီမျှခြင်း ၃.၂.၂၇ ကို အသုံးပြု ရမည်။

$d_s \;=\; 0.65(BFE - G)$ *Eq.* (3.2.27)

*where,*

*BFE* = *BFE in ft (m)*

*G* = *ground elevation in ft (m)*

### ၃.၂.၅.၄.၄.၁။ ဒေါင်လိုက်ပိုင်တိုင်နှင့် တိုင်များပေါ်ရှိ လှိုင်းပြတ်ဝန်အားများ (Breaking Wave Loads on Vertical Pilings and Columns)

ဒေါင်လိုက်ပိုင်တိုင်နှင့် တိုင်များပေါ်ရှိ လှိုင်းပြတ်ဝန်အားများ၏ အသားတင်အားများကို တွက်ချက်ရာတွင် ရေငြိမ်အမြင့်သို့ သက်ရောက်ခြင်းကဲ့သို့ ယူဆပြီး အောက်ပါအတိုင်း တွက်ချက်ရမည်။

$F_D = 0.5\,\gamma_w C_D D H_b^2$ *Eq.*(3.2.28)

*where,*

$F_D$ = *net wave force, in lb (kN)*

$\gamma_w$ = *unit weight of water, in lb per cubic ft (kN/m*$^3$*),*

= *62.4 pcf (9.80 kN/m*$^3$*) for fresh water and 64.0 pcf(10.05 kN/m*$^3$*) for salt water*

$C_D$ = *coefficient of drag for breaking waves,*

= *1.75 for round piles or columns, and*
= *2.25 for square piles or columns*
$D$ = *pile or column diameter, in ft (m) for circular sections, or for a square pile or column, 1.4 times the width of the pile or column in ft (m)*
$H_b$ = *breaking wave height, in ft (m)*

### ၃.၂.၅.၄.၄.၂။ ဒေါင်လိုက်နံရံများပေါ်ရှိ ကျိုးလှိုင်းကျိုးဝန်အားများ (Breaking Wave Loads on Vertical Walls)

မြဲမြံသော ဒေါင်လိုက်နံရံသို့ ပုံမှန်သက်ရောက်သော လှိုင်းပြတ် (အမြင့် ကန့်သတ်ချက် $H_b$=0.78$d_s$) ကြောင့် ဖြစ်ပေါ်သော အများဆုံးဖိအားနှင့် အသားတင်ဖိအားများကို အောက်ပါအတိုင်း တွက်ချက်ရမည်။

$$P_{max} = C_p\gamma_w d_s + 1.2\gamma_w d_s \qquad \text{Eq (3.2.29)}$$

*and*

$$F_t = 1.1C_p\gamma_w d_s^2 + 2.4\gamma_w d_s^2 \qquad \text{Eq (3.2.30)}$$

*where*

$P_{max}$ = *maximum combined dynamic ($C_p\gamma_w d_s$) and static ($1.2\gamma_w d_s$) wave pressures, also referred to as shock pressures in lb/ft² (kN/m²)*
$F_t$ = *net breaking wave force per unit length of structure, also referred to as shock, impulse, or wave impact force in lb/ft (kN/m), acting near the still water elevation*
$Cp$ = *dynamic pressure coefficient (1.6 < Cp<3.5) (see Table 3.2.5-1)*
$\gamma w$ = *unit weight of water, in lb per cubic ft (kN/m3), = 62.4 pcf (9.80 kN/m3) for fresh water and 64.0 pcf (10.05 kN/m3) for salt water*
$ds$ = *still water depth in ft (m) at base of building or other structure where the wave breaks*

ဤနည်းလမ်းတွင် ဒေါင်လိုက်နံရံသည် ရေရှိရာဖက်ရှိ ရေငြိမ်အမြင့်အထက် လှိုင်းထိပ်အမြင့် 1.2$d_s$ ရှိသော တန်ပြန်လှိုင်း သို့မဟုတ် လှိုင်းသေတစ်ခုကို ဖြစ်ပေါ်စေသည်ဟု ယူဆသည်။ ထိုသို့ နံရံပေါ်သို့ ဖြန့်ကျသော ရေလျှင်ဖိအား၊ ရေငြိမ်ဖိအားနှင့် စုစုပေါင်းဖိအားတို့ကို ပုံ ၃.၂.၅-၁ တွင် ပြထားသည်။

ဤနည်းလမ်းတွင် ဒေါင်လိုက်နံရံ၏ နောက်ကွယ်ရှိနေရာသည် ခြောက်သွေ့နေပြီး၊ နံရံ၏ အပြင်ဘက်တွင် ရေလှိုင်းဝန်အားကို ထိန်းညှိမည့်အရည်များ မရှိပါဟု ယူဆသည်။

အကယ်၍ နံရံနောက်ဘက်၌ ရေလွတ်ရှိလျှင် ရေလှိုင်းဖိအားနှင့် ရေငြိမ်ဝန်အားတို့ မရှိတော့ဘဲ ပုံ ၃.၂.၅.၂ အတိုင်း အသားတင်ဝန်အားကို ညီမျှခြင်း ၃.၂.၃၁ ဖြင့် တွက်ချက်ရမည်။ (အများဆုံး လှိုင်းဖိအားပေါင်းကို ညီမျှခြင်း ၃.၂.၂၉ ဖြင့် တွက်ချက်ရမည်)

$$F_t = 1.1C_p\gamma_w d_s^2 + 1.9\gamma_w d_s^2 \qquad \text{Eq. (3.2.31)}$$

*where,*

$F_t$ = *net breaking wave force per unit length of structure, also referred to as shock, impulse, or wave impact force in lb/ft (kN/m), acting near the still water elevation*
$C_p$ = *dynamic pressure coefficient (1.6 < $C_p$<3.5) (see Table 3.2.5-1)*

$\gamma_w$ = *unit weight of water, in lb per cubic ft (kN/m³), = 62.4 pcf (9.80 kN/m³) for fresh water and 64.0 pcf (10.05 kN/m³) for salt water*

$d_s$ = *still water depth in ft (m) at base of building or other structure where the wave breaks*

### ၃.၂.၅.၄.၄.၃။ ဒေါင်လိုက်မဟုတ်သော နံရံများပေါ်ရှိ လှိုင်းပြတ်ဝန်အားများ (Breaking Wave Loads on Non Vertical Walls)

ရေလှိုင်းအား သက်ရောက်ခြင်းခံရသည့် နံရံများ သို့မဟုတ် မျက်နှာပြင်များသည် ဒေါင်လိုက်မဟုတ်သော အခြေအနေမျိုးတွင် ညီမျှခြင်း ၃.၂.၃၀ နှင့် ၃.၂.၃၁ မှ ရရှိသော လှိုင်းပြတ်ဝန်အားများကို ပြုပြင်အသုံးပြုရမည်။ လှိုင်းပြတ်ဝန်အား၏ အလျားလိုက်အားခွဲကို အောက်တွင် ဖော်ပြထားသည်။

$$F_{nv} = F_t \sin^2 a \qquad Eq.(3.2.32)$$

*where*

$F_{nv}$ = *horizontal component of breaking wave force in lb/ft (kN/m)*

$F_t$ = *net breaking wave force acting on a vertical surface in lb/ft (kN/m)*

$a$ = *vertical angle between non-vertical surface and the horizontal*

### ၃.၂.၅.၄.၄.၄။ စောင်းလျက်ရိုက်ခတ်သော လှိုင်းများကြောင့် ဖြစ်ပေါ်သော လှိုင်းပြတ်ဝန်အား များ (Breaking Wave Loads from Obliquely Incident Waves)

ရေလှိုင်းများက စောင်းလျက်ရိုက်ခတ်သော အခြေအနေမျိုးတွင် ညီမျှခြင်း ၃.၂.၃၀ နှင့် ၃.၂.၃၁ မှ ရရှိသော လှိုင်းပြတ်ဝန်အားများကို ပြင်ဆင်သတ်မှတ်ရမည်။ တည့်တည့်သက်ရောက်ခြင်း မဟုတ်သော ရေလှိုင်းကြောင့်ဖြစ်ပေါ်သော လှိုင်းပြတ်ဝန်အားကို အောက်တွင် ဖော်ပြထားသည်။

$$F_{oi} = F_t \sin^2 a \qquad Eq. (3.2.33)$$

*where,*

$F_{oi}$ = *horizontal component of obliquely incident breaking wave force in lb/ft (kN/m)*

$F_t$ = *net breaking wave force (normally incident waves) acting on a vertical surface in lb/ft (kN/m)*

$a$ = *horizontal angle between the direction of wave approach and the vertical surface*

### ၃.၂.၅.၄.၅။ ဆောင့်၍ သက်ရောက်သောဝန်အားများ (Impact Loads)

ဆောင့်၍ သက်ရောက်သောဝန်အားများမှာ အပျက်အစီးများ၊ ရေခဲများနှင့် ရေလွှမ်းမိုးခြင်းကြောင့် သယ်ဆောင်လာသော အရာဝတ္ထုတစ်ခုခုမှ အဆောက်အအုံနှင့် အဆောက်အဦများ၊ အချို့အစိတ်အပိုင်းများသို့ ရိုက်ခတ်ခြင်းများကြောင့် ဖြစ်ပေါ်သောအားများ ဖြစ်သည်။

ဆောင့်၍ သက်ရောက်သော ဝန်အားများကို တွက်ချက်ရာတွင် ဒီဇိုင်းရေကြီးအနက် (DFE) သို့မဟုတ် ယင်းအောက်ရှိ အဆိုးဆုံးအခြေအနေကို ဖြစ်ပေါ်စေသောနေရာတွင် စုစည်းဝန်များကို အလျားလိုက် သက်ရောက်စေလျက် ကြောင်းကျိုးဆက်စပ် တွက်ချက် ရမည်။

**TABLE 3.2.5-1 VALUE OF DYNAMIC PRESSURE COEFFICIENT, $C_p$**

| Building Category | $C_p$ |
|---|---|
| I | 1.6 |
| II | 2.8 |
| III | 3.2 |
| IV | 3.5 |




**FIGURE 3.2.5-1 NORMALLY INCIDENT BREAKING WAVE PRESSURES AGAINST A VERTICAL WALL (space behind vertical wall is dry)**




**FIGURE 3.2.5-2 NORMALLY INCIDENT BREAKING WAVE PRESSURES AGAINST A VERTICAL WALL (still water level equal on both sides of wall)**

## ၃.၃။ လေဒဏ်ခံဒီဇိုင်း စံချိန်စံညွှန်းများ (Wind Design Criteria)

### ၃.၃.၁။ အထွေထွေ (General)

#### ၃.၃.၁.၁။ နယ်ပယ်(Scope)

အဓိကလေဒဏ်ခံစနစ် (Main Wind-Force Resisting System, MWFRS) ရှိ အစိတ်အပိုင်းများအားလုံးနှင့် အကာအရံများ အပါအဝင် တိုက်တာအိုးအိမ်များနှင့် အခြားအဆောက်အအုံများကို လေတိုက်အားများခံနိုင်ရည်ရှိစေရန် ဤအပိုဒ်၊ အပိုဒ်ခွဲများတွင် ဖော်ပြထားသော သတ်မှတ်ချက်များအတိုင်း ဒီဇိုင်းရေးဆွဲပြီး တည်ဆောက်ရပါမည်။ ဒီဇိုင်းရေးဆွဲမည့် အဆောက်အအုံဝန်းကျင်တွင် အခြားအဆောက်အအုံများဖြင့် ကွယ်နေသည့်တိုင် လေတိုက်အား (wind load / force) ကို လျှော့ချခြင်း မပြုလုပ်ရပါ။

#### ၃.၃.၁.၂။ ခွင့်ပြုနည်းလမ်းများ (Allowed Procedures)

အဆောက်အအုံ၏ အဓိကလေဒဏ်ခံစနစ် (MWFRS)၊ အစိတ်အပိုင်းများ၊ အကာအရံများ အပါအဝင် တိုက်တာအိုးအိမ်များနှင့် အခြားအဆောက်အအုံများအပေါ် သက်ရောက်နေသော ဒီဇိုင်းလေတိုက်အား (design wind load) ကို အောက်ဖော်ပြပါ နည်းလမ်း (method) တစ်ခုခုကို အသုံးပြု၍ တွက်ချက်ရပါမည်။

(၁) Method 1 - အပိုဒ်ခွဲ ၃.၃.၄ တွင်သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသော အဆောက်အအုံများအတွက် ၎င်းအပိုဒ်ခွဲတွင် ဖော်ပြထားသော Simplified Procedure

(၂) Method 2 - ASCE 7-05 မှ Section 6.5 တွင် သတ်မှတ်ထားသော လိုအပ်ချက် များနှင့် ကိုက်ညီမှုရှိသော အဆောက်အအုံများအတွက် ၎င်း Section တွင် ဖော်ပြထားသော Analytical Procedure

(၃) Method 3 - ASCE 7-05 မှ Section 6.6 တွင်ဖော်ပြထားသော Wind Tunnel Procedure

**၃.၃.၁.၃။ အဆောက်အအုံမျက်နှာပြင်တစ်ခု၏ တစ်ဖက်တစ်ချက်ပေါ်သို့ သက်ရောက် နေသော လေဖိအား (Wind Pressure Acting on Opposite Faces of Each Building Surface)**

အဆောက်အအုံများ၏ အဓိကလေဒဏ်ခုခံရေးစနစ် (MWFRS)၊ အစိတ်အပိုင်းများနှင့် အပြင်အကာအရံများအတွက် ဒီဇိုင်းလေတိုက်ဝန်အားများ (design wind loads) ကို တွက်ချက်ရာတွင် အဆောက်အအုံမျက်နှာပြင်တစ်ခု၏ တစ်ဖက်တစ်ချက်ပေါ်သို့ သက်ရောက်နေသော လေဖိအားများကို သင်္ချာနည်းဖြင့်ပေါင်း၍ ရရှိသော စုစုပေါင်း လေဖိအားကို စဉ်းစားရပါမည်။

**၃.၃.၁.၄။ ဒီဇိုင်းတွက်ချက်ရာတွင် အသုံးပြုရမည့် အနည်းဆုံးလေတိုက်အား (Minimum Design Wind Loading)**

အပိုဒ်ခွဲ ၃.၃.၁.၂ တွင် ဖော်ပြထားသော နည်းလမ်းတစ်ခုခုဖြင့် ဒီဇိုင်းတွက်ချက်ရာတွင် အသုံးပြုရမည့် လေတိုက်အားသည် ဤအပိုင်းတွင် သတ်မှတ်ထားသော ပမာဏထက် မနည်းစေရပါ။

**၃.၃.၁.၄.၁။ အဓိကလေဒဏ်ခံစနစ် (Main Wind-Force Resisting System)**

အလုံပိတ် (enclosed) သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကာရံထားသော (partially enclosed) အဆောက်အအုံအတွက် အဓိကလေဒဏ်ခံစနစ် (MWFRS) များတွင် ဒီဇိုင်း လေတိုက်အား (design wind load) သည် ခန့်မှန်းလေကြောင်းနှင့် ထောင့်မှန်ကျ အဆောက်အအုံ၏ ဒေါင်လိုက်မျက်နှာပြင်ဧရိယာကို 10 $lb/ft^2$ ဖြင့် မြှောက်၍ရသော ပမာဏထက် မနည်းစေရပါ။

အမျိုးမျိုး ပြောင်းလဲအသုံးပြုနိုင်သော အဆောက်အအုံများ (Open Buildings) သို့မဟုတ် အခြားအဆောက်အဦများကို ဒီဇိုင်းလေတိုက်အား (Design Wind Force) သည် 10 $lb/ft^2$ ကို $A_f$ ဖြင့်မြှောက်၍ ရလာသော ပမာဏထက် မနည်းစေရပါ။

**၃.၃.၁.၄.၂။ အဆောက်အအုံအစိတ်အပိုင်းများနှင့် အကာအရံများ (components and cladding)**

အဆောက်အအုံ အစိတ်အပိုင်းများနှင့် အကာအရံများအတွက် ဒီဇိုင်းလေဖိအား (design wind pressure) သည် 10lb/ft2 ထက် မနည်းစေရပဲ ယင်းအစိတ်အပိုင်းနှင့် အကာအရံ တို့၏ မျက်နှာပြင်ပေါ်သို့ ထောင့်မှန်ကျ သက်ရောက်စေရမည်။

## ၃.၃.၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ(Definitions)

The following definitions apply only to the provisions of Section 3.3.

**APPROVED:** Acceptable to the authority having jurisdiction.

**BASIC WIND SPEED, V:** Three-second gust speed at 33 ft (10 m) above the ground in Exposure C (see Section 3.3.4.6.3) as determined in accordance with Section 3.3.4.4.

**BUILDING, ENCLOSED:** A building that does not comply with the requirements for open or partially enclosed buildings.

**BUILDING ENVELOPE:** Cladding, roofing, exterior walls, glazing, door assemblies, window assemblies, skylight assemblies, and other components enclosing the building.

**BUILDING AND OTHER STRUCTURE, FLEXIBLE:** Slender buildings that have a fundamental natural frequency less than 1Hz.

**BUILDING, LOW-RISE:** Enclosed or partially enclosed buildings that comply with the following conditions:

1. Mean roof height h less than or equal to 60 ft (18 m).
2. Mean roof height h does not exceed least horizontal dimension.

**BUILDING, OPEN:** A building having each wall at least 80 percent open. This condition is expressed for each wall by the equation $A_0 \geq 0.8A_g$where

$A_0$= total area of openings in a wall that receives positive external pressure, in $ft^2$ ($m^2$)

$A_x$= the gross area of that wall in which $A_0$ is identified, in $ft^2$ ($m^2$)

**BUILDING PARTIALLY ENCLOSED:** A building that complies with both of the following conditions:

1. The total area of openings in a wall that receives positive external pressure exceeds the sum of the areas of openings in the balance of the building envelope (walls and roof) by more than 10 percent.
2. The total area of openings in a wall that receives positive external pressure exceeds 4 $ft^2$ (0.37 $m^2$) or 1 percent of the area of that wall, whichever is smaller, and the percentage of openings in the balance of the building envelope does not exceed 20 percent.
   These conditions are expressed by the following equations:

1. $A_0 > 1.10\ A_{0i}$;
2. $A_0 > 4$ sqft (0.37 $m^2$) or $> 0.01\ A_g$, whichever is smaller, and$A_{0i} / A_{gi} \leq 0.20$
   where

$A_0$, $A_g$ are as defined for Open Building

$A_{0i}$ = the sum of the areas of openings in the building envelope (walls and roof) not including $A_0$, in $ft^2$ ($m^2$)

$A_{gi}$ = the sum of the gross surface areas of the building envelope (walls and roof) not including $A_g$, in $ft^2$ ($m^2$)

**BUILDING OR OTHER STRUCTURES, REGULAR-SHAPED**: A building having no unusual geometrical irregularity in spatial form.

**BUILDING OR OTHER STRUCTURES, RIGID:** A building whose fundamental frequency is greater than or equal to**1Hz.**

**BUILDING, SIMPLE DIAPHRAGM**: A building in which both windward and leeward wind loads are transmitted through floor and roof diaphragms to the same vertical MWFRS (e.g., no structural separations).

**COMPONENTS AND CLADDING:** Elements of the building envelope that do not qualify as part of the MWFRS.

**DESIGNFORCE, F:** Equivalent static force to be used in the determination of wind loads for open buildings.

**DESIGN PRESSURE, p:** Equivalent static pressure to be used in the determination of wind loads for buildings.

**EAVE HEIGHT, h:** The distance from the ground surface adjacent to the building to the roof eave line at a particular wall.

If the height of the eave varies along the wall, the average height shall be used.

**EFFECTIVE WIND AREA, A:** The area used to determine $GC_p$. For component and cladding elements, the effective wind area in Fig: 6-11 through 6-17 and Fig: 6-19 in Appendix is the span length multiplied by an effective width that need not be less than one-third the span length. For cladding fasteners, the effective wind area shall not be greater than the area that is tributary to an individual fastener.

**ESCARPMENT:** Also known as scarp, with respect to topographic effects in Section 3.3.5.7, a cliff or steep slope generally separating two levels or gently sloping areas (see Fig.3.3.3).

**FREE ROOF:** Roof with a configuration generally conforming to those shown in Fig 6-18A through 6-18D in Appendix (mono slope, pitched, or troughed) in an open building with no enclosing walls underneath the roof surface.

**GLAZING:** Glass or transparent or translucent plastic sheet used in windows, doors, skylights, or curtain walls.

**GLAZING, IMPACT RESISTANT:** Glazing that has been shown by testing in accordance with ASTM El886 and ASTM El996 or other approved test methods to withstand the impact of wind-borne missiles likely to be generated in wind-borne debris regions during design winds.

**HILL:** With respect to topographic effects in Section 3.3.5.7, a land surface characterized by strong relief in any horizontal direction (see Fig. 3.3.3).

**IMPORTANCE FACTOR, I:** A factor that accounts for the degree of hazard to human life and damage to property.

**MAIN WIND-FORCE RESISTING SYSTEM (MWFRS):** An assemblage of structural elements assigned to provide support and stability for the overall structure. The system generally receives wind loading from more than one surface.

**MEAN ROOF HEIGHT, h:** The average of the roof eave height and the height to the highest point on the roof surface, except that, for roof angles of less than or equal to **10°,** the mean roof height shall be the roof eave height.

**OPENINGS:** Apertures or holes in the building envelope that allow air to flow through the building envelope and that are designed as "open" during design winds as defined by these provisions.

**RECOGNIZED LITERATURE:** Published research findings and technical papers that are approved.

**RIDGE:** With respect to topographic effects in Section 3.3.4.7 an elongated crest of a hill characterized by strong relief in two directions (see Fig. 3.3.3).

### ၃.၃.၃။ သင်္ကေတနှင့် အမှတ်အသားများ (Symbols and notation)

The following symbols and notation apply only to the provisions of Section 3.3.

*A* = effective wind area, in $ft^2$ ($m^2$)

*Af* = *area of open buildings either normal to the wind direction or projected on a plane normal to the wind direction, in ft2 (m2)*

*Ag* = *the gross area of that wall in which A0 is identified, in ft2 (m2)*

*Agi* = *the sum of the gross surface areas of the building envelope (walls and roof) not including Ag, in ft2 (m2)*

*A0* = *total area of openings in a wall that receives positive external pressure, in ft2 (m2)*

*A0i* = *the sum of the areas of openings in the building envelope (walls and roof) not including A0, in ft2 (m2)*

*A0g* = *total area of openings in the building envelope, in ft2 (m2)*

*As* = *gross area of the solid freestanding wall or solid sign, in ft2 (m2)*

*a* = *width of pressure coefficient zone, in ft (m)*

*B* = *horizontal dimension of building measured normal to wind direction, in ft (m)*

$\bar{b}$ = *mean hourly wind speed factor in Eq. 6-14 from Table 6-2 (ASCE 7-05)*

$\hat{b}$ = *3-s gust speed factor from Table 6-2 (ASCE 7-05)*

*Cf* = *force coefficient to be used in determination of wind loads for other structures*

*CN* = *net pressure coefficient to be used in determination of wind loads for open buildings*

*Cp* = *external pressure coefficient to be used in determination of wind loads for buildings*

*c* = *turbulence intensity factor in Eq. 6-5 from Table 6-2 (ASCE 7-05)*

*D* = *diameter of a circular structure or member, in ft (m)*

*D'* = *depth of protruding elements such as ribs and spoilers, in ft (m)*

*F* = *design wind force for other structures, in lb (N)*

*G* = *gust effect factor*

*Gf* = *gust effect factor for MWFRSs of flexible buildings*

*GCpn* = *combined net pressure coefficient for a parapet*

*GCp* = *product of external pressure coefficient and gust effect factor to be used in determination of wind loads for buildings*

*GCpf* = *product of the equivalent external pressure coefficient and gust-effect factor to be used in determination of wind loads for MWFRS of low-rise buildings*

*GCpi* = *product of internal pressure coefficient and gust-effect factor to be used in determination of wind loads for buildings*

*gQ* = *peak factor for background response Eq. 6-4 and 6-8 (ASCE 7-05)*

*gR* = *peak factor for resonant response Eq. 6-8 (ASCE 7-05)*

*gv* = *peak factor for wind response Eq. 6-4 and 6-8 (ASCE 7-05)*

*H* = *height of hill or escarpment in Fig. 3.3.3, in ft (m)*

*h* = *mean roof height of a building, except that eave height shall be used for roof angle* $\theta$ *of less than or equal to 10°, in ft(m)*

*he* = *roof eave height at a particular wall, or the average height if the eave varies long the wall*

*I* = *importance factor*

$I_z$ = *intensity of turbulence from Eq. 6-5 (ASCE 7-05)*

*K1, K2, K3= multipliers in Fig.3.3.3 to obtain Kzt*

*Kd* = *wind directionality factor in Table 6-4 (ASCE 7-05)*

*Kh* = *velocity pressure exposure coefficient evaluated at height z=h*

*Kz* = *velocity pressure exposure coefficient evaluated at height z*

*Kzt* = *topographic factor as defined in Section 3.3.4.7*

*L* = *horizontal dimension of a building measured parallel the wind direction, in ft(m)*

*Lh* = *distance upwind of crest of hill or escarpment in Fig.3.3.3 to where the difference in ground elevation is half the height of hill or escarpment, in ft (m)*

$L_{\bar{z}}$ = *integral length scale of turbulence, in ft (m)*

*Lr* = *horizontal dimension of return corner for a solid freestanding wall or solid sign from Fig.6-20 (ASCE 7-05), in ft (m)*

$\ell$ = *integral length scale factor from Table 3.3.3, ft (m)*

*N1* = *reduced frequency from Eq. 6-12 (ASCE 7-05)*

*n1* = *building natural frequency, Hz*

*p* = *design pressure to be used in determination of wind loads for buildings, in lb/ft2 (N/m2)*

*pL* = *wind pressure acting on leeward face in Fig 6-9 (ASCE 7-05), in lb/ft2 (N/m2)*

*pnet = net design wind pressure from Eq. (3.3.2), in lb/ft2 (N/m2)*

*pnet30* = *net design wind pressure for Exposure B at h=30ft and I= 1.0 from Fig.3.3.2, in lb/ft2 (N/m2)*

*pp* = *combined net pressure on a parapet from Eq 6-20 (ASCE 7-05) in lb/ft2 (N/m2)*

*ps* = *net design wind pressure from Eq. (3.3.1), in lb/ft2 (N/m2)*

*ps 30 = simplified design wind pressure for Exposure B at h= 30ft and I=1.0 from Fig.3.3.1, in lb/ft2 (N/m2)*

*pw* = *wind pressure acting on windward face in Fig 6-9 (ASCE 7-05), in lb/ft2 (N/m2)*

*Q* = *background response factor from Eq. 6-6 (ASCE 7-05)*

*q* = *velocity pressure, in lb/ft2 (N/m2)*

$q_h$ = *velocity pressure evaluated at height z= h, in lb/ft2 (N/m2)*

$q_i$ = *velocity pressure for internal pressure determination, in lb/ft2 (N/m2)*

*qp* = *velocity pressure at top of parapet, in lb/ft2 (N/m2)*

*qz* = *velocity pressure evaluated at height z above ground, in lb/ft2 (N/m2)*

*R* = *resonant response factor from Eq. 6-10 (ASCE 7-05)*

*RB, Rh, RL =values from Eq. 6-13 (ASCE 7-05)*

*Ri* = *reduction factor from Eq. 6-16 (ASCE 7-05)*

*Rn* = *value from Eq. 6-11 (ASCE 7-05)*

*s* = *vertical dimension of the solid freestanding wall or solid sign from Fig 6-20 (ASCE 7-05), in ft (m)*

*r* = *rise-to-span ratio for arched roofs*

*V* =*basic wind speed obtained from Table 3.3.1, in mi/h (m/s). The basic wind speed corresponds to a 3-s gust speed at 33 ft (10 m) above ground in exposure Category C*

*Vi* = *un partitioned internal volume, ft3 (m3)*

$\overline{V}_{\bar{z}}$ = *mean hourly wind speed at height* $\bar{z}$ *, ft/s (m/s)*

*W* = *width of building in Figs. 6-12 and 6-14A (ASCE 7-05) and B and width of span in Figs.6-13 and 6-15 (ASCE 7-05), in ft(m)*

*X* = *distance to centre of pressure from wind ward edge in Fig.6-18 (ASCE 7-05), in ft (m)*

*x* = *distance up wind or downwind of crest in Fig.3.3.3, in ft (m)*

*z* = *height above ground level, in ft (m)*

$\bar{z}$ = *equivalent height of structure, in ft (m)*

*zg* = *nominal height of the atmospheric boundary layer used in this standard. Values appear in Table 6-2 (ASCE 7-05)*

*zmin* = *exposure constant from Table 6-2 (ASCE 7-05)*

$\alpha$ = *3-s gust-speed power law exponent from Table 6-2 (ASCE 7-05)*

$\tilde{\alpha}$ = *reciprocal of* $\alpha$ *from Table 6-2 (ASCE 7-05)*

$\bar{\alpha}$ = *mean hourly wind-speed power law exponent in Eq.6-14 from Table 6-2 (ASCE 7-05)*

$\beta$ = *damping ratio, percent critical for buildings*

$\epsilon$ = *ratio of solid area to gross area for solid free-standing wall, solid sign, open sign, face of a trussed tower, or lattice structure*

$\lambda$ = *adjustment factor for building height and exposure from Figs.3.3.1 and 3.3.2*

$\bar{\in}$ = *integral length scale power law exponent in Eq. 6-7 from Table 6-2 (ASCE 7-05)*

$\eta$ = *value used in Eq. 6-13 (see Section 6.5.8.2) (ASCE 7-05)*

$\theta$ = *angle of plane of roof from horizontal, in degrees*

*v* = *height-to-width ratio for solid sign*

## ၃.၃.၄။ နည်းလမ်း ၁ လွယ်ကူသော နည်းလမ်း (Method 1-Simplified Procedure)

### ၃.၃.၄.၁။ နယ်ပယ် (Scope)

ဤအပိုဒ်ခွဲအရ သတ်မှတ်သည့် ဒီဇိုင်းလေတိုက်အား (design wind load) သည် အပိုဒ်ခွဲ ၃.၃.၄.၁.၁ သို့မဟုတ် အပိုဒ်ခွဲ ၃.၃.၄.၁.၂ တို့တွင် ဖော်ပြထားသော သတ်မှတ်ချက်များ အားလုံးနှင့် ညီညွတ်ပြည့်စုံမှ ရှိရမည်။

အကယ်၍ အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းများနှင့် အကာအရံများ၏ ဒီဇိုင်း လိုအပ်ချက်များသည် အပိုဒ်ခွဲ ၃.၃.၄.၁.၂ မှ သတ်မှတ်ချက်များနှင့်သာ ကိုက်ညီပါက ယင်းအဆောက်အအုံ၏ MWFRS ကို ASCE 7-05 မှ Section 6.5 တွင်ဖော်ပြထားသော နည်းလမ်း ၂ (Method

2-Analytical Procedure) သို့မဟုတ် ASCE 7-05 မှ Section 6.6 တွင် ဖော်ပြထားသော နည်းလမ်း ၃ (Method 3-Wind Tunnel Procedure) အရ ဒီဇိုင်း ပြုလုပ်ရမည်။

**၃.၃.၄.၁.၁။ အဓိက လေဒဏ်ခံစနစ်များ (Main Wind-Force Resisting Systems)**

အဆောက်အအုံများ၏ MWFRS ဒီဇိုင်းသည် အောက်ပါသတ်မှတ်ချက်များ အားလုံးနှင့် ကိုက်ညီပြည့်စုံမှု ရှိရမည်။

(၁)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် ရိုးရှင်းသော ကြမ်းခင်း ရှိသည့် အဆောက်အအုံ (Simple Diaphragm Building) ဖြစ်ရမည်။

(၂)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် အထပ်နိမ့် အဆောက်အအုံ (Low-Rise Building) ဖြစ်ရမည်။

(၃)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် အလုံပိတ် အဆောက်အအုံ (Enclosed Building) ဖြစ်ရမည်။

(၄)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် ပုံသဏ္ဍာန် ညီညွတ်သော အဆောက်အအုံ (Regular-Shaped Building) ဖြစ်ရမည်။

(၅)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် ပြောင်းလဲရ လွယ်သော အဆောက်အအုံ (Flexible Building) ဖြစ်ရမည်။

(၆)အဆောက်အအုံသည် ကန့်လန့်ဖြတ်လေတိုက်ခတ်ခြင်း (across wind loading)၊ လေဗွေတိုက်ခြင်း (vortex shedding)၊ လေဆောင့်တိုက်ခြင်း (galloping) သို့မဟုတ် ရမ်းခါတိုက်ခြင်း (fluttering) စသည်တို့ကြောင့် ဖြစ်ပေါ်လာသော မတည်ငြိမ်သည့် အခြေအနေများနှင့် တွေကြုံရသောအခါ တုန့်ပြန်မှုမရှိခြင်းတို့ အပြင် ယင်းအဆောက် အအုံ၏ တည်နေရာသည် လေလမ်းကြောင်း ကျရောက်မှု ကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများ သို့မဟုတ် ပုံမှန်မဟုတ်သည့် လေဗွေလှိုင်းများအတွက် အထူး တလည် စဉ်းစားတွက်ချက်ရမည့် တည်နေရာ မဟုတ်ခြင်း။

(၇)အမိုးပြန့် (flat roof) သို့မဟုတ် မြင့်မိုရ်အမိုး (gable roof) သို့မဟုတ် အမိုးစောင်း ၄၅ ဒီဂရီ ထက်နည်းသော အုန်းလက်အမိုး (hip roof) စသည့် အမိုးတစ်မျိုးမျိုး ဖြစ်ပြီး အဖက်ဖက်တွင် ခေါက်ချိုးကျသော ဘက်ညီသော အဆောက်အအုံ ဖြစ်ခြင်း။

(၈)Fig.6.10 (ASCE 7-05) ၏ အပိုဒ် ၅ တွင် ညွှန်ပြထားသော အဆောက်အအုံကို လည်စေနိုင်သည့်အခြေအနေများ (torsional load cases) မှ ကင်းလွတ်သော အဆောက်အအုံဖြစ်ခြင်း သို့မဟုတ် ယင်းအခြေအနေများကြောင့် အဆောက်အအုံရှိ MWFRS များ၏ ဒီဇိုင်းကို မထိခိုက်စေခြင်း။

### ၃.၃.၄.၁.၂။ အဆောက်အအုံ အစိတ်အပိုင်းနှင့် အကာအရံများ (Components and Cladding)

အဆောက်အအုံအစိတ်အပိုင်းနှင့် အကာအရံများ၏ ဒီဇိုင်းအတွက် ယင်းအဆောက်အအုံသည် အောက်ပါသတ်မှတ်ချက်များအားလုံးဖြင့် ကိုက်ညီပြည့်စုံမှု ရှိရမည်။

(၁)အမိုး၏ ပျှမ်းမျှ အမြင့် (h) သည် ပေ ၆၀ ထက် မမြင့်စေရ။

(၂)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် အလုံပိတ်အဆောက်အအုံ (Enclosed Building) ဖြစ်ရမည်။

(၃)အပိုဒ်ခွဲ ၃.၃.၂ တွင် ဖွင့်ဆိုထားသည့်အတိုင်း အဆောက်အအုံသည် ပုံသဏ္ဍာန်ညီညွတ်သော အဆောက်အအုံ (Regular-Shaped Building) ဖြစ်ရမည်။

(၄)အဆောက်အအုံသည် ကန့်လန့်ဖြတ် လေတိုက်ခတ်ခြင်း (across wind loading)၊ လေဖွေတိုက်ခြင်း (vortex shedding)၊ လေဆောင့်တိုက်ခြင်း (galloping) သို့မဟုတ် ရမ်းခါတိုက်ခြင်း (fluttering) စသည်တို့ကြောင့် ဖြစ်ပေါ်လာသော မတည်ငြိမ်သည့် အခြေအနေများနှင့် တွေကြုံရသောအခါ တုန့်ပြန်မှုမရှိခြင်း တို့အပြင် ယင်းအဆောက်အအုံ၏ တည်နေရာသည် လေလမ်းကြောင်း ကျရောက် မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများ သို့မဟုတ် ပုံမှန်မဟုတ်သည့် လေဖွေလှိုင်းများအတွက် အထူးတလည် စဉ်းစားတွက်ချက်ရမည့် တည်နေရာ မဟုတ်ခြင်း။

(၅)အမိုးပြန့် (flat roof)၊ အမိုးစောင်း အများဆုံး ၄၅ ဒီဂရီ ရှိသော မြင့်မိုရ်အမိုး (gable roof)၊ သို့မဟုတ် အမိုးစောင်း အများဆုံး ၂၇ ဒီဂရီ ရှိသော အုန်းလက်အမိုး (hip roof) တစ်မျိုးမျိုးရှိသော အဆောက်အအုံဖြစ်ခြင်း။

### ၃.၃.၄.၂။ ဒီဇိုင်းနည်းလမ်း (Design Procedure)

(၁)အခြေခံ လေတိုက်နှုန်း (V) ကို အပိုဒ်ခွဲ ၃.၃.၄.၄ နှင့်အညီ တွက်ချက်ရမည်။ လေကြောင်းသည် မည်သည့်ဘက်မှမဆို ရေပြင်ညီ တိုက်ခတ်သည်ဟု ယူဆ ရမည်။

(၂) အရေးပါကိန်း I (important factor) ကို အပိုဒ်ခွဲ ၃.၃.၄.၅ နှင့်အညီ တွက်ချက် ရမည်။

(၃)လေနှင့်ထိတွေ့မှု အမျိုးအစား (exposure category) ကို အပိုဒ်ခွဲ ၃.၃.၄.၆ နှင့်အညီ တွက်ချက်ရမည်။

(၄)အဆောက်အအုံအမြင့်နှင့်ထိတွေ့မှု exposure တို့ကို ချိန်ညှိသည့် မြှောက်ဖော် ကိန်း (λ) ကို ပုံ ၃.၃.၁ အရ တွက်ယူရမည်။

### ၃.၃.၄.၂.၁။ အဓိက လေဒဏ်ခုခံရေးစနစ် (Main Wind-Force Resisting System)

အထပ်နိမ့် ရိုးရှင်းသော ကြမ်းခင်းအဆောက်အအုံများ (Low-Rise Simple Diaphragm buildings) ၏ MWFRS များအတွက် လွယ်ကူသော ဒီဇိုင်းလေဖိအား (Simplified Design Wind Pressure) $p_s$ သည် ပုံ ၃.၃.၁ တွင် ဖော်ပြထားသည့်အတိုင်း အဆောက်အအုံ မျက်နှာပြင်၏ ရေပြင်ညီနှင့် ဒေါင်လိုက်အစွန်းထွက် (Horizontal and Vertical Projections) များပေါ် သက်ရောက်သော အတွင်းအပြင် အသားတင် ဖိအားများ (net pressures) ၏ ပေါင်းလဒ် (sum of internal and external) ဖြစ်သည်။ A, B, C, D ဇုန်များတွင် သက်ရောက်ရမည့် အလျားလိုက်ဖိအား (Horizontal Pressure) $p_s$ သည် လေညာနှင့် လေအောက်ဘက်မှ အသားတင်ဖိအား (Windward and Leeward Net Pressures) များကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အောက်ပါ ညီမျှခြင်းဖြင့် တွက်ချက်ရမည်။

$$p_s = (\lambda)(K_{zt})(I)(p_{s30}) \qquad Eq.\ (3.3.1)$$

ညီမျှခြင်း ၃.၃.၁ တွင်

$\lambda$ = ပုံ ၃.၃.၁ အရ အဆောက်အအုံမြင့်နှင့် exposure ကို ချိန်ညှိပေးသော မြှောက်ဖော်ကိန်း

$K_{zt}$ = ပျမ်းမျှအမိုးအမြင့် h အတွက် အပိုဒ်ခွဲ ၃.၃.၄.၇ ပါ မြေမျက်နှာပြင်ကိန်း (topographic factor)

I= အပိုဒ်ခွဲ ၃.၃.၂ ပါ အရေးပါကိန်း (importance factor)

$p_{s30}$ = ပုံ ၃.၃.၁ အရ exposure B နှင့် I = 1.0 အတွက် အမြင့်ပေ ၃၀ ၌ရှိသော လွယ်ကူသော ဒီဇိုင်းလေဖိအား (Simplified Design Wind Pressure)

#### ၃.၃.၄.၂.၁.၁။ အနည်းဆုံးလေဖိအားများ(minimum pressures)

အပိုဒ်ခွဲ ၃.၃.၄.၂.၁ အရ တွက်ချက်ထားသော ဒီဇိုင်းလေဖိအားများ (design wind pressure) ၏ ဝန်အားသက်ရောက်မှုများ (load effects) သည် A, B, C နှင့် D ဇုန်အားလုံးအတွက် +10 psf ဟု ယူဆ၍ E, F, G နှင့် H ဇုန်အားလုံးအတွက် 0 psf ဟု ယူဆပြီး အပိုဒ်ခွဲ ၃.၃.၁.၄.၁ အရ တွက်ချက်ထားသော အနည်းဆုံးဝန်အား (minimum load case) ထက်မနည်းစေရ။

**၃.၃.၄.၂.၂။ အဆောက်အအုံ အစိတ်အပိုင်းများနှင့် အကာအရံ (Components and Cladding)**

နည်းလမ်း ၁ (Method 1) ကိုသုံး၍ ဒီဇိုင်းပြုလုပ်ထားသော အဆောက်အအုံများ၏ အစိတ်အပိုင်းများနှင့် အကာအရံ (Components and Cladding) များအတွက် အသားတင် ဒီဇိုင်းလေဖိအား (Net Design Wind Pressures) $P_{net}$ သည် ပုံ ၃.၃.၂ တွင် ဖော်ပြထားသည့်အတိုင်း အဆောက်အအုံ၏မျက်နှာပြင်ပေါ်သို့ ထောင့်မှန်ကျ သက်ရောက်သည့် အတွင်းအပြင် အသားတင်ဖိအားများ (Net Pressures) ၏ ပေါင်းလဒ် (Sum of internal and external) ဖြစ်ပြီး ယင်းကို အောက်ဖော်ပြပါ ညီမျှခြင်းဖြင့် တွက်ချက်ရမည်။

$$P_{net} = (\lambda)\,(K_{zt})\,(I)\,(P_{net30}) \qquad \textit{Eq. (3.3.2)}$$

ညီမျှခြင်း ၃.၃.၂ တွင်

$\lambda$ = ပုံ ၃.၃.၂ အရ အဆောက်အအုံအမြင့် နှင့် exposure ချိန်ညှိပေးသော မြှောက်ဖော်ကိန်း

$K_{zt}$ = ပျမ်းမျှအမိုးအမြင့် h အတွက် အပိုဒ်ခွဲ ၃.၃.၄.၇ ပါ မြေမျက်နှာပြင်ကိန်း (topographic factor)

I = အပိုဒ်ခွဲ ၃.၃.၂ ပါ အရေးပါကိန်း (importance factor)

$p_{s30}$ = ပုံ ၃.၃.၁ အရ exposure B နှင့် I = 1.0 အတွက် အမြင့်ပေ ၃၀ ၌ ရှိသော လွယ်ကူသော ဒီဇိုင်းလေဖိအား (Simplified Design Wind Pressure)

**၃.၃.၄.၂.၂.၁။ အနည်းဆုံး လေဖိအား (Minimum Pressures)**

အပိုဒ်ခွဲ ၃.၃.၄.၂.၂ မှ လေတင်ဘက်ရှိ ဒီဇိုင်းလေဖိအားများ (Positive Design Wind Pressures) Pnet သည် +10 pst မနည်းစေရ။ ထို့အတူ ယင်းအပိုဒ်ခွဲမှ လေညာဘက်ရှိ ဒီဇိုင်းလေဖိအားများ (Negative Design Wind Pressures) -10 pst ထက် မနည်းစေရပါ။

**၃.၃.၄.၃။ လေစိမ့်နိုင်သော အကာအရံများ (Air Permeable Cladding)**

လေစိမ့်နိုင်သော အကာအရံပုံစံများကို စဉ်းစားရာတွင် ပိုနည်းသောဝန်ကို စဉ်းစားနိုင် ကြောင်း သက်သေပြနိုင်မည့် ခွင့်ပြုစမ်းသပ်ချက်များမှ အချက်အလက်များ (approved test data) သို့မဟုတ် အသိအမှတ်ပြု စာရွက်စာတမ်းများ (recognized lituratures) မရှိပါက လေစိမ့်နိုင်သော အကာအရံ (Air Permeable Cladding) အားလုံးအတွက် ပုံ ၃.၃.၂ အတိုင်း ဒီဇိုင်းလေတိုက်အား (Wind Load) ကို တွက်ချက်ရမည်။

### ၃.၃.၄.၄။ အခြေခံ လေတိုက်နှုန်း (Basic Wind Speed)

အပိုဒ်ခွဲ ၃.၃.၄.၄.၁ နှင့် အပိုဒ်ခွဲ ၃.၃.၄.၄.၂ ပါ အချက်များမှအပ အဆောက်အအုံများအပေါ် သက်ရောက်ရမည့် ဒီဇိုင်းလေတိုက်အားများ (Design Wind Loads) ကို တွက်ချက်ရာတွင် အခြေခံလေတိုက်နှုန်း (Basic Wind Speed) သည် ဇယား ၃.၃.၁ တွင် ပေးထားသည့် အတိုင်း ဖြစ်ရမည်။

#### ၃.၃.၄.၄.၁။ ထူးခြားသော လေတိုက်ဒေသများ (Special Wind Regions)

မှတ်တမ်းများ (records) သို့မဟုတ် အတွေ့အကြုံများ (experiences) အရ လေတိုက် နှုန်းသည် ဇယား ၃.၃.၁ တွင် ဖော်ပြထားသည့် လေတိုက်နှုန်းများထက် ပိုမိုကြောင်း ညွှန်ပြပါက အခြေခံလေတိုက်နှုန်း (Basic Wind Speed) ကို တိုးမြှင့်၍ သတ်မှတ် ရမည်။

တောင်ကုန်း တောင်တန်းကဲ့သို့ မြေမျက်နှာပြင် (Mountainous Terrain)၊ လျှိုမြောင် ချောက်များ (gorges)၊ နှင့် အထူးဒေသများ (Special Regions) တွင် ထူးခြားစွာ လေတိုက်နိုင်မှုအခြေအနေများအတွက် စစ်ဆေးစိစစ်ရမည်။

လိုအပ်ပါက ဒေသအလိုက် ပိုမိုမြင့်မားသော လေတိုက်နှုန်းများကို ဒီဇိုင်းတွင် ထည့်သွင်း စဉ်းစားနိုင်ရန် ဇယား ၃.၃.၁ တွင် ပေးထားသော တန်ဖိုးများကို အခွင့်အာဏာပိုင်အဖွဲ့များမှ ချိန်ညှိပေးနိုင်သည်။ ထိုသို့ ချိန်ညှိရာတွင် မိုးလေဝသ သတင်းအချက်အလက်များ (Meteorological Information) နှင့် အပိုဒ်ခွဲ ၃.၃.၄.၄.၂ တွင် ဖော်ပြထားသော ခန့်မှန်း အခြေခံလေတိုက်နှုန်း (Basic Wind Speed) များကို အခြေခံရမည်။

#### ၃.၃.၄.၄.၂။ ဒေသဆိုင်ရာ မိုးလေဝသ အချက်အလက်များမှ အခြေခံလေတိုက်နှုန်းကို ခန့်မှန်းခြင်း (Estimation of Basic Wind Speeds from Regional Climatic Data)

အောက်ဖော်ပြပါ အခြေအနေများကို ထည့်သွင်းစဉ်းစား၍ ဒေသဆိုင်ရာ မိုးလေဝသ အချက်အလက်များ (Regional Climate Data) ကို အသုံးပြုကာ ဇယား ၃.၃.၁ ပါ ခန့်မှန်း အခြေခံလေတိုက်နှုန်းများ (Basic Wind Speeds) တွင် အစားထိုး အသုံးပြုနိုင်သည်။ သို့သော် ဇယား ၃.၃.၁ မှ အခြေခံလေတိုက်နှုန်းထက် မလျော့နည်းစေရ။

(၁)အချက်အလက်များ ကောက်ယူရာတွင် ပုံမှန်တန်ဖိုးများ မဟုတ်ဘဲ အစွန်းရောက် တန်ဖိုးများအတွက် တန်ဖိုးများကို လျှော့ချရာတွင် အတည်ပြုစာရင်းအင်းနည်းလမ်း များ (Approved Extreme - Value Statistical-Analysis Procedures) ကို အသုံးပြုထား ခြင်းနှင့်

(၂) မှတ်တမ်းကာလ (Length of Record)၊ မှတ်တမ်းမှားယွင်းမှုများ (Sampling Error)၊ ပျမ်းမျှအချိန် (Averaging Time)၊ လေတိုက်နှုန်းပြကိရိယာ၏အမြင့် (Anemometer

Height)၊ မှတ်တမ်း၏ အရည်အသွေး (Data Quality)၊ နှင့် လေတိုက်နှုန်းပြကိရိယာ ထားရှိရာ မြေပြင်အနေအထား (Terrain Exposure of the Anemometer) စသည် တို့ကို ထည့်သွင်းစဉ်းစားထားရမည်။

အခြေခံလေတိုက်နှုန်း (Basic Wind Speed) ကို ဒေသဆိုင်ရာ မိုးလေဝသ အချက်အလက်များ (Regional Cimatic Data) မှ ခန့်မှန်းတွက်ချက်သည့်အခါ ယင်း လေတိုက်နှုန်းသည် နှစ် ၅၀ အတွင်း ပြန်လည်ဖြစ်နိုင်ချေ ၂% ကို အခြေခံသည့် လေတိုက်နှုန်းထက် မနည်းစေရမည့်အပြင် ခန့်မှန်းတန်ဖိုးသည်လည်း မြေပြင်အမျိုး အစား (exposure Category C) အတွက် မြေပြင်အထက် ၃၃ ပေ (၁၀ မီတာ) ရှိ 3-s လေပွေတိုက်နှုန်း (3-s Gust Wind Speed) နှင့် ညီမျှစေရန် ချိန်ညှိရမည်။

### ၃.၃.၄.၅။ အရေးပါကိန်း (Importance Factor)

အဆောက်အအုံအတွက် အရေးပါကိန်း (I) ကို ဇယား ၃.၁.၂ တွင် စာရင်းပြုစုထားသော အဆောက်အအုံအမျိုးအစား (Building Categories) အပေါ်အခြေခံ၍ ဇယား ၃.၃.၂ တွင် တွက်ယူရမည်။

### ၃.၃.၄.၆။ ထိတွေ့မှု အခြေအနေ (Exposure)

စဉ်းစားသည့်လေလမ်းကြောင်း (Wind Direction) တစ်ခုချင်းစီအတွက် လေဆန် ထိတွေ့မှု အခြေအနေအမျိုးအစား (Upwind Exposure Category) သည် သဘာဝ မြေမျက်နှာသွင်ပြင် (natural topography)၊ သစ်ပင်များ (Vegetation) နှင့် တည်ဆောက်ပြီး အဆောက်အအုံများ (constructed facilities) ၏ သက်ရောက်မှုများမှ တွက်ယူထားသည့် မြေမျက်နှာသွင်ပြင် ကြမ်းတမ်းမှု (Ground Surface Roughness) ပေါ်တွင် အခြေခံရမည်။

#### ၃.၃.၄.၆.၁။ လေလမ်းကြောင်းများနှင့် လေတိုက်ရပ်ဝန်းများ (Wind Directions and Sectors)

လေဝန်အားများ (Wind Loads) ကို တွက်ချက်ရန် ရွေးချယ်ထားသည့် လေလမ်းကြောင်းတစ်ခုစီအတွက် အဆောက်အဦ သို့မဟုတ် အဆောက်အအုံ၏ ထိတွေ့မှု အခြေအနေ (exposure) ကို တွက်ချက်ရာတွင် လေလမ်းကြောင်း၏ လေဆန်ဘက်သို့ တစ်ဖက် ၄၅ ဒီဂရီစီ ဆန့်ထုတ်ထားသော စက်ဝိုင်းစိတ်နှစ်ခုစာရပ်ဝန်းကို ထည့်သွင်းစဉ်းစားရမည်။ ယင်းရပ်ဝန်း ထဲတွင်ရှိနေမည့် ထိတွေ့မှုအခြေအနေ (exposures) များကို အပိုဒ်ခွဲ ၃.၃.၄.၆.၂ နှင့် ၃.၃.၄.၆.၃ အရ တွက်ချက်ပြီး အထက်ပါ လေလမ်းကြောင်းအတွက် အများဆုံးလေဝန်အား (Highest Wind loads) ကို ဖြစ်စေသော ထိတွေ့မှုဖြင့် တွက်ချက်ရမည်။

**၃.၃.၄.၆.၂။ မျက်နှာပြင်ကြမ်းတမ်းမှု အမျိုးအစားများ (Surface Roughness Categories)**

အပိုဒ်ခွဲ ၃.၃.၄.၆.၃ ပါ ထိတွေ့မှု အခြေအနေအမျိုးအစား (Exposure Category) ကို လေညှာဘက် ၄၅ ဒီဂရီ စက်ဝိုင်းစိတ်ရပ်ဝန်းအတွင်းရှိ မြေမျက်နှာပြင်ကြမ်းတမ်းမှု (Ground Surface Roughness) တစ်ခုစီအတွက် အောက်ပါသတ်မှတ်ချက်များကို အခြေခံ၍ ရှာဖွေရမည်။

**Surface Roughness B**: မြို့ပြနှင့် ဆင်ခြေဖုံးဒေသများ၊ သစ်တောများ သို့မဟုတ် လုံးချင်း အိမ်များ သို့မဟုတ် ထို့ထက်ကြီးသောအရာများ နီးကပ်စွာရှိနေသော မြေပြင်အနေအထား။

**Surface Roughness C**: ပေ ၃၀ (၉.၁ မီတာ) အောက် အမြင့်ရှိသော အရာများ ခပ်ကျဲကျဲ ရှိနေသော ဟင်းလင်းပွင့် မြေပြင်အနေအထား။

**Surface Roughness D**: မြေပြန့်၊ အတားအဆီးမဲ့ ဒေသများနှင့် ရေပြင်များ။ ဤအမျိုးအစားတွင် ရွှံ့လွင်ပြင်များနှင့် ဆားကွင်းများပါဝင်သည်။

**၃.၃.၄.၆.၃။ ထိတွေ့မှု အခြေအနေ အမျိုးအစားများ (Exposure Categories)**

**Exposure B:** လေတင်ဘက် အနည်းဆုံး ပေ ၂၆၀၀ (၇၉၂ မီတာ) သို့မဟုတ် အဆောက် အအုံအမြင့်၏ အဆ ၂၀ အကွာအဝေးတို့မှ ပိုဝေးသော အကွာအဝေးအတွင်း မြေမျက်နှာ ပြင်ကြမ်းတမ်းမှု အမျိုးအစား B သတ်မှတ်ထားသော မြေမျက်နှာပြင် ကြမ်းတမ်းမှုမျိုး တွင် ထိတွေ့မှု အခြေအနေ Exposure B ကို အသုံးပြုရမည်။

**ခြွင်းချက် (Exception) :** ပျမ်းမျှ အမိုးအမြင့် (Mean Roof Height) ပေ ၃၀ ထက် မပိုသော အဆောက်အအုံများအတွက် လေတင်ဘက် အကွာအဝေးကို ပေ ၁၅၀၀ (၄၅၇ မီတာ) အထိ လျှော့ချနိုင်သည်။

**Exposure C :** Exposure B သို့မဟုတ် D အသုံးမပြုနိုင်သည့် အခြေအနေ အားလုံးအတွက် Exposure C ကို အသုံးပြုရမည်။

**Exposure D :** လေတင်ဘက် အနည်းဆုံး ပေ ၅၀၀၀ (၁၅၂၄ မီတာ) သို့မဟုတ် အဆောက်အအုံအမြင့်၏ အဆ ၂၀ တို့မှ ပိုဝေးသော အကွာအဝေးအတွင်း မြေမျက်နှာပြင် ကြမ်းတမ်းမှု အမျိုးအစား D သတ်မှတ်ထားသော မြေမျက်နှာပြင် ကြမ်းတမ်းမှုမျိုးတွင် ထိတွေ့မှု အခြေအနေ Exposure D ကို အသုံးပြုရမည်။ Exposure D ကို မြေမျက်နှာပြင် ကြမ်းတမ်းမှု B သို့မဟုတ် C ၏ လေညှာဘက် ပေ ၆၀၀ (၂၀၀ မီတာ) သို့မဟုတ် အဆောက်အအုံအမြင့်၏ အဆ ၂၀ တို့မှ ပိုဝေးသော အကွာအဝေးအထိ တိုးယူရမည်။

တည်နေရာတစ်ခုသည် ထိတွေ့မှု ပုံစံနှစ်မျိုးအကြား (Exposure Categories) ကူးပြောင်းဇုန်တွင် တည်ရှိနေပါက အများဆုံးလေတိုက်အား (Wind Forces) များကို ဖြစ်စေမည့် အမျိုးအစားကို အသုံးပြုရမည်။

**ခြွင်းချက် (Exception) :** အသိအမှတ်ပြုစာရွက်စာတမ်းများဖြင့် ဆီလျော်စွာ တွက်ချက်တင်ပြလာပါက ကူးပြောင်းဇုန်အတွက် အထက်ဖော်ပြပါ အမျိုးအစားများထဲမှ အလယ်အလတ်ထိတွေ့မှု အခြေအနေကို အသုံးပြုနိုင်သည်။

### ၃.၃.၄.၇။ မြေမျက်နှာသွင်ပြင် အကျိုးများ (Topographic Effects)

#### ၃.၃.၄.၇.၁။ တောင်ကုန်းများ၊ တောင်ကြောများနှင့် တောင်စောင်းများကြောင့် လေတိုက်နှုန်း မြင့်တက်သွားခြင်း (Wind Speed-Up Over Hills, Ridges, and Escarpments)

အဆောက်အအုံများနှင့် အခြားတည်နေရာ အခြေအနေများသည် အောက်ဖော်ပြပါ အခြေအနေများအားလုံးနှင့် ကိုက်ညီမှုရှိပါက ယေဘုယျမြေမျက်နှာပြင် ရုတ်ခြည်း ပြောင်းလဲသွားသော တောင်ကုန်းများ၊ တောင်ကြောများနှင့် တောင်စောင်းများ၌ ဖြစ်ပေါ်တတ်သော လေတိုက်နှုန်းမြင့်တက်သွားမှု၏ အကျိုးကို မည်သည့် ထိတွေ့မှု အမျိုးအစားအတွက်မဆို ဒီဇိုင်းတွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားရမည်။

(၁) တောင်ကုန်း၊ တောင်ကြော သို့မဟုတ် တောင်စောင်းများရှိနေသည့် မြေမျက်နှာသွင်ပြင် အမြင့်၏ အဆ ၁၀၀ (100H) သို့မဟုတ် ၂ မိုင် (၃.၂၂ ကီလိုမီတာ) တို့မှ ပိုနည်းသော အကွာအဝေးအတွင်း အခြားအလားတူအမြင့်ရှိ မြေမျက်နှာသွင်ပြင်များ အတားအဆီး များ ရှိမနေခြင်း။ ယင်းအကွာအဝေးသည် တောင်ကုန်း၊ တောင်ကြော သို့မဟုတ် တောင်စောင်း၏ အမြင့်ကို ဆုံးဖြတ်သည့် နေရာမှ ရေပြင်ညီအကွာအဝေး ဖြစ်သည်။

(၂) မည်သည့် စက်ဝိုင်းစိတ်ရပ်ဝန်း အတွင်းတွင်မဆို ၂ မိုင် (၃.၂၂ ကီလိုမီတာ) အချင်းဝက် အတွင်း၌ တောင်ကုန်း၊ တောင်ကြော သို့မဟုတ် တောင်စောင်းများသည် လေညာရှိ မြေမျက်နှာသွင်ပြင်၏ အမြင့်အထက်သို့ ၂ ဆ သို့မဟုတ် ၂ ဆ ထက်ပို၍ ငေါ်ထွက် နေခြင်း။

(၃) ပုံ ၃.၃.၃ တွင် ပြထားသည့်အတိုင်း အဆောက်အအုံသည် တောင်ကုန်း သို့မဟုတ် တောင်ကြော၏ အပေါ်တစ်ဝက်တွင် သို့မဟုတ် တောင်စောင်းတစ်ခု၏ အထွဋ်၌ အနီးတွင် ရှိနေခြင်း။

(၄) $H/L_h \geq 0.2$

(၅) H သည် Exposure C နှင့် D အတွက် ၁၅ ပေ (၄.၅ မီတာ) ထက်မနိမ့်သော အခြေအနေ၊ Exposure B အတွက် ပေ ၆၀ ရှိသော အခြေအနေ။

### ၃.၃.၄.၇.၂။ မြေမျက်နှာသွင်ပြင် ညွှန်းကိန်း (Topographic Factor)

လေတိုက်နှုန်းမြင့်တက်မှု၏ အကျိုးညွှန်းကိန်း $K_{zt}$ ကို ဒီဇိုင်းလေဝန်အားများ (Design Wind Loads) တွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားရမည်။

$K_{zt} = (1+K_1K_2K_3)^2$ *Eq. (3.3.3)*

ညီမျှခြင်း ၃.၃.၃ ၏ K 1, K2 နှင့် K3 ကို ပုံ ၃.၃.၃ တွင် ပေးထားပါသည်။

တည်နေရာအခြေအနေများနှင့် အဆောက်အအုံ တည်နေရာသည် အပိုဒ်ခွဲ ၃.၃.၄.၇.၁ ပါ အခြေအနေအားလုံးနှင့် ကိုက်ညီမှု မရှိပါက $K_{zt}$ = 1.0 ဟု ယူရမည်။

| Main Wind Force Resisting System — Method 1 | | h ≤ 60 ft. |
|---|---|---|
| Figure 3.3.1 (cont'd) | Design Wind Pressure | Walls & Roofs |
| Enclosed Buildings | | |



**Notes:**

1. Pressures shown are applied to the horizontal and vertical projections, for exposure B, at h=30 ft (9.1 m), I = 1.0, and $K_{zt}$ = 1.0. Adjust to other condition using Equation 3.3.1.
2. The load patterns shown shall be applied to each corner of the building in turn as the reference corner
3. For the design of the longitudinal MWFRS use θ= 0°, and locate the zone E/F, G/H boundary at the mid-length of the building.
4. Load cases 1 and 2 must be checked for 25° < θ ≤ 45°. Load case 2 at 25° is provided only for interpolation between 25° to 30°.
5. Plus and minus signs signify pressures acting toward and away from the projected surfaces, respectively.
6. For roof slopes other than those shown, linear interpolation is permitted.
7. The total horizontal load shall not be less than that determined by assuming $p_s$ = 0 in zones B & D.
8. The zone pressures represent the following:
9. Horizontal pressure zones - Sum of the windward and leeward net (sun of internal and external) pressures on vertical projection of:
   a. A - End zone of wall C - Interior zone of wall
   b. B - End zone of roof D - Interior zone of roof
10. Vertical pressure zones - Net (sum of internal and external) pressures on horizontal projection of:
    a. E - End zone of windward roof G - Interior zone of windward roof
    b. F - End zone of leeward roof H - Interior zone of leeward roof
11. Where zone E or G falls on a roof overhang on the windward side of the building, use $E_{OH}$ and $G_{OH}$ for the pressure on the horizontal projection of the overhang. Overhangs on the leeward and side edges shall have the basic zone pressure applied.
12. Notation:
13. a: 10 percent of least horizontal dimension or 0.4h, whichever is smaller, but not less than either 4 % of least horizontal dimension or 3 ft (0.9 m)
14. h: mean roof height, in feet (meters), except that eave height shall be used for roof angles < 10°.
15. θ: angle of plane of roof from horizontal, in degrees.

| **Main Wind Force Resisting System — Method 1** | | **h ≤ 60 ft.** |
|---|---|---|
| **Figure 3.3.1 (cont'd)** | **Design Wind Pressure** | **Walls & Roofs** |
| **Enclosed Buildings** | | |

**Simplified Design Wind Pressure, $p_{S30}$ (psf)** ***(Exposure B at h = 30 ft., $K_{21}$ = 1.0, with I = 1.0)***

| **Basic Wind Speed (mph** | **Roof Angle (deg)** | **Load Case** | **Zones** | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | **Horizontal Pressures** | | | | **Vertical Pressures** | | | | **Overhangs** | |
| | | | **A** | **B** | **C** | **D** | **E** | **F** | **G** | **H** | **$E_{OH}$** | **$G_{OH}$** |
| **85** | **0 to 5˚** | 1 | 11.5 | -5.9 | 7.6 | -3.5 | -13.8 | -7.8 | -9.6 | -6.1 | -19.3 | -15.1 |
| | **10˚** | 1 | 12.9 | -5.4 | 8.6 | -3.1 | -13.8 | -8.4 | -9.6 | -6.5 | -19.3 | -15.1 |
| | **15˚** | 1 | 14.4 | -4.8 | 9.6 | -2.7 | -13.8 | -9.0 | -9.6 | -6.9 | -19.3 | -15.1 |
| | **20˚** | 1 | 15.9 | -4.2 | 10.6 | -2.3 | -13.8 | -9.6 | -9.6 | -7.3 | -19.3 | -15.1 |
| | **25˚** | 1 | 14.4 | 2.3 | 10.4 | 2.4 | -6.4 | -8.7 | -4.6 | -7 | -11.9 | -10.1 |
| | | 2 | ------ | ------ | ------ | ------ | -2.4 | -4.7 | -0.7 | -3 | ------ | ------ |
| | **30˚ to 45˚** | 1 | 12.9 | 8.8 | 10.2 | 7.0 | 1.0 | -7.8 | 0.3 | -6.7 | -4.5 | -5.2 |
| | | 2 | 12.9 | 8.8 | 10.2 | 7.0 | 5.0 | -3.9 | 4.3 | -2.8 | -4.5 | -5.2 |
| **90** | **0 to 5˚** | 1 | 12.8 | -6.7 | 8.5 | -4.0 | -15.4 | -8.8 | -10.7 | -6.8 | -21.6 | -16.9 |
| | **10˚** | 1 | 14.5 | -6.0 | 9.6 | -3.5 | -15.4 | -9.4 | -10.7 | -7.2 | -21.6 | -16.9 |
| | **15˚** | 1 | 16.1 | -5.4 | 10.7 | -3.0 | -15.4 | -10.1 | -10.7 | -7.7 | -21.6 | -16.9 |
| | **20˚** | 1 | 17.8 | -4.7 | 11.9 | -2.6 | -15.4 | -10.7 | -10.7 | -8.1 | -21.6 | -16.9 |
| | **25˚** | 1 | 16.1 | 2.6 | 11.7 | 2.7 | -7.2 | -9.8 | -5.2 | -7.8 | -13.3 | -11.4 |
| | | 2 | ------ | ------ | ------ | ------ | -2.7 | -5.3 | -0.7 | -3.4 | ------ | ------ |
| | **30˚ to 45˚** | 1 | 14.4 | 9.9 | 11.5 | 7.9 | 1.1 | -8.8 | 0.4 | -7.5 | -5.1 | -5.8 |
| | | 2 | 14.4 | 9.9 | 11.5 | 7.9 | 5.6 | -4.3 | 4.8 | -3.1 | -5.1 | -5.8 |
| **100** | **0 to 5˚** | 1 | 15.9 | -8.2 | 10.5 | -4.9 | -19.1 | -10.8 | -13.3 | -8.4 | -26.7 | -20.9 |
| | **10˚** | 1 | 17.9 | -7.4 | 11.9 | -4.3 | -19.1 | -11.6 | -13.3 | -8.9 | -26.7 | -20.9 |
| | **15˚** | 1 | 19.9 | -6.6 | 13.3 | -3.8 | -19.1 | -12.4 | -13.3 | -9.5 | -26.7 | -20.9 |
| | **20˚** | 1 | 22.0 | -5.8 | 14.6 | -3.2 | -19.1 | -13.3 | -13.3 | -10.1 | -26.7 | -20.9 |
| | **25˚** | 1 | 19.9 | 3.2 | 14.4 | 3.3 | -8.8 | -12 | -6.4 | -9.7 | -16.5 | -14 |
| | | 2 | ------ | ------ | ------ | ------ | -3.4 | -6.6 | -0.9 | -4.2 | ------ | ------ |
| | **30˚ to 45˚** | 1 | 17.8 | 12.2 | 14.2 | 9.8 | 1.4 | -10.8 | 0.5 | -9.3 | -6.3 | -7.2 |
| | | 2 | 17.8 | 12.2 | 14.2 | 9.8 | 6.9 | -5.3 | 5.9 | -3.8 | -6.3 | -7.2 |
| **105** | **0 to 5˚** | 1 | 17.5 | -9.0 | 11.6 | -5.4 | -21.1 | -11.9 | -14.7 | -9.3 | -29.4 | -23 |
| | **10˚** | 1 | 19.7 | -8.2 | 13.1 | -4.7 | -21.1 | -12.8 | -14.7 | -9.8 | -29.4 | -23 |
| | **15˚** | 1 | 21.9 | -7.3 | 14.7 | -4.2 | -21.1 | -13.7 | -14.7 | -10.5 | -29.4 | -23 |
| | **20˚** | 1 | 24.3 | -8.4 | 16.1 | -3.5 | -21.1 | -14.7 | -14.7 | -11.1 | -29.4 | -23 |
| | **25˚** | 1 | 21.9 | 3.5 | 15.9 | 3.5 | -9.7 | -13.2 | -7.1 | -10.7 | -18.2 | -15.4 |
| | | 2 | ------ | ------ | ------ | ------ | -3.7 | -7.3 | -1.0 | -4.6 | ------ | ------ |
| | **30˚ to 45˚** | 1 | 19.6 | 13.5 | 15.7 | 10.8 | 1.5 | -11.9 | 0.6 | -10.3 | -6.9 | -7.9 |
| | | 2 | 19.6 | 13.5 | 15.7 | 10.8 | 7.6 | -5.8 | 6.5 | -4.2 | -6.9 | -7.9 |
| **110** | **0 to 5˚** | 1 | 19.2 | -10.0 | 12.7 | -5.9 | -23.1 | -13.1 | -16.0 | -10.1 | -32.3 | -25.3 |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | **10˚** | 1 | 21.6 | -9.0 | 14.4 | -5.2 | -23.1 | -14.1 | -16.0 | -10.8 | -32.3 | -25.3 |
| | **15˚** | 1 | 24.1 | -8.0 | 16.0 | -4.6 | -23.1 | -15.1 | -16.0 | -11.5 | -32.3 | -25.3 |
| | **20˚** | 1 | 26.6 | -7.0 | 17.7 | -3.9 | -23.1 | -16.0 | -16.0 | -12.2 | -32.3 | -25.3 |
| | **25˚** | 1 | 24.1 | 3.9 | 17.4 | 4.0 | -10.7 | -14.6 | -7.7 | -11.7 | -19.9 | -17.0 |
| | | 2 | ------ | ------ | ------ | ------ | -4.1 | -7.9 | -1.1 | -5.1 | ------ | ------ |
| | **30˚ to 45˚** | 1 | 21.6 | 14.8 | 17.2 | 11.8 | 1.7 | -13.1 | 0.6 | -11.3 | -7.6 | -8.7 |
| | | 2 | 21.6 | 14.8 | 17.2 | 11.8 | 8.3 | -6.5 | 7.2 | -4.6 | -7.6 | -8.7 |
| **120** | **0 to 5˚** | 1 | 22.8 | -11.9 | 15.1 | -7.0 | -27.4 | -15.6 | -19.1 | -12.1 | -38.4 | -30.1 |
| | **10˚** | 1 | 25.8 | -10.7 | 17.1 | -6.2 | -27.4 | -16.8 | -19.1 | -12.9 | -38.4 | -30.1 |
| | **15˚** | 1 | 28.7 | -9.5 | 19.1 | -5.4 | -27.4 | -17.9 | -19.1 | -13.7 | -38.4 | -30.1 |
| | **20˚** | 1 | 31.6 | -8.3 | 21.1 | -4.6 | -27.4 | -19.1 | -19.1 | -14.5 | -38.4 | -30.1 |
| | **25˚** | 1 | 28.6 | 4.6 | 20.7 | 4.7 | -12.7 | -17.3 | -9.2 | -13.9 | -23.7 | -20.2 |
| | | 2 | ------ | ------ | ------ | ------ | -4.8 | -9.4 | -1.3 | -6.0 | ------ | ------ |
| | **30˚ to 45˚** | 1 | 25.7 | 17.6 | 20.4 | 14.0 | 2.0 | -15.6 | 0.7 | -13.4 | -9.0 | -10.3 |
| | | 2 | 25.7 | 17.6 | 20.4 | 14.0 | 9.9 | -7.7 | 8.6 | -5.5 | -9.0 | -10.3 |

| Main Wind Force Resisting System — Method 1 | | | | | | | | | | | | h ≤ 60 ft. |
| H1b | Extreme Torsional Irregularity | The maximum storey drift computed including accidental torsion, at one end of the structure transverse to an axis is more than 1.4 times the average of the storey drifts at the two ends of the structure. Extreme torsional irregularity requirements in the reference sections apply only to structures in which the diaphragms are rigid or semirigid. | | | | ✗ | ✗ | Not Permit | 3.4.3.3.1 |
| | | | | | ✓ | | | Force Increase | 3.4.3.3.4 |
| | | | | | ✓ | | | Analysis Limit | 3.4.6, Table 3.4.12 |
| | | | ✓ | ✓ | ✓ | | | 3D Model | 3.4.7.3, ASCE7-05 16.2.2 |
| | | | | ✓ | ✓ | | | Torsion Limit | 3.4.8.4.3 |
| | | | | ✓ | ✓ | | | Drift Limit | 3.4.12.1 |
| H2 | Reentrant Corner | Both plan projections of the structure beyond a reentrant corner are greater than 15% of the plan dimension of the structure in the given direction. | | | ✓ | ✓ | ✓ | Force Increase | 3.4.3.3.4 |
| | | | | | ✓ | ✓ | ✓ | Drift Limit | 3.4.12.1 |
| H3 | Diaphragm Discontinuity | There are diaphragms with abrupt discontinuities or variations in stiffness, including those having cutout or open areas greater than 50% of the gross enclosed diaphragm area, or changes in effective diaphragm stiffness of more than 50% from one storey to the next. | | | ✓ | ✓ | ✓ | Force Increase | 3.4.3.3.4 |
| | | | | | ✓ | ✓ | ✓ | Drift Limit | 3.4.12.1 |
| H4 | Out-of-Plane Offsets | There are discontinuities in a lateral force-resistance path, such as out-of-plane offsets of the vertical elements. | ✓ | ✓ | ✓ | ✓ | ✓ | Discontinuity | 3.4.3.3.3 |
| | | | | | ✓ | ✓ | ✓ | Force Increase | 3.4.3.3.4 |
| | | | | | ✓ | ✓ | ✓ | Analysis Limit | 3.4.6, Table 3.4.12 |
| | | | ✓ | ✓ | ✓ | ✓ | ✓ | 3D Model | 3.4.7.3, ASCE7-05 16.2.2 |
| H5 | Nonparallel System | The vertical lateral force-resisting elements are not parallel to or symmetric about the major orthogonal axes of the seismic force–resisting system. | | ✓ | ✓ | ✓ | ✓ | Directional | 3.4.5.3 |
| | | | | | ✓ | ✓ | ✓ | Analysis Limit | 3.4.6, Table 3.4.12 |
| | | | ✓ | ✓ | ✓ | ✓ | ✓ | 3D Model | 3.4.7.3, ASCE7-05 16.2.2 |

✓ = Need to be checked

✗ = Not allowed

### 3.4.3.2.2 Vertical Irregularity

Structures having one or more of the irregularity types listed in Table 3.4.10 shall be designated as having vertical irregularity. Such structures assigned to the Seismic Design Categories listed in Table 3.4.10 shall comply with the requirements in the sections referenced in that table.

**TABLE 3.4.10 VERTICAL STRUCTURAL IRREGULARITIES**

| Item | Type | Description | SDC | | | | | Issue | Reference |
|---|---|---|---|---|---|---|---|---|---|
| | | | B | C | D | E | F | | |
| V1a | Soft Story (Stiffness) | A storey in which the lateral stiffness is less than 70% of that in the storey above or less than 80% of the average stiffness of the three storeys above. | | | ✓ | ✓ | ✓ | Analysis Limit | 3.4.6, Table 3.4.12 |
| V1b | Extreme Soft Story (Stiffness) | A storey in which the lateral stiffness is less than 60% of that in the storey above or less than 70% of the average stiffness of the three storeys above. | | | | ✗ | ✗ | Not Permit | 3.4.3.3.1 |
| | | | | | ✓ | | | Analysis Limit | 3.4.6, Table 3.4.12 |
| V2 | Weight Irregularity | The effective mass of any storey is more than 150% of the effective mass of an adjacent storey. A roof that is lighter than the floor below need not be considered. | | | ✓ | ✓ | ✓ | Analysis Limit | 3.4.6, Table 3.4.12 |
| V3 | Vertical Geometry | The horizontal dimension of the seismic force–resisting system in any storey is more than 130% of that in an adjacent storey. | | | ✓ | ✓ | ✓ | Analysis Limit | 3.4.6, Table 3.4.12 |
| V4 | In-plane Discontinuity | An in-plane offset of the lateral force-resisting elements is greater than the length of those elements or there exists a reduction in stiffness of the resisting element in the storey below. | ✓ | ✓ | ✓ | ✓ | ✓ | Discontinuity | 3.4.3.3.3 |
| | | | | | | ✓ | ✓ | Force Increase | 3.4.3.3.4 |
| | | | | | ✓ | ✓ | ✓ | Analysis Limit | 3.4.6, Table 3.4.12 |
| V5a | Weak Story (Strength) | The storey lateral strength is less than 80% of that in the storey above. The storey lateral strength is the total lateral strength of all seismic-resisting elements sharing the storey shear for the direction under consideration. | | | | ✗ | ✗ | Not Permit | 3.4.3.3.1 |
| | | | | | ✓ | | | Analysis Limit | 3.4.6, Table 3.4.12 |
| V5b | Extreme Weak Story (Strength) | The storey lateral strength is less than 65% of that in the storey above. The storey strength is the total strength of all seismic-resisting elements sharing the storey shear for the direction under consideration. | | | | | | Not Permit | 3.4.3.3.1 |
| | | | ✓ | ✓ | ✗ | ✗ | ✗ | Height Limit | 3.4.3.3.2 |
| | | | | | | | | Analysis Limit | 3.4.6, Table 3.4.12 |

✓ = Need to be checked

✗ = Not allowed

**EXCEPTIONS:**

1. Vertical structural irregularities of Types V1a, V1b, or V2 in Table 3.4.10 do not apply where no storey drift ratio under design lateral seismic force is greater than 130 percent of the storey drift ratio of the next storey above. Torsional effects need not be considered in the calculation of storey drifts. The storey drift ratio relationship for the top two storeys of the structure are not required to be evaluated.
2. Irregularities of Types V1a, V1b, and V2 in Table 3.4.10 are not required to be considered for one-storey buildings in any Seismic Design Category or for two-storey buildings assigned to Seismic Design Categories B, C, or D.

### ၃.၄.၃.၃။ အဆောက်အအုံဖွဲ့စည်းပုံ အချိုးအစား မညီညွတ်ခြင်းအတွက် ကန့်သတ်ချက်များနှင့် အခြားလိုအပ်ချက်များ (Limitations and Additional Requirements for Systems with Special Irregularities)

#### ၃.၄.၃.၃.၁။ အလျားလိုက်နှင့် ဒေါင်လိုက် ပုံသဏ္ဍာန်မညီညွတ်ခြင်းရှိသော ငလျင်ဒီဇိုင်း အမျိုးအစား SDC D, E, F တို့အတွက် ကန့်သတ်ချက်များ

ငလျင်ဒီဇိုင်းအမျိုးအစား SDC E, F တို့အတွက် အလျားလိုက်ပုံသဏ္ဍာန် မညီညွတ်ခြင်း H1b ရှိသော သို့မဟုတ် ဒေါင်လိုက်ပုံသဏ္ဍာန်မညီညွတ်ခြင်း V1b, V5a, V5b ရှိသော အဆောက်အအုံများကို တည်ဆောက်ခွင့်မပြုပါ။ ငလျင်ဒီဇိုင်း အမျိုးအစား SDC D တွင် ဒေါင်လိုက် ပုံသဏ္ဍာန်မညီညွတ်ခြင်း V5b ရှိသော အဆောက်အအုံများကို တည်ဆောက်ခွင့်မပြုပါ။

#### ၃.၄.၃.၃.၂။ ခံနိုင်အား အလွန်နည်းပါးသော အထပ်များ (Extreme Weak Storeys)

ဒေါင်လိုက်ပုံသဏ္ဍာန်မညီညွတ်ခြင်း V5b ရှိသော အဆောက်အအုံများကို နှစ်ထပ်ထက်ပို၍ သို့မဟုတ် ပေ ၃၀ (9 m) ထက်မြင့်၍ တည်ဆောက်ခွင့်မပြုပါ။

ခြွင်းချက် - အားနည်းသောအထပ်တွင် အပိုဒ်ခွဲ ၃.၄.၂.၉ ပါအတိုင်း ဒီဇိုင်းငလျင်ဝန်ကို အားလွန်ကိန်း $\Omega_0$ ဖြင့် အဆပွားကာ ငလျင်ဝန်စုစုပေါင်းအတွက် ခံနိုင်စေရန် တွက်ချက်ထားပါက ဤကန့်သတ်ချက် မလိုအပ်ပါ။

#### ၃.၄.၃.၃.၃။ တစ်ဆက်တည်းမရှိသောနံရံနှင့် ဘောင်များကို ထောက်မထားသော အစိတ်အပိုင်း များ (Elements Supporting Discontinuous Walls or Frames)

အလျားလိုက် ပုံသဏ္ဍာန်မညီညွတ်ခြင်း H4 သို့မဟုတ် ဒေါင်လိုက်ပုံသဏ္ဍာန် မညီညွတ်ခြင်း V4 များရှိနေသော တစ်ဆက်တည်းမရှိသည့် နံရံနှင့်ဘောင်များကို ထောက်မထားသောတိုင်၊ ရက်မ၊ ဒိုင်း သို့မဟုတ် ကြမ်းခင်းတို့သည် အပိုဒ်ခွဲ ၃.၄.၄.၃.၂ မှ ခံနိုင်အား လွန်ကိန်း $\Omega_0$ (Over strength factor) ပါရှိသော ဝန်တွဲများဖြင့်တွက်ချက်ရရှိသော အဆောက်အဦအစိတ်အပိုင်းများ၏ ဝန်ရိုးတစ်လျှောက် သက်ရောက်သော အများဆုံးအား (Maximum Axial Force) ကို ခံနိုင်စေရမည်။ အဆိုပါ တစ်ဆက်တည်းမရှိသော အစိတ်အပိုင်းများနှင့် အောက်မှထောက်မထားသော အစိတ်အပိုင်းများကို ဆက်သွယ်ထားသော အဆက်များသည် တစ်ဆက်တည်း မရှိသော အစိတ်အပိုင်းများရှိ ဝန်အားများကို လွှဲပြောင်းနိုင်စေရန်အတွက် လုံလောက်မှုရှိစေရမည်။

### ၃.၄.၃.၃.၄။ ငလျင်ဒီဇိုင်းအမျိုးအစား SDC D, E, F တို့တွင် ပုံသဏ္ဍာန် မညီညွတ်ခြင်းများအတွက် ဝန်အားတိုးမြှင့်ခြင်း

ငလျင်ဒီဇိုင်း အမျိုးအစား SDC D, E, F တို့တွင် အလျားလိုက်ပုံသဏ္ဍာန် မညီညွတ်ခြင်း H1a, H1b, H2, H3 နှင့် ဒေါင်လိုက် ပုံသဏ္ဍာန်မညီညွတ်ခြင်း V4 များ ရှိနေသောအခါ ကြမ်းခင်းနှင့် ဒေါင်လိုက်အစိတ်အပိုင်းများ၏ အဆက်များနှင့် လက်ခံရက်မ (Collectors) များနှင့် ဒေါင်လိုက် အစိတ်အပိုင်းများ၏ အဆက်များတို့တွင် အပိုဒ်ခွဲ ၃.၄.၈.၁ အရ တွက်ချက်ရရှိသော ဒီဇိုင်းဝန်အား (Design Forces) ကို 25% တိုးမြှင့်ပေးရမည်။ အပိုဒ်ခွဲ ၃.၄.၄.၃.၂ ပါ အားလွန်ကိန်းပါရှိသော ဝန်တွဲများကိုအသုံးပြု၍ အပိုဒ်ခွဲ ၃.၄.၁၀.၂.၁ နှင့်အညီ ဒီဇိုင်းပြုလုပ်ထားခြင်း မဟုတ်ပါက လက်ခံရက်မ (Collectors) များနှင့် ယင်း၏အဆက်များကို ဒီဇိုင်းပြုလုပ်ရာတွင်လည်း အထက်ပါ အတိုင်း ဝန်အားတိုးမြှင့်ပေးရမည်။

### ၃.၄.၃.၄။ မျှဝေနိုင်မှု (Redundancy)$\rho$

အဆောက်အအုံအားလုံး၏ ထောင့်မှန်ကျလားရာ တစ်ခုချင်းစီရှိ ငလျင်အားခံ စနစ်များအတွက် မျှဝေနိုင်မှုကိန်း $\rho$ ၏ တန်ဖိုးကို ဤအပိုင်းတွင် ပါဝင်သည့်အတိုင်း သတ်မှတ်ပေးရမည်။

#### ၃.၄.၃.၄.၁။ မျှဝေနိုင်မှုကိန်း $\rho$ တန်ဖိုး ၁ ဖြစ်စေသောအခြေအနေများ (Conditions where Values of $\rho$ is 1)

အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် $\rho$ တန်ဖိုးကို ၁ အဖြစ်ယူဆနိုင်သည်။

(၁) ငလျင်ဒီဇိုင်း အမျိုးအစား SDC B သို့မဟုတ် C ဖြစ်ခြင်း။

(၂) အထပ်ရွေ့ Drift ကိုတွက်ချက်ခြင်း။

(၃) အဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများ မဟုတ်ခြင်း။

(၄) အဆောက်အအုံမဟုတ်သည့် သို့မဟုတ် အဆောက်အအုံနှင့် မသက်ဆိုင်သည့် အစိတ်အပိုင်းများ။

(၅) အားလွန်ကိန်း Overstrength Factor နှင့်ယင်းနှင့်ဆက်စပ်သော Load Combination များကို ထည့်သွင်းတွက်ချက်ထားသော Collector elements ၊ Splices နှင့် ၎င်းတို့၏အဆက် Connection များ။

(၆) အားလွန်ကိန်း Overstrength Factor နှင့်ယင်းနှင့်ဆက်စပ်သော Load Combination များကို ထည့်သွင်းတွက်ချက်ထားသော အစိတ်အပိုင်းများ၊ အဆက် Connection များ။

(၇) ညီမျှခြင်း ၃.၄.၃၇ ကို အသုံးပြုထားသော Diaphragm အားများ။

(၈) Damping စနစ်ပါသောအဆောက်အအုံများ။

### ၃.၄.၃.၄.၂။ ငလျင်ဒီဇိုင်း အမျိုးအစား SDC D, E, F တို့အတွက် မျှဝေနိုင်မှုကိန်း $\rho$ ၏ တန်ဖိုးများ။

ငလျင်ဒီဇိုင်းအမျိုးအစား SDC D, E, F အဆင့် သတ်မှတ်ထားသော အဆောက်အအုံများ အတွက် အောက်ပါအချက်တစ်ခုခုနှင့် ကိုက်ညီမှုမရှိလျှင် မျှဝေနိုင်မှု ကိန်း $\rho$ ၏ တန်ဖိုးကို 1.3 အဖြစ် ယူဆရမည်။

(က) ဇယား ၃.၄.၁၁ တွင် ဖော်ပြထားသည့်အတိုင်း ရည်ရွယ်သော လားရာတစ်ခုရှိ အထပ်သည် Base Shear ၏ 35% ထက် ကျော်လွန် သက်ရောက်နေသည့်အခါ။

(ခ) အဆောက်အအုံသည် အထပ်တိုင်းပုံသဏ္ဍာန်မှန်ပြီး ထောင့်မှန်ကျလားရာ တစ်ခုစီ အတွက် အနားသတ် Perimeter Seismic Resisting System တစ်ဖက်စီတွင် အနည်းဆုံးနှစ်ခန်းစီရှိနေကာ တစ်ထပ်စီသည် Base Shear ၏ 35% ထက် ကျော်လွန် သက်ရောက်နေသည့်အခါ။ (အခန်းအရေအတွက်ကို တွက်ချက် ရာတွင် Shear Wall ဖြစ်ပါက Shear Wall ၏အရှည်ကို အထပ်၏အမြင့်ဖြင့် စား၍လည်းကောင်း၊ Light Framed Construction ဖြစ်ပါက Shear Wall ၏အရှည်နှစ်ဆကို အထပ်၏ အမြင့်ဖြင့် စား၍လည်းကောင်း တွက်ယူနိုင်သည်။)

**TABLE 3.4.11 REQUIREMENTS FOR EACH STOREY RESISTING MORE THAN 35% OF THE BASE SHEAR**

| Lateral Force-Resisting Element | Requirement |
|---|---|
| **Braced Frames** | Removal of an individual brace, or connection thereto, would not result in more than a 33% reduction in storey strength, nor does the resulting system have an extreme torsional irregularity (horizontal structural irregularity Type H1b). |
| **Moment Frames** | Loss of moment resistance at the beam-to-column connections at both ends of a single beam would not result in more than a 33% reduction in storey strength, nor does the resulting system have an extreme torsional irregularity (horizontal structural irregularity Type H1b). |
| **Shear Walls or Wall Pier with a height-to-length ratio of greater than 1.0** | Removal of a shear wall or wall pier with a height-to-length ratio greater than 1.0 within any storey, or collector connections thereto, would not result in more than a 33% reduction in storey strength, nor does the resulting system have an extreme torsional irregularity (horizontal structural irregularity Type H1b). |
| **Cantilever Columns** | Loss of moment resistance at the base connections of any single cantilever column would not result in more than a 33% reduction in storey strength, nor does the resulting system have an extreme torsional irregularity (horizontal structural irregularity Type H1b). |
| **Other** | No requirements |

## ၃.၄.၄။ ငလျင်ဝန်နှင့် ဝန်အတွဲများ (Seismic Load Effects and Combinations)

### ၃.၄.၄.၁။ အသုံးချမှု (Applicability)

ငလျင်ခံနိုင်ရည်စနစ်တွင် မပါဝင်သော အစိတ်အပိုင်းများအပါအဝင် အဆောက်အအုံများ၏ အစိတ်အပိုင်းများအားလုံးကို ယခုအပိုဒ် ၃.၄.၄ တွင်ပါဝင်သော ဝန်သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်။

### ၃.၄.၄.၂။ ငလျင်ဝန်သက်ရောက်မှု (Seismic Load Effect)

ငလျင်ဝန်သက်ရောက်မှုကို အောက်ပါအတိုင်း တွက်ချက်ရမည်။

1. For use in load combination 5 in Section 3.2.1.2.2 or load combinations 5 and 6 in Section 3.2.1.3.1, E shall be determined in accordance with Eq. (3.4.12) as follows:

$$E = E_h + E_v \qquad \text{Eq. (3.4.12)}$$

2. For use in load combination 7 in Section 3.2.1.2.1 or load combination 8 in Section 3.2.1.3.1, E shall be determined in accordance with Eq. (3.4.13) as follows:

$$E = E_h - E_v \qquad \text{Eq. (3.4.13)}$$

*where*

$E$ = *seismic load effect*
$E_h$ = *effect of horizontal seismic forces as defined in Section 3.4.4.2.1*
$E_v$ = *effect of vertical seismic forces as defined in Section 3.4.4.2.2*

#### ၃.၄.၄.၂.၁။ ငလျင်အား ဘေးတိုက်သက်ရောက်မှု (Horizontal Seismic Load Effect)

ငလျင်အား ဘေးတိုက်သက်ရောက်မှု $E_h$ ကို အောက်ပါအတိုင်း တွက်ချက်ရမည်။

$$E_h = \rho\, Q_E \qquad \text{Eq. (3.4.14)}$$

where

$Q_E$ = effects of horizontal seismic forces from V or $F_p$. Where required in Sections 3.4.5.3 and 3.4.5.4, such effects shall result from application of horizontal forces simultaneously in two directions at right angles to each other.
$\rho$ = redundancy factor, as defined in Section 3.4.3.4

#### ၃.၄.၄.၂.၂။ ဒေါင်လိုက် ငလျင်အားသက်ရောက်မှု (Vertical Seismic Load Effect)

ဒေါင်လိုက်ငလျင်အားသက်ရောက်မှု $E_v$ ကိုအောက်ပါအတိုင်းတွက်ချက်ရမည်။

The vertical seismic load effect, $E_v$, shall be determined in accordance with Eq. (3.4.15) as follows:

$$E_v = 0.2\, S_{DS} D \qquad \text{Eq. (3.4.15)}$$

where

$S_{DS}$ = design spectral response acceleration parameter at short periods obtained from Section 3.4.1.4.4
$D$ = effect of dead load

The vertical seismic load effect, $E_v$ , is permitted to be taken as zero for either of the following conditions:

1. In Eqs. (3.4.12), (3.4.13), (3.4.16), and (3.4.17) where $S_{DS}$ is equal to or less than 0.125.
2. In Eq. (3.4.14) where determining demands on the soil-structure interface of foundations.

အပိုဒ်ခွဲ ၃.၄.၄.၂ တွင် ဖော်ပြထားသော ငလျင်ဝန်သက်ရောက်မှုကို အခန်း ၃.၂ တွင် ဖော်ပြထားသော အခြားဝန်သက်ရောက်မှုများနှင့် အတူတွဲ၍ စဉ်းစားရမည်။

The vertical seismic load effect, $E_v$, is permitted to be taken as zero for either of the following conditions:

3. In Eqs. (3.4.12), (3.4.13), (3.4.16), and (3.4.17) where $S_{DS}$ is equal to or less than 0.125.
4. In Eq. (3.4.14) where determining demands on the soil-structure interface of foundations.

**3.4.4.2.3 Seismic Load Combinations**

Where the prescribed seismic load effect, E, defined in Section 3.4.4.2 is combined with the effects of other loads as set forth in Section 3.2, the following seismic load combinations for structures not subject to flood or atmospheric ice loads shall be used in lieu of the seismic load combinations in either Section 3.2.1.2.2 or 3.2.1.3.1.

**Basic combinations for strength design (see Sections 3.2.1.2.2 and 3.1.1.2 for notation)**

5. $(1.2 + 0.2\ S_{DS})\ D + \rho\ Q_E + L$

7. $(0.9 - 0.2\ S_{DS})\ D + \rho\ Q_E + 1.6\ H$

NOTES:

1. The load factor on L in combination 5 is permitted to equal 0.5 for all occupancies in which $L_0$ in Table 3.2.2 is less than or equal to 100 psf (4.79 kN/m$^2$ ), with the exception of garages or areas occupied as places of public assembly.
2. The load factor on H shall be set equal to zero in combination 7 if the structural action due to H counteracts that due to E. Where lateral earth pressure provides resistance to structural actions from other forces, it shall not be included in H but shall be included in the design resistance.
Basic combinations for allowable stress design (see Sections 3.2.1.3.1 and 3.1.1.2 for notation).

5. $(1.0 + 0.14\ S_{DS})\ D + H + F + 0.7\ \rho\ Q_E$

6. $(1.0 + 0.105\ S_{DS})\ D + H + F + 0.525\ \rho\ Q_E + 0.75L + 0.75(L_r\ or\ R)$

8. $(0.6 - 0.14S_{DS})\ D + 0.7\ \rho\ Q_E + H$

### ၃.၄.၄.၃။ အားလွန်ကိန်း $\Omega_0$ ပါဝင်သော ငလျင်ဝန်သက်ရောက်မှု (Seismic Load Effect Including Overstrength Factor)

အားလွန်ကိန်း ပါဝင်သော ငလျင်ဝန်သက်ရောက်မှုကို အောက်ပါအတိုင်း တွက်ချက်ရမည်။

1. For use in load combination 5 in Section 3.2.1.2.2 or load combinations 5 and 6 in Section 3.2.1.3.1, E shall be taken equal to $E_m$ as determined in accordance with Eq. (3.4.16) as follows:

$$E_m = E_{mh} + E_v \qquad \text{Eq. (3.4.16)}$$

2. For use in load combination 7 in Section 3.2.1.2.2 or load combination 8 in Section 3.2.1.3.1, E shall be taken equal to Em as determined in accordance with Eq. (3.4.17) as follows:

$$E_m = E_{mh} - E_v \qquad Eq.\ (3.4.17)$$

*where*

$E_m$ = *seismic load effect including overstrength factor*

$E_{mh}$ = *effect of horizontal seismic forces including structural overstrength as defined in Section 3.4.4.3.1*

$E_v$ = *vertical seismic load effect as defined in Section 3.4.4.2.2*

$$E_{mh} = \Omega_o Q_E \qquad Eq.\ (3.4.18)$$

Basic combinations for strength design with overstrength factor (see Sections 3.2.1.2.2 and 3.1.1.2 for notation)

5. $(1.2 + 0.2S_{DS}) D + \Omega_o Q_E + L$
7. $(0.9 - 0.2S_{DS}) D + \Omega_o Q_E + 1.6 H$

**NOTES:**

1. The load factor on L in combination 5 is permitted to equal 0.5 for all occupancies in which $L_0$ in Table 3.2.2 is less than or equal to 100 psf (3.4.79 kN/m$^2$), with the exception of garages or areas occupied as places of public assembly.
2. The load factor on H shall be set equal to zero in combination 7 if the structural action due to *H* counteracts that due to *E*. Where lateral earth pressure provides resistance to structural actions from other forces, it shall not be included in H but shall be included in the design resistance.

Basic combinations for allowable stress design with overstrength factor (see Sections 2.1.3.1 and 1.1.2 for notation).

5. $(1.0 + 0.14S_{DS}) D + H + F + 0.7\ \Omega_o Q_E$
6. $(1.0 + 0.105S_{DS}) D + H + F + 0.525\ \Omega_o Q_E + 0.75L + 0.75(L_r \text{ or } R)$
8. $(0.6 - 0.14S_{DS}) D + 0.7\ \Omega_o Q_E + H$

Where allowable stress design methodologies are used with the seismic load effect defined in Section 3.4.4.3 applied in load combinations 5, 6, or 8 of Section 3.2.1.3.1, allowable stresses are permitted to be determined using an allowable stress increase of 1.2. This increase shall not be combined with increases in allowable stresses or load combination reductions otherwise permitted by this standard or the material reference document except that combination with the duration of load increases permitted in AF&PA NDS (Refer to ASCE7-05) is permitted.

လျှော်ဒီဇိုင်း အမျိုးအစား SDC D, E, F တို့အတွက်အလျားလိုက် Cantilever အစိတ်အပိုင်းများ အတွက် အနည်းဆုံးပင့်အားကို Dead Load ၏ 0.2 ဆ သက်ရောက်စေပြီး အပိုဒ် ၃.၄.၄ တွင် ဖော်ပြထားသော ဝန်အတွဲများကို အသုံးပြုရမည်။

### ၃.၄.၄.၄။ Minimum Upward for Horizontal Cantilevers for Seismic Design Categories D through F

In structures assigned to Seismic Design Category D, E, or F, horizontal cantilever structural components shall be designed for a minimum net upward force of 0.2 times the dead load in addition to the applicable load combinations of Section 3.4.4.

### ၃.၄.၅။ ဝန်အား သက်ရောက်သည့် လားရာလမ်းကြောင်း (Direction of Loading)

#### ၃.၄.၅.၁။ သတ်မှတ်ထားသော ဝန်အားများ၏ လားရာလမ်းကြောင်း (Direction of Loading Criteria)

ဒီဇိုင်းတွက်ချက်ရာတွင် အသုံးပြုသော ငလျင်အားသက်ရောက်သည့်လားရာသည် အဆိုးဆုံး အခြေအနေကို ဖြစ်ပေါ်စေသောလားရာ ဖြစ်ရမည်။

#### ၃.၄.၅.၂။ ငလျင်ဒီဇိုင်း အမျိုးအစား SDC B အတွက် ဝန်အား သက်ရောက်သည့် လားရာ

ငလျင်ဒီဇိုင်း အမျိုးအစား SDC B အတွက် ငလျင်ဒီဇိုင်းတွက်ချက်ရာတွင် သီးခြားထောင့်မှန်ကျ လားရာနှစ်ခုကို အသုံးပြုနိုင်ပြီး လားရာနှစ်ခု တွဲဖက်စဉ်းစားရန်မလိုပါ။

#### ၃.၄.၅.၃။ ငလျင်ဒီဇိုင်း အမျိုးအစား SDC C အတွက် ဝန်အား သက်ရောက်သည့်လားရာ

ငလျင်ဒီဇိုင်း အမျိုးအစား SDC C အတွက် ငလျင်ဒီဇိုင်းတွက်ချက်ရာတွင် အပိုဒ်ခွဲ ၃.၄.၅.၂ ပါ ငလျင်ဒီဇိုင်းအမျိုးအစား SDC B အတွက် လုပ်ဆောင်ချက်များအပြင် အောက်ပါနည်းလမ်း တစ်ခုခုကို ထည့်သွင်းဆောင်ရွက်ရမည်။

(က) Analysis ပြုလုပ်ရာတွင် Equivalent Latral Force သို့မဟုတ် Response Spectrum သို့မဟုတ် Linear Response History Procedure တစ်ခုခုဖြင့် ပြုလုပ်ထားပါက လားရာ တစ်ခုကို 100% သက်ရောက်စေပြီး အခြားထောင့်မှန်ကျ လားရာကို 30% တပြိုင်တည်း သက်ရောက်စေသည့် အခြေအနေဖြင့် လားရာတစ်ခုစီကို စဉ်းစားရမည်။

(ခ) Analysis ပြုလုပ်ရာတွင် Linear Response History Procedure သို့မဟုတ် Nonlinear Response History Procedure တစ်ခုခုဖြင့် ပြုလုပ်ထားပါက လားရာ နှစ်ခုစလုံးကို တပြိုင်တည်းသက်ရောက်စေသည့် အခြေအနေကို စဉ်းစားရမည်။

#### ၃.၄.၅.၄။ ငလျင်ဒီဇိုင်း အမျိုးအစား SDC D, E, F အတွက် ဝန်အားသက်ရောက်သည့် လားရာ။

ငလျင်ဒီဇိုင်း အမျိုးအစား SDC D, E, F အတွက် ငလျင်ဒီဇိုင်းတွက်ချက်ရာတွင် အပိုဒ်ခွဲ ၃.၄.၅.၃ ပါ လုပ်ဆောင်ချက်များကို ထည့်သွင်းဆောင်ရွက်ရမည်။ ထို့အပြင် တိုင် သို့မဟုတ် နံရံတစ်ခု တွင် တစ်ခုထက်ပိုသော ငလျင်ခံနိုင်ရည် စနစ်တို့ပါဝင်နေပါပြီး Axial Load သက်ရောက်မှု သည် အဆိုပါ တိုင် သို့မဟုတ် နံရံတို့၏ ခံနိုင်ရည်၏ 20% ထက် ကျော်လွန်နေပါက အဆိုးဆုံး အခြေအနေကို ဖြစ်ပေါ်စေသော လားရာအတွက် ဒီဇိုင်းပြုလုပ်ရမည်။

### ၃.၄.၆။ တွက်ချက်နည်းလမ်းရွေးချယ်ခြင်း (Analysis Procedure Selection)

အဆောက်အအုံများကို တွက်ချက်ရာတွင် ငလျင်ဒီဇိုင်းအမျိုးအစား SDC အဆင့် အလိုက် ဇယား ၃.၄.၁၂ တွင် ဖော်ပြထားသော နည်းလမ်းတစ်ခုခုဖြင့် တွက်ချက်ရမည်။

## ၃.၄.၇။ ပုံစံပြင်ဆင်ခြင်း စည်းမျဉ်းများ (Modeling Criteria)

### ၃.၄.၇.၁။ အုတ်မြစ်အတွက် ပုံစံပြင်ဆင်ခြင်း (Foundation Modeling)

ငလျင်ဝန်အားကိုစဉ်းစားရာတွင် အုတ်မြစ်အောက်ခြေကို Fixed အနေဖြင့် ယူဆရမည်။

### ၃.၄.၇.၂။ ငလျင်အတွက် ထိရောက်သောဝန် (Effective Seismic Weight)

ငလျင်အတွက် ထိရောက်သောဝန်ကို တွက်ချက်ရာတွင် Dead Load နှင့် အောက်တွင်ဖော်ပြထားသော အခြား Load များကို ထည့်သွင်းစဉ်းစားရမည်။

(၁) သိုလှောင်သည့်နေရာများအတွက် Live Load ၏ အနည်းဆုံး 25%

(၂) နံရံအကန့်များ ရှိပါကနံရံ၏ ဝန်အား သို့မဟုတ် 10psf တို့မှ များရာဝန်အား

(၃) အမြဲရှိနေမည့် စက်ကိရိယာများ

**TABLE 3.4.12 PERMITTED ANALYTICAL PROCEDURES**

| Seismic Design Category | Structural Characteristics | Equivalent Lateral Force Analysis (Sec. 3.4.8) | Modal Response Spectrum Analysis (Sec. 3.4.9) | Response History Procedures (Chap. 16 ASCE 7-05) |
|---|---|---|---|---|
| B, C | All structures | P | P | P |
| D, E, F | Occupancy Category I or II buildings of light-framed construction not exceeding 3 stories in height | P | P | P |
| | Other Occupancy Category I or II buildings not exceeding 2 stories in height | P | P | P |
| | Regular structures with $T < 3.5T_s$ and all structures of light frame construction | P | P | P |
| | Irregular structures with T < 3.5Ts and having only horizontal irregularities Type H2, H3, H4, or H5 of Table 3.4.9 or vertical irregularities Type V4, V5a, or V5b of Table 3.4.10 | P | P | P |
| | All other structures | NP | P | P |

NOTE: P: Permitted; NP: Not Permitted.

### ၃.၄.၇.၃။ အဆောက်အအုံ ပုံစံပြုလုပ်ခြင်း (Structural Modeling)

အဆောက်အအုံအစိတ်အပိုင်းများအပေါ် သက်ရောက်နေသော ဝန်အားများနှင့် ၎င်းဝန်အားများကြောင့် အဆောက်အအုံရွေ့လျားမှု (Structure Displacement) တို့ကို တွက်ချက်ရာတွင် သင်္ချာနည်းအရ သက်ဆိုင်ရာညီမျှခြင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောပုံစံ (Mathematical Model) တစ်ခုကို တည်ဆောက်ရမည်။ ပုံစံတည်ဆောက်ရာတွင် အားနှင့် ရွေ့လျားမှုများ ဝေမျှနိုင်ရန်အတွက် အရေးပါသောအစိတ်အပိုင်းများ၏ တောင့်တင်းမှု၊ ခံနိုင်ရည်တို့အပြင် အဆောက်အအုံတွင် ဖြန့်ကျက်နေသောထုထည်နှင့် တောင့်တင်းမှုများ လည်းပါဝင်ရမည်။

အလျားလိုက် ပုံသဏ္ဍာန်မညီညွတ်မှု H1b, H4, H5 ပါရှိသော အဆောက်အအုံများကို 3D Model အသုံးပြု၍ တွက်ချက်ရမည်။ 3D Model ကို အသုံးပြုပါက အနည်းဆုံး Dynamic Degree of Freedom ၃စုံ (x y အရွေ့နှစ်ခုနှင့် z အလည်တစ်ခု)ကို ထည့်သွင်းစဉ်းစားရမည်။ (အကျယ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ)

### ၃.၄.၇.၄။ အပြန်အလှန်သက်ရောက်မှု ( Interaction Effects)

Moment-resisting frames that are enclosed or adjoined by elements that are more rigid and not considered to be part of the seismic force–resisting system shall be designed so that the action or failure of those elements will not impair the vertical load and seismic force–resisting capability of the frame. The design shall provide for the effect of these rigid elements on the structural system at structural deformations corresponding to the design storey drift (Δ) as determined in Section 12.8.6 (ASCE 7-05). In addition, the effects of these elements shall be considered where determining whether a structure has one or more of the irregularities defined in Section 12.3.2 (ASCE 7-05).

## ၃.၄.၈။ ညီမျှသော ဘေးတိုက်အားနည်းလမ်း (Equivalent Lateral Force Procedure)

### ၃.၄.၈.၁။ငလျင်အောက်ခြေရှိပြတ်အား (Seismic Base Shear)

Seismic Base Shear ကို အောက်ပါအတိုင်း ရှာဖွေနိုင်သည်။

$$V = C_s W \qquad \text{Eq. (3.4.19)}$$

*where*

$C_s$ = *the seismic response coefficient determined in accordance with Section 3.4.8.1.1*

$W$ = *the effective seismic weight per Section 3.4.7.2.*

#### ၃.၄.၈.၁.၁။ ငလျင်တုန့်ပြန်ကိန်း Cs တွက်ယူပုံ (Calculation of Seismic Response Coefficient)

Seismic Response Coefficient $C_S$ကို အောက်ပါအတိုင်း ရှာဖွေနိုင်သည်။

$$C_s = \frac{S_{DS}}{\left(\frac{R}{I}\right)} \qquad \text{Eq. (3.4.20)}$$

*where*

$S_{DS}$ = *the design spectral response acceleration parameter in the short period range as determined from Section 3.4.1.4.4.*

$R$ = *the response modification factor in Table 3.4.11*

$I$ = *the occupancy importance factor determined in accordance with Section 3.4.1.5.1*

*The value of $C_s$ computed in accordance with Eq. (3.4.20) need not exceed the following:*

$$C_S = \frac{S_{D1}}{T\left(\frac{R}{I}\right)} \qquad for T \le T_L \qquad \text{Eq. (3.4.21)}$$

$$C_S = \frac{S_{D1}T_L}{T^2\left(\frac{R}{I}\right)} \qquad for\ T > T_L \qquad \text{Eq. (3.4.22)}$$

*$C_s$ shall not be less than*

$$C_s = 0.044\, S_{DS} I \geq 0.01 \qquad \textit{Eq. (3.4.23)}$$

In addition, for structures located where $S_1$ is equal to or greater than *0.6g,* $C_s$ shall not be less than

$$C_s = \frac{0.5S_1}{\left(\frac{R}{I}\right)} \qquad \textit{Eq. (3.4.24)}$$

*Where I and R are as defined in Section 3.4.2.6.1.1 and*

$S_{D1}$ = *the design spectral response acceleration parameter at a period of 1.0 s, as determined from Section 3.4.1.4.4*

*T = the fundamental period of the structure (s) determined in Section 3.4.8.2*

*TL = long-period transition period (s) determined in Section 3.4.1.4.5*

*S1 = the mapped maximum considered earthquake spectral response acceleration parameter determined in accordance with Section 3.4.1.4.1.*

### ၃.၄.၈.၁.၂ Soil Structure Interaction Reduction

A soil structure interaction reduction is permitted where determined using Chapter19 (ASCE 7-05) or other generally accepted procedures approved by the authority having jurisdiction.

### ၃.၄.၈.၁.၃။ လျှောင်တုန့်ပြန်ကိန်း (Cs) ရှာဖွေရန် အများဆုံးလျှောင်လှိုင်းတို (Ss) တန်ဖိုး (Maximum $S_S$ Value in Determination of $C_S$)

သာမန် ၅ ထပ်နှင့်အောက် အဆောက်အအုံများအတွက် *T* သည် 0.5s သို့မဟုတ် ထို့ထက်နည်းပါက $C_S$ ကိုတွက်ယူရာတွင် $S_S$ ကို 1.5 အဖြစ် ယူနိုင်သည်။

### ၃.၄.၈.၂။ Period Determination

အဆောက်အအုံ၏ ခံနိုင်ရည်၊ လှုပ်ရှားမှုလက္ခဏာများကိုသိရှိနိုင်ရန် လားရာ တစ်ခုစီအတွက် အခြေခံလွှဲချိန် T ကို တွက်ရန်လိုပါသည်။ အဆိုပါ အခြေခံလွှဲချိန် T သည် ဇယား ၃.၄.၁၃ တွင်ဖော်ပြထားသော အမြင့်ဆုံးလွှဲချိန်အတွက် မြှောက်ဖော်ကိန်း $C_U$ ထက် သော်လည်းကောင်း၊ အပိုဒ်ခွဲ ၃.၄.၈.၂.၁ တွင်ဖော်ပြထားသော ခန့်မှန်းအခြေခံလွှဲချိန် ခန့်မှန်းတန်ဖိုးထက် သော်လည်းကောင်း ပိုမများစေရ။

**TABLE 3.4.13 COEFFICIENT FOR UPPER LIMIT ON CALCULATED PERIOD**

| Design Spectral Response Acceleration Parameter at 1 s, $S_{D1}$ | Coefficient $C_U$ |
|---|---|
| ≥ 0.4 | 1.4 |
| 0.3 | 1.4 |
| 0.2 | 1.5 |
| 0.15 | 1.6 |
| ≤ 0.1 | 1.7 |

### ၃.၄.၈.၂.၁။ ခန့်မှန်းခြေအခြေခံလွှဲချိန် (Approximate Fundamental Period)

အဆောက်အအုံ၏ခန့်မှန်းခြေ အခြေခံလွှဲချိန် T ကို စက္ကန့်ဖြင့် အောက်ပါအတိုင်း တွက်ယူနိုင်သည်။

$$T_a = C_t\, h_n^x \qquad Eq.\ (3.4.25)$$

where $h_n$ is the height in ft above the base to the highest level of the structure and the coefficients $C_t$ and $x$ are determined from Table 3.4.14.

**TABLE 3.4.14 VALUES OF APPROXIMATE PERIOD PARAMETERS $C_t$ AND x**

| Structure Type | $C_t$ | $x$ |
|---|---|---|
| **Steel moment-resisting frames** | 0.028 (0.0724)[a] | 0.8 |
| **Concrete moment-resisting frames** | 0.016 (0.0466)[a] | 0.9 |
| **Eccentrically braced steel frames** | 0.03(0.0731)[a] | 0.75 |
| **All other structural systems** | 0.02 (0.0488)[a] | 0.75 |

Note: Moment-resisting frame systems in which the frames resist 100% of the required seismic force and are not enclosed or adjoined by components that are more rigid and will prevent the frames from deflecting where subjected to seismic forces:

[a] Metric equivalent are shown in parentheses.

နောက်ထပ်တစ်နည်းဖြင့်လည်း အဆောက်အအုံ၏ ခန့်မှန်းခြေ အခြေခံလွှဲချိန် T ကို စက္ကန့်ဖြင့် အောက်ပါအတိုင်း တွက်ယူနိုင်သည်။

$$T_a = 0.1N \qquad Eq.\ (3.4.26)$$

*where*

*N = number of storeys.*

အုတ် သို့မဟုတ် Shear Wall အဆောက်အအုံများအတွက် အဆောက်အအုံ၏ ခန့်မှန်းခြေ အခြေခံလွှဲချိန် T ကို စက္ကန့်ဖြင့် အောက်ပါအတိုင်း တွက်ယူနိုင်သည်။

$$T_a = \frac{0.0019}{\sqrt{C_w}} h_n \qquad Eq.\ (3.4.27)$$

where $h_n$ is as defined in the preceding text and $C_w$ is calculated from Eq. (3.4.28) as follows:

$$C_w = \frac{100}{A_B} \sum_{i=1}^{x} \left(\frac{h_n}{h_i}\right)^2 \frac{A_i}{\left[1 + 0.83\left(\frac{h_i}{D_i}\right)^2\right]} \qquad Eq.\ (3.4.28)$$

*where*

$A_B$ = *area of base of structure, ft*$^2$

$A_i$ = *web area of shear wall "i" in ft*$^2$

$D_i$ = *length of shear wall "i" in ft*

$h_i$ = *height of shear wall "i" in ft*

*x = number of shear walls in the building effective in resisting lateral forces in the direction under consideration.*

## ၃.၄.၈.၃။ လျှောင်အားများကို အထပ်လိုက်ခွဲဝေခြင်း (Vertical Distribution of Seismic Forces)

အထပ်တိုင်း၏ အလျားလိုက်လျှောင်အား $F_X$ ကို အောက်ပါအတိုင်း တွက်ယူနိုင်ပါသည်။

$$F_x = C_{vx} V \quad \text{Eq. (3.4.29)}$$

and

$$C_{vx} = \frac{w_x h_x^k}{\sum_{i=1}^{n} w_i h_i^k} \quad \text{Eq. (3.4.30)}$$

*where*

$C_{vx}$ = *vertical distribution factor*

$V$ = *total design lateral force or shear at the base of the structure (kip or kN)*

$w_i$ *and* $w_x$ = *the portion of the total effective seismic weight of the structure (W) located or assigned to Level i or x*

$h_i$ *and* $h_x$ = *the height (ft or m) from the base to Level i or x*

$k$ = *an exponent related to the structure period as follows:*

- *for structures having a period of 0.5 s or less, k = 1*
- *for structures having a period of 2.5 s or more, k = 2*

for structures having a period between 0.5 and 2.5s, k shall be 2 or shall be determined by linear interpolation between 1 and 2

## ၃.၄.၈.၄။ လျှောင်အားများကို အလျားလိုက်ခွဲဝေခြင်း (Horizontal Distribution of Seismic Forces)

အထပ်လိုက် သက်ရောက်သည့် လျှောင်အားများ $V_X$ ကို အောက်ပါအတိုင်း တွက်ယူနိုင်သည်။

$$V_x = \sum_{i=x}^{n} F_i \quad \text{Eq. (3.4.31)}$$

*where* $F_i$ *= the portion of the seismic base shear (V ) (kip or kN) induced at Level i.*

အထပ်လိုက် သက်ရောက်သည့် လျှောင်အားများ $V_X$ ကို ယင်းအထပ်ရှိ ဒေါင်လိုက် တည်ရှိသော တိုင်များ၊ နံရံများသို့ ယင်းတို့၏ တောင့်တင်းမှုအချိုးအလိုက် ဝေမျှရမည်။

### ၃.၄.၈.၄.၁။ အတွင်းလည်အား (Inherent Torsion)

တောင့်တင်းသော ကြမ်းခင်းများ (Diaphragms that are not flexible) တွင် ထုထည်၏ ဗဟိုချက် (Center of Mass) နှင့် တောင့်တင်းမှု၏ ဗဟိုချက် (Center of Rigidity) တို့ ထပ်တူမကျသောကြောင့် ဖြစ်ပေါ်လာသော အတွင်းလည်အားကို ထည့်သွင်းစဉ်းစားရမည်။ ပျော့ပျောင်းသောကြမ်းခင်းများ (Flexible Diaphragms) များတွင်မူ ဒေါင်လိုက်အစိတ်အပိုင်းများက ပင့်မထားသောထုထည်များနှင့် ယင်းတို့၏တည်နေရာများကို ထည့်သွင်းစဉ်းစားရမည်။

### ၃.၄.၈.၄.၂။ မျှော်လင့်မထားသော လည်အား (Accidental Torsion)

တောင့်တင်းသောကြမ်းခင်းများ (Diaphragms that are not flexible) တွင် ထုထည်တို့၏ တည်နေရာများကြောင့်ဖြစ်ပေါ်သောအတွင်းလည်အားအပြင် အဆောက်အဦ ၏ ထုထည်ကို ဗဟိုမှ 5% ခွာ၍ သက်ရောက်စေသော မျှော်လင့်မထားသောလည်အားကိုပါ ထည့်သွင်းစဉ်းစားရမည်။

လားရာနှစ်ဖက်လုံးတွင် ငလျင်အားကို တစ်ပြိုင်တည်း သက်ရောက်စေသည့် အခါမျိုးတွင် 5% ခွာ၍ စဉ်းစားခြင်းကို ပိုမိုအကျိုးရှိစေမည့် လားရာတစ်ခုတွင်သာ ထည့်သွင်းစဉ်းစားနိုင်သည်။

### ၃.၄.၈.၄.၃။ မျှော်လင့်မထားသော လည်အားအတွက် အဆပွားခြင်း (Amplification of Accidental Torsional Moment)

ငလျင်ဒီဇိုင်း အမျိုးအစား SDC C, D, E, F ရှိသော အဆောက်အအုံများတွင် ဇယား ၃.၄.၉ ပါ အလျားလိုက်ပုံသဏ္ဍာန် မညီညွတ်ခြင်း H1a, H1b တို့ ဖြစ်ပေါ်နေပါက မျှော်လင့်မထားသော လည်အားကို အောက်ပါအတိုင်း အဆပွားမြှောက်ဖော်ကိန်း $A_X$ ဖြင့် အဆပွားပေးရမည်။

$$A_x = \left(\frac{d_{max}}{1.2 d_{avg}}\right)^2 \leq 3 \qquad Eq.\ (3.4.32)$$

*where*

$\delta_{max}$ = *the maximum displacement at Level x (in. or mm) computed assuming* $A_x = 1$

$\delta_{avg}$ = *the average of the displacements at the extreme points of structure at Level x computed assuming* $A_x = 1$

**EXCEP TION**: The accidental torsional moment need not be amplified for structures of light-frame construction.




**Figure 3.4.6 Torsional Amplification Factor, Ax**

## ၃.၄.၈.၅။ လဲပြိုခြင်း (Overturning)

အဆောက်အအုံများကို အပိုဒ်ခွဲ ၃.၄.၈.၃ တွင် ဖော်ပြထားသည့် ငလျင်အားများကြောင့် လဲပြိုနိုင်ခြေကို ခံနိုင်စေရန် ဒီဇိုင်းပြုလုပ်ပေးရမည်။

## ၃.၄.၈.၆။ အထပ်ရွေ့ကို တွက်ချက်ခြင်း (Story Drift Determination)

အထပ်ရွေ့ Δ ကို တွက်ချက်ရာတွင် ၎င်းအထပ်၏ အပေါ်နှင့် အောက်ရှိ ထုထည် ဗဟိုချက်များ၏ အရွေ့ခြားနားချက်ဖြင့် ဖော်ပြသည်။ Allowable Stress Design တွင် အထပ် ရွေ့ Δ ကို အပိုဒ် ၃.၄.၈ တွင် ဖော်ပြသည့် Strength Level Seismic Force ဖြင့် မလျှော့ချဘဲ အသုံးပြုရမည်။

အထပ် x ရှိ ထုထည်ဗဟိုချက်၏ အရွေ့ကို အောက်ပါအတိုင်း တွက်ယူနိုင်သည်။

$$d_x = \frac{C_d d_{xe}}{I} \qquad \textit{Eq. (3.4.33)}$$

*where*

$C_d$ = *the deflection amplification factor in Table 3.4.8*

$\delta_{xe}$ = *the deflections determined by an elastic analysis*

$I$ = *the importance factor determined in accordance with Section 3.4.1.5.1*

### ၃.၄.၈.၆.၁။ အထပ်ရွေ့တွက်ချက်ရန် အနည်းဆုံးအခြေခံဖြတ်အား (Minimum Base Shear for Computing Drift)

ငလျင်ဒဏ်ခံစနစ်သည် အပိုဒ် ၃.၄.၈ တွင် ဖော်ပြထားသော ငလျင်အားများကို ခံနိုင်ရည်ရှိစေရန် Elastic Analysis ပြုလုပ်ရမည်။

### ၃.၄.၈.၆.၂။ အထပ်ရွေ့တွက်ချက်ရန် လွှဲချိန် (Period for Computing Drift)

ခွင့်ပြုအထပ်အရွေ့ (Story Drift Limit) နှင့် ကိုက်ညီမှုရှိမရှိ တွက်ချက်ရာ၌ အပိုဒ်ခွဲ ၃.၄.၈.၂ တွင်ဖော်ပြထားသော အမြင့်ဆုံးလွှဲချိန် ($C_U T_a$) ကိုမစဉ်းစားဘဲ Elastic Drift **$\delta_{xe}$** ကို အသုံးပြုနိုင်သည်။

### ၃.၄.၈.၇။ P-Delta Effects

Stability Coefficient θ သည် 0.1 နှင့်တူညီခြင်း သို့မဟုတ် လျော့နည်းနေပါက P-delta Effect ကို ထည့်သွင်းစဉ်းစားရန် မလိုအပ်ပါ။

$$q = \frac{P_x D}{V_x h_{sx} C_d} \qquad \text{Eq. (3.4.34)}$$

*where*
$P_x$ = *the total vertical design load at and above Level x (kip or kN); where computing Px, no individual load factor need exceed 1.0*
$\Delta$ = *the design storey drift as defined in Section 3.4.8.6 occurring simultaneously with Vx (in. or mm)*
$V_x$ = *the seismic shear force acting between Levels x and x −1 (kip or kN)*
$h_{sx}$ = *the storey height below Level x (in. or mm)*
$C_d$ = *the deflection amplification factor in Table 3.4.7*

Stability Coefficient ($\vartheta$) သည် အောက်ဖော်ပြပါ $\vartheta_{max}$ထက် မပိုစေရ။

$$q_{max} = \frac{0.5}{b\, C_d} \le 0.25 \qquad \text{Eq. (3.4.35)}$$

*where β is the ratio of shear demand to shear capacity for the storey between Levels x and x−1. This ratio is permitted to be conservatively taken as 1.0.*
*where the stability coefficient (θ) is greater than 0.10 but less than or equal to $\theta_{max}$, the incremental factor related to P-delta effects on displacements and member forces shall be determined by rational analysis. Alternatively, it is permitted to multiply displacements and member forces by 1.0/(1−θ).*
*where θis greater than $\theta_{max}$, the structure is potentially unstable and shall be redesigned.*
*where the P-delta effect is included in an automated analysis, Eq. (3.4.35) shall still be satisfied, however, the value of θ computed from Eq. (3.4.34) using the results of the P-delta analysis is permitted to be divided by (1 + θ) before checking Eq. (3.4.35).*




**Figure 3.4.7 Storey Drift Determination**

## ၃.၄.၉ လွှဲပုံတုန့်ပြန်မှု လိုင်းစဉ်စစ်ဆေးခြင်း (Modal Response Spectrum Analysis)

### ၃.၄.၉.၁။ လွှဲပုံအရေအတွက် (Number of Modes)

အဆောက်အအုံ၏သဘာဝအတိုင်းလှုပ်ခါပုံ Natural Modes of Vibration ကို သိရှိနိုင်ရန် 90% Mass Participation အတွက်လုံလောက်သော Mode အရေအတွက်ရရှိသည်အထိ Analysis ပြုလုပ်ရမည် ဖြစ်သည်။

### ၃.၄.၉.၂။ လွှဲပုံတုန့်ပြန်မှုကိန်းများ (Modal Response Parameters)

Mode တစ်ခုစီအတွက် သီးခြားအစိတ်အပိုင်းတစ်ခုအပေါ် သက်ရောက်နေသော အားများ Support နေရာများရှိ အားများနှင့် အထပ်အရွေ့များအပါအဝင် အခြားဆက်စပ်နေသော အားများ တွက်ယူရာတွင် Response Spectra မှ တွက်ယူရရှိသော တန်ဖိုးများကို $R/I$ ဖြင့် စားရမည်။ ရွေ့လျားမှုတန်ဖိုးများအတွက် $C_d/I$ ဖြင့် မြှောက်ယူတွက်ထုတ်ရမည်။

### ၃.၄.၉.၃။ တုန့်ပြန်မှုအတွဲကိန်းများ (Combined Response Parameters)

Mode အမျိုးမျိုးအတွက် တွက်ယူရရှိသော တန်ဖိုးများကို Square Roof of the Sum (SRSS) နည်းဖြင့်သော်လည်းကောင်း၊ Complete Quadratic Combination (CQC) နည်းဖြင့် သော်လည်းကောင်း ပေါင်းစပ်ပေးရမည်။ (အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ)

### ၃.၄.၉.၄။ တုန့်ပြန်မှုအတွဲများအတွက် ဒီဇိုင်းရလဒ်များကိုညှိခြင်း(Scaling Design Values of Combined Response)

အခြေခံလျှောင်အား Base Shear V ကို အဆောက်အအုံတစ်ခု၏ ထောင့်မှန်ကျ လားရာ တစ်ခုစီအတွက် အခြေခံလွှဲချိန်သည် $C_U T_a$ တန်ဖိုးထက်မကျော်လွန်လျှင် အပိုဒ်ခွဲ ၃.၄.၈ တွင် ပါရှိသည့်အတိုင်း တွက်ယူရမည်။ Combined Response for the Modal Base Shear ($V_t$) သည် Equivalent Lateral Force Procedure ဖြင့် တွက်ယူရရှိသော အခြေခံ လျှောင်အား Base Shear $V$၏ 85% ထက်နည်းနေပါက အဆိုပါအခြေခံလျှောင်အားကို $0.85\ V/V_t$ ဖြင့် မြှောက်၍ တွက်ယူရမည်။

*where*

$V$ = *the equivalent lateral force procedure base shear, calculated in accordance with this section and Section 3.4.8.*

$V_t$ = *the base shear from the required modal combination*

### ၃.၄.၉.၅။ အလျားလိုက်ဖြတ်အား ဝေမျှခြင်း (Horizontal Shear Distribution)

Dynamic Analysis Model တွင် Accidental Torsional Effect ကို ထည့်သွင်း တွက်ချက်ထားပါက အပိုဒ်ခွဲ ၃.၄.၈.၄ ပါ အလျားလိုက် သက်ရောက်အားခွဲဝေမှုကို တွက်ချက် ရာတွင် အပိုဒ်ခွဲ ၃.၄.၈.၄.၃ ပါ Amplification of Torsion ကို ထည့်သွင်း တွက်ချက်ရန်မလို။

### ၃.၄.၉.၆။ P-Delta Effects

P-Delta Effect ကို အပိုဒ်ခွဲ ၃.၄.၈.၇တွင် ပါရှိသည့်အတိုင်း တွက်ယူရမည်။ Story Shear နှင့် Story Drift တို့ကို အပိုဒ်ခွဲ ၃.၄.၈.၆တွင် ပါရှိသည့်အတိုင်း တွက်ယူရမည်။

### ၃.၄.၉.၇။ Soil Structure Interaction Reduction

အများလက်ခံသော နည်းလမ်းတစ်ခုခုကို တင်ပြနိုင်လျှင် Soil Structure Interaction အတွက် လျှော့ပေါ့စဉ်းစားခြင်းကို ခွင့်ပြုနိုင်သည်။

## ၃.၄.၁၀။ Diaphragms, Chords and Collectors

### ၃.၄.၁၀.၁။ Diaphragm Design

ကြမ်းခင်း Diaphragm ကို ဒီဇိုင်းပြုလုပ်ရာတွင် ဒီဇိုင်းအားများကြောင့် ဖြစ်ပေါ်လာမည့် Shear နှင့် Bending Stress များကို ခံနိုင်စေရမည်။ ကြမ်းခင်းများ၏ အနားသတ်အစွန်းများ၊ အပေါက်များတွင်ရှိသော အားများအပေါင်းအစုသည် ကြမ်းခင်း၏ Shear နှင့် Tension ခံနိုင်ရည်အတွင်း ရှိရမည်။

### ၃.၄.၁၀.၁.၁။ Diaphragm Design Forces

ကြမ်းခင်းနှင့် အမိုးပြင်များကို Structural Analysis မှ တွက်ယူရရှိသော ငလျင်အားများကို ခံနိုင်စေရန် ဒီဇိုင်းပြုလုပ်ရာတွင် အောက်ပါညီမျှခြင်း ၃.၄.၃၆ ထက် မနည်းစေရ။

$$F_{PX} = 0.2\, S_{DS}\, Iw_{PX} \le \frac{\sum_{i=x}^{n} F_i}{\sum_{i=x}^{n} w_i} w_{PX} \le 0.4\, S_{DS}\, Iw_{PX} \quad Eq.\ (3.4.36)$$

*where*

$F_{px}$ = *the diaphragm design force*
$F_i$ = *the design force applied to Level i*
$w_i$ = *the weight tributary to Level i*
$w_{px}$ = *the weight tributary to the diaphragm at Level x*

နံရံများလွှဲထားသည့်အခါ အထက်ပါညီမျှခြင်းတွင် လွှဲလိုက်သည့်နံရံ၏ ဒီဇိုင်းငလျင်အားများကို ထည့်သွင်းတွက်ချက်ရမည်။ ငလျင်ဒီဇိုင်းအမျိုးအစား SDC D, E, F တို့တွင် မျှဝေနိုင်မှုကိန်း ρ ကို ထည့်သွင်းရန်လိုသော်လည်း အထက်ပါညီမျှခြင်း ၃.၄.၃၆ ကို အသုံးပြုပါက မျှဝေနိုင်မှုကိန်း ρ ကို 1.0 ဟု ယူနိုင်သည်။ Transfer Force များအတွက် အဆောက်အအုံ၏ မျှဝေနိုင်မှုကိန်း ρ ကို အသုံးပြုနိုင်သည်။ အဆောက်အအုံ၏ အလျားလိုက်နှင့် ဒေါင်လိုက် ပုံသဏ္ဍာန် မညီညွတ်မှုများအတွက် အဆိုပါ အပိုဒ်ခွဲ ၃.၄.၃.၃.၁ တွင် ဖော်ပြထားသော လိုအပ်ချက်များကို ပြေလည်အောင်ပြုလုပ်ရန် လိုအပ်သည်။

### ၃.၄.၁၀.၂။ လက်ခံအစိတ်အပိုင်းများ (Collector Elements)

အဆောက်အအုံ၏ လက်ခံအစိတ်အပိုင်းများရှိ ငလျင်အားများကို အဆိုပါအားများကို လက်ခံမည့် အခြားအစိတ်အပိုင်းများသို့ လွှဲပြောင်းပေးနိုင်စေရမည်။

### ၃.၄.၁၀.၂.၁။ ငလျင်ဒီဇိုင်း အမျိုးအစား SDC C, D, E, F ရှိ လက်ခံ အစိတ်အပိုင်းများတွင် လိုအပ်သော အားလွန်ကိန်းပါ ဝန်တွဲများ

ငလျင်ဒီဇိုင်း အမျိုးအစား SDC C, D, E, F အဆောက်အအုံများရှိ ပုံ ၃.၄.၅ ၌ ဖော်ပြထားသကဲ့သို့ လက်ခံအစိတ်အပိုင်း Collectors များအတွက် အပိုဒ်ခွဲ ၃.၄.၄.၃.၂ ရှိ ဝန်အတွဲများတွင် အားလွန်ကိန်း $\Omega_0$ ကို ထည့်သွင်း စဉ်းစားပေးရမည်။

ခြွင်းချက်။ အဆောက်အအုံတခုလုံးကို Light Frame Shear Wall, Collector Element, Splice, Connection များအသုံးပြု၍ ထောက်ကန်ထားပါက အပိုဒ်ခွဲ ၃.၄.၁၀.၁.၁ ပါအတိုင်းသာ ဒီဇိုင်းပြုလုပ်ရန်လိုအပ်သည်။




**Figure 3.4.8 Collectors**

## ၃.၄.၁၁။ အားထိန်းနံရံများနှင့် အောက်ခြေအဆက်များ(Structural Walls and Their Anchorage)

### ၃.၄.၁၁.၁။ ပြင်ညီပြင်ပအားများကို တွက်ချက်ခြင်း (Design for Out-of-Plane Forces)

ဝန်အားထမ်းနံရံများနှင့် ၎င်းတို့၏ မြဲမြံအောင် ကုပ်တွယ်ထားရှိမှုများကို ဒီဇိုင်း ပြုလုပ်ရာတွင် နံရံအလေးချိန်၏ $0.4S_{DS}I$ အဆရှိ၍ နံရံအလေးချိန်၏ 10% ထက်မနည်းသော အားကို နံရံအား ဒေါင့်မှန်ကျ သက်ရောက်စေသော အခြေအနေအတွက် ဒီဇိုင်းပြုလုပ်ရမည်။ ဝန်အားထမ်း နံရံများနှင့် Framing System တို့၏ အဆက်များသည်လည်း အားသက်ရောက်မှု အမျိုးမျိုး တို့ကို ခံနိုင်ရည်ရှိရမည်။

### ၃.၄.၁၁.၂။ Anchorage of Concrete or Masonry Structural Walls

ကွန်ကရစ် သို့မဟုတ် အုတ်နံရံများနှင့် ထောက်မချက်တို့၏ စွဲမြဲကုပ်တွယ်မှုသည် အောက်ပါတို့ ထဲမှ အများဆုံးခုခံအားကို ပေးဆောင်နိုင်သည့် တိုက်ရိုက်ချိတ်ဆက်မှုကို ထောက်ပံ့ပေးမည် ဖြစ်သည်။

(က) အပိုဒ်ခွဲ ၃.၄.၁၁.၁ တွင်ဖော်ပြထားသော အားများ၊

(ခ) 400 $S_{DS}I$ (lb/ft)

(ဂ) 200 (lb/ft)

နံရံ၏ အောက်ခြေအဆက်များသည် 4 ft ထက် ပိုမိုကွာဝေးသောအခါ ယင်းတို့ တစ်ခုနှင့် တစ်ခုအကြားရှိ Bending ကိုခံနိုင်စေရန် ဒီဇိုင်းပြုလုပ်ရမည်။

### ၃.၄.၁၁.၂.၁။ Anchorage of Concrete or Masonry Structural Walls to Flexible Diaphragms

လျောင်ဒီဇိုင်း အမျိုးအစား SDC C, D, E, F အဖြစ် သတ်မှတ်ထားသော အဆောက်အအုံများတွင် ကွန်ကရစ် သို့မဟုတ် အုတ်နံရံများနှင့် အားပျော့သောကြမ်းခင်းတို့ ကုပ်တွယ်ချည်နှောင်ထားရှိမှုအတွက် အပိုဒ်ခွဲ ၃.၄.၁၁.၂ တွင် ဖော်ပြထားသော အချက်များအပြင် အောက်ပါ ညီမျှခြင်း ၃.၄.၃၇ ပါ Out-of-Plane အားကို ခံနိုင်စေရမည်။

$$F_P = 0.8 S_{DS} I W_P \qquad \text{Eq. (3.4.37)}$$

*where*

$F_P$ = *the design force in the individual anchors*

$S_{DS}$ = *the design spectral response acceleration parameter at short periods per Section 3.4.1.4.4*

$I$ = *the occupancy importance factor per Section 3.4.1.5.1*

$W_p$ = *the weight of the wall tributary to the anchor*

### ၃.၄.၁၁.၂.၂။ Additional Requirements for Diaphragms in Structures Assigned to Seismic Design Categories C through F

#### ၃.၄.၁၁.၂.၂.၁။ Transfer of Anchorage Forces into Diaphragm

Diaphragm Chords များအကြားရှိ Anchorage အားများကို Diaphragm များအတွင်း မျှဝေနိုင်စေရန် အဆက်မပြတ်သော Tie နှင့် Strut များ အသုံးပြုရမည်။ Diaphragm Connection များသည် Positive, Mechanical သို့မဟုတ် Welded ဖြစ်ရမည်။ Anchorage အားကို Main Continuous Cross-Tie သို့ ဖြန့်ဝေနိုင်ရန် Chord များအသုံးပြု၍ Sub-Diapragm တစ်ခုတည်ဆောက်နိုင်သည်။ Sub-Diapragm တစ်ခု၏ အများဆုံး အလျား-အနံ အချိုးသည် 2.5 to 1 ဖြစ်ရမည်။ Connection နှင့် Anchorage များသည် Diaphragm များနှင့် တွဲဆက်ထားသော အစိတ်အပိုင်းများအကြားရှိ အားများကို ခံနိုင်ရမည်။ Connector များကို အားကူးပြောင်းရန်အတွက် လုံလောက်သော အကွာအဝေးရရှိနိုင်သည်အထိ Diaphragm များအတွင်း ထည့်သွင်းထားရမည်။

#### ၃.၄.၁၁.၂.၂.၂။ Steel Elements of Structural Wall Anchorage System

ဤအခန်းရှိ ပြဋ္ဌာန်းချက်များမှအပ Anchor Bolt နှင့် Reinforcing Steel များမဟုတ်လျှင် Structural နံရံများ၏ Anchorage System များရှိ ဒီဇိုင်းအားများကို 1.4 ဆတိုးမြှင့်တွက်ချက်ရမည်။

#### ၃.၄.၁၁.၂.၂.၃။ သစ်သားကြမ်းခင်းများ (Wood Diaphrams)

သစ်သားကြမ်းခင်းများတွင် Diaphragm အခင်းပြားများအပြင် Continuous Tie များ ထည့်သွင်းပေးရမည်။ Anchorage များပြုလုပ်ရာတွင် ပြန်လည်ပြုတ်ထွက်နိုင်သော Toe Nail များ၊ Cross-Grain Bending နှင့် Cross-Grain Tension များဖြစ်ပေါ်စေနိုင်သော Wood Ledgers များကို ထည့်သွင်း မစဉ်းစားရ။

#### ၃.၄.၁၁.၂.၂.၄။ သတ္တုကြမ်းခင်းများ (Metal Deck Diaphragms)

ယခုအပိုင်းတွင် Metal Deck ၏ကန့်လန့်ဖြတ်လားရာအတွက် Metal Deck ကို Continuous Tie အဖြစ် မယူဆသင့်ပါ။

#### ၃.၄.၁၁.၂.၂.၅။ Embedded Straps

Diaphragm ကို Structural နံရံများနှင့် တွဲဆက်ရာတွင် အသုံးပြုသော Embedded Strap များကို Reinforcing Steel များနှင့် မြဲမြံစွာ တွဲဆက်ထားမိစေရန် ဆောင်ရွက်ရမည်။

#### ၃.၄.၁၁.၂.၂.၆။ Eccentrically Loaded Anchorage System

အကယ်၍ နံရံတွဲဆက်မှုစနစ်၏ အစိတ်အပိုင်းများသည် ဗဟိုသွေဖည်၍ ဝန်အားများ သက်ရောက်ခြင်း (Loaded Eccentricity) ခံနေရပါက ဗဟိုသွေဖည်မှုကြောင့် ဖြစ်ပေါ် လာသော အားများကို ခံနိုင်အောင် ဒီဇိုင်းရေးဆွဲရပါမည်။

#### ၃.၄.၁၁.၂.၂.၇။ Walls with Pilasters

နံရံတွင် Pilaster များရှိနေပါက တွဲဆက်မှုများရှိ အားများကို တွက်ယူရာတွင် Pilaster များရှိ အားများအပြင် နံရံမှ Pilaster များသို့ သက်ရောက်လာမည့် အားများကိုပါ ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် အနည်းဆုံးရှိရမည့် Anchorage Force ထက် မလျော့နည်းစေရ။

## ၃.၄.၁၂။ အထပ်ရွေ့နှင့် ပုံစံပျက်ယွင်းမှု (Drift and Deformation)

### ၃.၄.၁၂.၁။ အထပ်ရွေ့ကန့်သတ်ချက်များ (Storey Drift Limit)

အပိုဒ်ခွဲ ၃.၄.၈.၆၊ ၃.၄.၉.၂ နှင့် ၃.၄.၃.၁ တို့တွင်ပါရှိသည့် အထပ်ရွေ့သည် ဇယား ၃.၄.၁၅ ပါ လက်ခံနိုင်သော အထပ်လိုက်အရွေ့ ($\Delta_a$) ထက်မပိုစေရ။ Torsional လိမ်၍ ကွေးညွှတ်မှု များသော အဆောက်အအုံများတွင် အများဆုံးအထပ်လိုက်အရွေ့ကို တွက်ချက်ရာတွင် Torsional Effect များကို ထည့်သွင်းစဉ်းစားရမည်။ ငလျင်ဒီဇိုင်း အမျိုးအစား SDC C, D, E, F အဆောက်အအုံများတွင် ဇယား ၃.၄.၉ ပါ H1a, H1b အလျားလိုက်ပုံသဏ္ဌာန် မညီညွတ်မှုများ ရှိပါက အထပ်လိုက်ဒီဇိုင်းအရွေ့ကို လားရာတစ်ခုစီအတွက် အဆောက်အအုံအစွန်းများ

တစ်လျှောက် အပေါ်ထပ်နှင့် အောက်ထပ်တွင် ဖြစ်ပေါ်နေသော ကွေးညွှတ်မှုအများဆုံး ခြားနားချက်အဖြစ် တွက်ယူရမည်။

### ၃.၄.၁၂.၁.၁။ လျှောင်ဒီဇိုင်း အမျိုးအစား SDC D, E, F ရှိ Moment Frame အဆောက်အအုံများ

လျှောင်ဒီဇိုင်း အမျိုးအစား SDC D, E, F Moment Frame အဆောက်အအုံများ၏ ဒီဇိုင်း အထပ်ရွေ့ Design Story Drift Δ သည် Δ/ρ ထက်မပိုစေရ။ ρ ကို အပိုဒ်ခွဲ ၃.၄.၃.၄.၂ တွင် ဖော်ပြ ထားသည့်အတိုင်း တွက်ယူရမည်။

### ၃.၄.၁၂.၂။ ကြမ်းခင်း ကွေးညွှတ်ခြင်း (Diaphragm Deflection)

တွက်ယူရရှိသောကြမ်းခင်း ကွေးညွှတ်ကျခြင်းသည် ယင်းကြမ်းခင်းနှင့် တွဲဆက်ထားသော ပစ္စည်းများ၏ ခွင့်ပြုနိုင်သောအရွေ့များထက် မများစေရ။ တွဲဆက်ထားသော ပစ္စည်းများ၏ ခွင့်ပြုနိုင်သော အရွေ့ဆိုသည်မှာ Structural Integrity မပျက် ရည်ရွယ်ထားသော သက်ရောက်အားများကို ခံနိုင်စေမည့် အရွေ့ဖြစ်သည်။

**TABLE 3.4.15 ALLOWABLE STOREY DRIFT, $\Delta_a$ [a.b]**

| Structure | Occupancy Category | | |
|---|---|---|---|
| | I, II | III | IV |
| Structures, other than masonry shear wall structures, 4 storeys or less with interior walls, partitions, ceilings and exterior wall systems that have been designed to accommodate the storey drifts. | $0.025h_{sx}$[c] | $0.020hsx$ | $0.015hsx$ |
| Masonry cantilever shear wall structures [d] | $0.010h_{sx}$ | $0.010h_{sx}$ | $0.010h_{sx}$ |
| Other masonry shear wall structures | $0.007h_{sx}$ | $0.007h_{sx}$ | $0.007h_{sx}$ |
| All other structures | $0.020h_{sx}$ | $0.015h_{sx}$ | $0.010h_{sx}$ |

a. $h_{sx}$ is the storey height below Level x .
b. For seismic force–resisting systems comprised solely of moment frames in Seismic Design Categories D, E, and F, the allowable storey drift shall comply with the requirements of Section 3.4.12.1.1.
c. There shall be no drift limit for single-storey structures with interior walls, partitions, ceilings, and exterior wall systems that have been designed to accommodate the storey drifts. The structure separation requirement of Section 3.4.12.3 is not waived.
d. Structures in which the basic structural system consists of masonry shear walls designed as vertical elements cantilevered from their base or foundation support which are so constructed that moment transfer between shear walls (coupling) is negligible.

#### ၃.၄.၁၂.၃။ အဆောက်အအုံ တစ်ခုနှင့်တစ်ခု ခွာထားခြင်း (Building Separation)

အဆောက်အအုံအချင်းချင်း တိုက်ခိုက်မှုမရှိစေရန်အတွက် တစ်ခုနှင့်တစ်ခု အကြားတွင် အပိုဒ်ခွဲ ၃.၄.၈.၆ တွင် ဖော်ပြထားသကဲ့သို့ လုံလောက်သောအကွာအဝေး ($δ_X$) ခွာမထားလျှင် အဆိုပါ အဆောက်အအုံ၏ အစိတ်အပိုင်းအားလုံးကို တစ်စုတစ်စည်းတည်းအဖြစ် ဒီဇိုင်း ပြုလုပ်တည်ဆောက်ရမည်။

#### ၃.၄.၁၂.၄။ ငလျင်ဒီဇိုင်းအမျိုးအစား D မှ F အတွက် ပုံစံပျက်ယွင်းမှုမျှစေခြင်း( Deformation Compatibility for Seismic Design Categories D through F)

ငလျင်ဒီဇိုင်းအမျိုးအစား SDC D, E, F အဆောက်အအုံများ၌ လားရာတစ်ခုစီအတွက် ငလျင်အား ခံနိုင်ရည်စနစ် Seismic Force-Resisting System တွင် မပါဝင်သော အစိတ်အပိုင်း အားလုံးသည် မြေဆွဲအား Gravity Load နှင့်ဒီဇိုင်းအထပ်ရွှေ့ Design Story Drift ကြောင့် ဖြစ်ပေါ်သော အားများကို ခံနိုင်စေရမည်။

ခြွင်းချက်။ ငလျင်အားခံနိုင်ရည်စနစ် Seismic Force - Resisting System တွင် မပါဝင်သော အားကူကွန်ကရစ်အစိတ်အပိုင်းများသည် ACI 318-08 နှင့်ကိုက်ညီစေရမည်။

ငလျင်အား ခံနိုင်ရည်စနစ် Seismic Force - Resisting System တွင် မပါဝင်သော အစိတ်အပိုင်းများ၏ လားရာတစ်ခုအတွက် Shear နှင့် Moment များကို ရှာဖွေရာတွင် ယင်းနှင့်ထိစပ်နေသော တောင့်တင်းသော အစိတ်အပိုင်းများ Rigid Structural and Nonstructural Elements ၏ တောင့်ခံနိုင်မှု Stiffness ကိုထည့်သွင်းစဉ်းစား၍ အစိတ်အပိုင်း များနှင့် Restraint Stiffness များအတွက် လိုအပ်သော လက်တွေ့ကျသည့် တန်ဖိုး Rational Value များကိုအသုံးပြုနိုင်သည်။

## ၃.၅။ ကွန်ကရစ်

ယခုစာပိုဒ်တွင်ပါဝင်သော အပိုဒ် ၃.၅.၃ မှ ၃.၅.၈ အထိ စာများအတွက် ACI 318-05 မှ စာပိုဒ်များနှင့် မတူစေရန် စာလုံးစောင်းများ (Italics) အသုံးပြုထားပါသည်။

### ၃.၅.၁။ အထွေထွေ

#### ၃.၅.၁.၁။ နယ်ပယ်

ယခုစာပိုဒ်တွင်ပါဝင်သော အချက်များသည်အသုံးပြုမည့် ပစ္စည်းများ၊ အရည်အသွေး ထိန်းသိမ်းခြင်း၊ ဆောက်လုပ်ရာတွင် အသုံးပြုသွားမည့် ကွန်ကရစ်၏ ဒီဇိုင်းနှင့် အသုံးပြုပုံများ အတွက် ဖြစ်ပါသည်။

### ၃.၅.၁.၂။ သံကူမပါသောကွန်ကရစ်နှင့် သံကူကွန်ကရစ်

ဆောက်လုပ်ရေးဆိုင်ရာ ကွန်ကရစ်ကို ဤစာပိုဒ်နှင့် အပိုဒ် ၃.၅.၄ တွင် ပြင်ဆင်ထားသည့် ACI 318-08 တို့၏ လိုအပ်ချက်များနှင့်အညီ ဒီဇိုင်းရေးဆွဲ တည်ဆောက်ရပါမည်။ မြေပြင်ပေါ်တွင် တင်လောင်းသည့် သံကူကွန်ကရစ်အခင်းပြားများသည် အဆောက်အအုံ၏ အခြားသော အစိတ်အပိုင်းများမှလာသော ဘေးတိုက်နှင့် ဒေါင်လိုက်ဝန်အားများကို မြေပြင်ပေါ်သို့ မပို့ပေးပါက ၁၉၀၄ နှင့် ၁၉၁၀ (IBC -2006) နှင့် သက်ဆိုင်မည် မဟုတ်ပါ။

### ၃.၅.၁.၃။ ရင်းမြစ်နှင့် အသုံးချပုံ

စာပိုဒ် ၅.၂ မှ ၅.၄ နှင့် ၅.၆ အထိသည် ACI 318-05 တွင်ပါဝင်သော ဆောက်လုပ်ရေးဆိုင်ရာ ကွန်ကရစ်ဆိုင်ရာ စာပိုဒ်များနှင့်အညီ သတ်မှတ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ စာပိုဒ် ၅.၅ ၊ ၅.၇ နှင့် ၅.၈ တို့သည် ACI Code ၏ အခန်း ၅၊ ၇၊ ၈ များမှ ပြန်လည်အသုံးပြုထားခြင်းများဖြစ်သည်။

### ၃.၅.၁.၄။ ဒီဇိုင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာစာရွက်စာတမ်းများ

ဆောက်လုပ်သွားမည့် ကွန်ကရစ်အဆောက်အအုံအတွက် ဒီဇိုင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကွန်ကရစ်တစ်ခုစီ၏ ရည်ရွယ်ထားသော သက်တမ်း သို့မဟုတ် တည်ဆောက်ဆဲ အဆင့်များရှိ သတ်မှတ်ထားသော ကွန်ကရစ်၏ ဖိအား

(၂) သံချောင်းများ၏ သတ်မှတ်ခံနိုင်အား သို့မဟုတ် အဆင့်

(၃) အဆောက်အအုံအစိတ်အပိုင်းများ၊ သံချောင်းများနှင့် ချည်နှောင်ပစ္စည်းများ၏ အရွယ်အစားနှင့် နေရာ

(၄) ကျုံ့ခြင်းနှင့် အပူချိန်များမှ ဖြစ်ပေါ်လာမည့် အတိုင်းအတာပြောင်းလဲမှု သတ်မှတ်ချက်များ

(၅) ကြိုဖိအားများ၏ ပမာဏနှင့်တည်နေရာ

(၆) သံချောင်းများ ကွန်ကရစ်မှ ချော်ထွက်မသွားစေရန် ကွန်ကရစ်အတွင်း မြှုပ်ပေးရမည့် သံချောင်း၏အရှည် ဆက်ပေးရမည့် သံချောင်း၏နေရာနှင့် အရှည်

(၇) ဂဟေဆော်ဆက်ထားသော သံချောင်းများ၏ ပုံစံနှင့် နေရာ

(၈) သံကူမပါသော ကွန်ကရစ်အတွက် ကျုံ့နိုင်ကြွနိုင်စေရန်ထားရှိသော အဆက်များ၏ အသေးစိတ်ပုံစံနှင့် တည်နေရာ

(၉) Post-tensioning လုပ်နေချိန်တွင် ကွန်ကရစ်၏ အနည်းဆုံး ဖိအားခံနိုင်မှု

(၁၀)Post-tensioning နည်းပညာအတွက် ဆွဲအားပေးမှုအစီအစဉ်


*Directionality Factor $K_d$ has been calibrated with combinations of loads specified in Section 2. This factor shall only be applied when used in conjunction with load combinations specified in 2.3 and 2.4.

## မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ -၂၀၂၅
## အပိုင်း (၃) တွင် ပါဝင်ဆောင်ရွက်ကြသူများ

| | | |
|---|---|---|
| ၁။ | ဦးစောထွေးဇော် | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဦးစောပြည့်အောင် | အတွင်းရေးမှူး |
| ၃။ | ဦးဘိုဘိုကျော် | အဖွဲ့ဝင် |
| ၄။ | ဦးချမ်းအေး | အဖွဲ့ဝင် |
| ၅။ | ဒေါ်ချမ်းငြိမ်းသူ | အဖွဲ့ဝင် |
| ၆။ | ဒေါ်အိအိဖြူ | အဖွဲ့ဝင် |
| ၇။ | ဦးလှနိုင် | အဖွဲ့ဝင် |
| ၈။ | ဒေါ်နှင်းရွှေရည် | အဖွဲ့ဝင် |
| ၉။ | ဒေါ်ထက်အိအိခင် | အဖွဲ့ဝင် |
| ၁၀။ | ဦးထင်အောင် | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာခင်အေးမွန် | အဖွဲ့ဝင် |
| ၁၂။ | ဦးခင်မောင်တင့် | အဖွဲ့ဝင် |
| ၁၃။ | ဦးခင်မောင်ဇော် | အဖွဲ့ဝင် |
| ၁၄။ | ဒေါ်ခင်မျိုးသက် | အဖွဲ့ဝင် |
| ၁၅။ | ဒေါက်တာ ကျော်ကျော် | အဖွဲ့ဝင် |
| ၁၆။ | ဒေါ်မြမြဝင်း | အဖွဲ့ဝင် |
| ၁၇။ | ဒေါက်တာ မြစန္ဒာဝင်း | အဖွဲ့ဝင် |
| ၁၈။ | ဒေါ်မြတ်မွန်ဦး | အဖွဲ့ဝင် |
| ၁၉။ | ဦးမြင့်သိန်း | အဖွဲ့ဝင် |
| ၂၀။ | ဦးမျိုးထက်ကျော် | အဖွဲ့ဝင် |
| ၂၁။ | ဦးမျိုးမင်းလတ် | အဖွဲ့ဝင် |
| ၂၂။ | ဒေါက်တာ နီနီမိုးကျော် | အဖွဲ့ဝင် |
| ၂၃။ | ဒေါ်နီလာအေး | အဖွဲ့ဝင် |
| ၂၄။ | ဒေါ်နုနုဝင်း | အဖွဲ့ဝင် |
| ၂၅။ | ဒေါက်တာ ဉာဏ်မြင့်ကျော် | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၂၆။ | ဦးညွန့်မောင်စန်း | အဖွဲ့ဝင် |
| ၂၇။ | ဒေါ်ဖြိုးကေသီ | အဖွဲ့ဝင် |
| ၂၈။ | ဒေါ်စန်းစန်းသွင် | အဖွဲ့ဝင် |
| ၂၉။ | ဦးရွှေကျော်လှ | အဖွဲ့ဝင် |
| ၃၀။ | ဦးရွှေသန်းစိုး | အဖွဲ့ဝင် |
| ၃၁။ | ဦးစိုးမြင့် | အဖွဲ့ဝင် |
| ၃၂။ | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၃၃။ | ဒေါ်စိုးစိုးတင် | အဖွဲ့ဝင် |
| ၃၄။ | ဒေါက်တာ စုစုကြည် | အဖွဲ့ဝင် |
| ၃၅။ | ဦးသိန်းဇော် | အဖွဲ့ဝင် |
| ၃၆။ | ဒေါက်တာ သက်မွန်စန်း | အဖွဲ့ဝင် |
| ၃၇။ | ဒေါ်သီရိစိုး | အဖွဲ့ဝင် |
| ၃၈။ | ဦးသူရနိုင် | အဖွဲ့ဝင် |
| ၃၉။ | ဒေါက်တာ တိုးတိုးဝင်း | အဖွဲ့ဝင် |
| ၄၀။ | ဦးဝေဖြိုးလင်း | အဖွဲ့ဝင် |
| ၄၁။ | ဦးဝေရာအောင် | အဖွဲ့ဝင် |
| ၄၂။ | ဒေါ်ဝင်းမွန်မွန်လွင် | အဖွဲ့ဝင် |
| ၄၃။ | ဒေါ်ရီကြည်ပြာ | အဖွဲ့ဝင် |
| ၄၄။ | ဒေါ်ယဉ်မင်းထိုက် | အဖွဲ့ဝင် |
| ၄၅။ | ဒေါက်တာ ယုမောင် | အဖွဲ့ဝင် |
| ၄၆။ | ဒေါ်ယုယုဆွေ | အဖွဲ့ဝင် |
| ၄၇။ | ဦးဇာလီချမ်း | အဖွဲ့ဝင် |
| ၄၈။ | ဦးဇော်ဇော်အောင် | အဖွဲ့ဝင် |

# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်း

# လမ်းညွှန်ချက်များ

# ၂၀၂၁

အပိုင်း ၄

မြေနှင့် အုတ်မြစ်

## အပိုင်း ၄

## မြေနှင့်အုတ်မြစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **၄.၁။** | **အထွေထွေ** | **၁-၆** |
| ၄.၁.၁။ | နယ်ပယ် | ၁ |
| ၄.၁.၂။ | ကိုးကားကျမ်းနှင့် စံနှုန်းများ | ၁ |
| ၄.၁.၃။ | ဒီဇိုင်းပုံစံ | ၁ |
| ၄.၁.၄။ | အရည်အဖြစ်ပျော်စီးခြင်း (Liquefaction) | ၂ |
| ၄.၁.၅။ | အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် သင်္ကေတများ | ၃ |
| **၄.၂။** | **ဘူမိနည်းပညာဆိုင်ရာ စူးစမ်းလေ့လာခြင်း (Geotechnical Investigation)** | **၇** |
| ၄.၂.၁။ | အထွေထွေ | ၇ |
| ၄.၂.၂။ | လိုအပ်သော စူးစမ်းလေ့လာချက်များ (Investigations required) | ၇ |
| ၄.၂.၃။ | Soil Classification | ၇ |
| ၄.၂.၄။ | Investigation | ၇ |
| ၄.၂.၅။ | Soil Boring and Sampling | ၇ |
| ၄.၂.၆။ | Reports | ၇ |
| **၄.၃။** | **မြေတူးခြင်း၊ မြေညှိခြင်းနှင့် မြေဖို့ခြင်း** | **၈-၁၀** |
| ၄.၃.၁။ | အုတ်မြစ်အခြေ (သို့မဟုတ်) အုတ်မြစ်များအနီးမြေတူးခြင်း | ၈ |
| ၄.၃.၂။ | မြေပြန်ဖို့ခြင်း | ၈ |
| ၄.၃.၃။ | လုပ်ငန်းခွင်မြေညှိခြင်း | ၈ |
| ၄.၃.၄။ | ရေလွှမ်းမိုးနိုင်သောဒေသများတွင် မြေညှိခြင်းနှင့် မြေဖို့ခြင်း | ၈ |
| ၄.၃.၅။ | သိပ်သည်းမှုရှိရမည့် ဖို့မြေအမျိုးအစား | ၉ |
| ၄.၃.၆။ | ပြုပြင်ထားသည့် ခံနိုင်ရည်နည်းသောမြေအမျိုးအစား | ၁၀ |
| **၄.၄။** | **စိုထိုင်းမှုကာကွယ်ခြင်းနှင့် ရေလုံအောင်ပြုလုပ်ခြင်း** | **၁၁-၁၄** |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄.၄.၁။ | အထွေထွေ | ၁၁ |
| ၄.၄.၂။ | စိုထိုင်းမှု ကာကွယ်ခြင်း | ၁၂ |
| ၄.၄.၃။ | ရေလုံအောင်ပြုလုပ်ခြင်း | ၁၃ |
| ၄.၄.၄။ | မြေအောက်ရေထုတ်စနစ် | ၁၄ |
| **၄.၅။** | **မြေထိန်းနံရံစနစ်များ** | **၁၅** |
| ၄.၅.၁။ | အထွေထွေ | ၁၆ |
| ၄.၅.၂။ | ယာယီမြေထိန်းနံရံစနစ်များ | ၁၆ |
| **၄.၆။** | **မြေသား၏ခွင့်ပြုခံနိုင်ဝန်အားတန်ဖိုးများ** | **၁၇** |
| ၄.၆.၁။ | အထွေထွေ | ၁၇ |
| ၄.၆.၂။ | မြေသား၏ ခန့်မှန်းခံနိုင်ဝန်အား | ၁၇ |
| ၄.၆.၃။ | ဘေးတိုက်လျှောခြင်းခံနိုင်ရည် | ၁၇ |
| **၄.၇။** | **အုတ်မြစ်များ** | **၁၈-၂၁** |
| ၄.၇.၁။ | အထွေထွေ | ၂၀ |
| ၄.၇.၂။ | အုတ်မြစ်များ၏အနက် | ၂၀ |
| ၄.၇.၃။ | လျှောစောက်များတွင် အုတ်မြစ်များကို တည်ဆောက်ခြင်း | ၂၀ |
| ၄.၇.၄။ | အုတ်မြစ်များ | ၂၀ |
| ၄.၇.၅။ | အုတ်မြစ်နံရံများ(Foundation Walls) | ၂၀ |
| ၄.၇.၆။ | ဘေးတိုက်ဝန်အားကို ထည့်သွင်းစဉ်းစားသော ဒီဇိုင်းများ | ၂၀ |
| ၄.၇.၇။ | ပွလွယ်သောမြေများအတွက် ဒီဇိုင်း | ၂၁ |
| ၄.၇.၈။ | ငလျင်အတွက်လိုအပ်ချက်များ | ၂၁ |
| **၄.၈။** | **ပိုင်တိုင်များအတွက် ယေဘုယျလိုအပ်ချက်များ** | **၂၂** |
| ၄.၈.၁။ | ယေဘုယျ (General) | ၂၂ |
| ၄.၈.၂။ | Special types of piles | ၂၂ |
| ၄.၈.၃။ | Pile caps | ၂၂ |
| ၄.၈.၄။ | Stability | ၂၂ |
| ၄.၈.၅။ | Structural integrity | ၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄.၈.၆။ | Splices | ၂၂ |
| ၄.၈.၇။ | Allowable pier or pile loads | ၂၂ |
| ၄.၈.၈။ | Lateral support | ၂၃ |
| ၄.၈.၉။ | Use of higher allowable pier or pile stresses | ၂၃ |
| ၄.၈.၁၀။ | Piles in subsiding areas | ၂၃ |
| ၄.၈.၁၁။ | Negative skin friction or down drag force | ၂၃ |
| ၄.၈.၁၂။ | Settlement analysis | ၂၃ |
| ၄.၈.၁၃။ | Pre – excavation | ၂၃ |
| ၄.၈.၁၄။ | Installation sequence | ၂၃ |
| ၄.၈.၁၅။ | Use of vibratory drivers | ၂၃ |
| ၄.၈.၁၆။ | Pile drivability | ၂၃ |
| ၄.၈.၁၇။ | Protection of pile materials | ၂၃ |
| ၄.၈.၁၈။ | Use of existing piers or piles | ၂၃ |
| ၄.၈.၁၉။ | Heaved piles | ၂၃ |
| ၄.၈.၂၀။ | Identification | ၂၃ |
| ၄.၈.၂၁။ | Pier or pile location plan | ၂၃ |
| ၄.၈.၂၂။ | Spacing of piles | ၂၃ |
| ၄.၈.၂၃။ | Special inspection | ၂၄ |
| ၄.၈.၂၄။ | Seismic design of piers or piles | ၂၄ |
| **၄.၉။** | **ထိုးသွင်းပိုင်တိုင်များ** | **၂၅** |
| **၄.၁၀။** | **သွန်းလောင်းကွန်ကရစ်ပိုင်တိုင်များ** | **၂၆** |
| **၄.၁၁။** | **ပေါင်းစပ်ပိုင်တိုင်များ** | **၂၇** |
| **၄.၁၂။** | **ပိုင်တိုင်အုတ်မြစ်များ** | **၂၈** |
| **၄.၁၃။** | **အခြားလိုအပ်ချက်များ** | **၂၉** |
| | **APPENDIX A** | **၃၀** |
| | **APPENDIX B** | **၃၃** |

# အပိုင်း ၄

# မြေနှင့်အုတ်မြစ်

## ၄.၁။ အထွေထွေ

### ၄.၁.၁။ နယ်ပယ်

ဤအပိုင်းတွင် အောက်ခံမြေ၏ ခံနိုင်ရည်အားနှင့် အုတ်မြစ်တည်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းများ၏ ခွင့်ပြုနိုင်သော ခံနိုင်ရည်အားထက်မပိုစေဘဲ ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် သုံးစွဲချိန်အဆင်ပြေမှု အာမခံနိုင်စေရန် ဆောင်ရွက်ရမည့် သီးခြားအုတ်မြစ်များ၊ အုတ်မြစ်တွဲများ၊ အမြှောင်းလိုက် အုတ်မြစ်များ၊ ပြင်လိုက်အုတ်မြစ်များ၊ ပိုင်တိုင်များနှင့် အခြားအုတ်မြစ် အမျိုးအစားများ အစရှိသော အဆောက်အအုံ၏ မြေနှင့်အုတ်မြစ် ဒီဇိုင်းပုံစံ များအားလုံး အကျုံးဝင်ပါသည်။ ငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းပုံစံများ နှင့်သက်ဆိုင်သော သတ်မှတ်ချက် အချို့လည်း ပါဝင်ပါသည်။

ဒေသအခြေအနေနှင့် အံဝင်ဂွင်ကျရှိမှု၊ ဒေသထွက်ပစ္စည်းများ အသုံးပြုနိုင်မှု၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှုနှင့် အရင်းအမြစ်များကို စီးပွားရေးတွက်ခြေကိုက်အောင် အသုံးချ နိုင်မှု တို့ကိုအခြေခံပြီး မြေနှင့်အုတ်မြစ်လုပ်ငန်းများ၏ ဒီဇိုင်းကို ဆောင်ရွက်ရပါမည်။ အဆောက် အအုံ အမျိုးအစား၊ ပစ္စည်းနှင့်နည်းပညာရရှိနိုင်မှုနှင့် မြေနှင့်ကျောက်တို့အား စမ်းသပ်လေ့လာမှု အချက်အလက်များ စသည်တို့ကို သေချာစွာစဉ်းစားပြီးမှ ဒီဇိုင်းကို ဆောင်ရွက်ရပါမည်။

### ၄.၁.၂။ ကိုးကားကျမ်းနှင့် စံနှုန်းများ

ဤအပိုင်းတွင် ကိုးကားထားသော အခြားကျမ်းနှင့် စံနှုန်းများအား ဤလမ်းညွှန်ချက်၏ လိုအပ်ချက် တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းစဉ်းစားရမည်။ အကယ်၍ ဤအပိုင်းတွင် သီးခြား သတ်မှတ်ထားခြင်းမရှိပါက ကိုးကားကျမ်းနှင့် စံနှုန်းများ၏မူသည် IBC 2006 နှင့် ကိုက်ညီရမည်။ ဤအပိုင်း၏ လိုအပ်ချက်များနှင့် ကိုးကားကျမ်းနှင့်စံနှုန်းများအကြား ကွဲလွဲမှုရှိလျှင် ဤအပိုင်း၏ လိုအပ်ချက်ကို ကျင့်သုံးရမည်။

### ၄.၁.၃။ ဒီဇိုင်းပုံစံ

ဤအပိုင်း၌ပါဝင်သော ခွင့်ပြုနိုင်သောခံနိုင်ရည်အား၊ ခွင့်ပြုနိုင်သောဒဏ်အားနှင့် ဒီဇိုင်း ပုံသေနည်းများကို အဆောက်အအုံဒီဇိုင်း အပိုဒ် ၃.၂.၁ ၌ သတ်မှတ်ထားသော ခွင့်ပြုနိုင်သော

ဒဏ်အားဒီဇိုင်းဝန်အတွဲများနှင့်အတူ အသုံးပြုရမည်ဖြစ်ပါသည်။ မြေတူးလုပ်ငန်းနှင့် အုတ်မြစ်လုပ်ငန်းတို့ကို တည်ဆောက်ရာ၌ အသုံးပြုသောပစ္စည်းများ၏ အရည်အသွေးနှင့်ဒီဇိုင်းသည် အဆောက်အအုံဒီဇိုင်း၊ ကွန်ကရစ်၊ အင်္ဂတေနှင့် သံချောင်းအပိုင်းတို့၌ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်။ မြေတူးခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းတို့အတွက် ဒီဇိုင်းနှင့် တည်ဆောက်ရေးပြုလုပ်ရာတွင် တည်ဆောက်စဉ် ဘေးအန္တရာယ်ကင်းရှင်းမှု၊ အနီးအနားရှိ အများပြည်သူနှင့် ပုဂ္ဂလိကပစ္စည်းဥစ္စာများအား ကာကွယ်မှုတို့ကို ဦးစားပေးဆောင်ရွက်ရပါမည်။

### ၄.၁.၃.၁။ လျှောင်တွန်းအားခံ အုတ်မြစ်ဒီဇိုင်း တွက်ချက်ခြင်း

အုတ်မြစ်ဒီဇိုင်းတွင် အဆောက်အအုံဒီဇိုင်း အပိုဒ် ၃.၄.၂ ၌ ဖော်ပြထားသော ဝန်အတွဲများကို အသုံးပြုပြီး လျှောင်တွန်းအားကို equivalent lateral force method သို့မဟုတ် model analysis အသုံးပြုတွက်ချက်ခဲ့ပါက အုတ်မြစ်ဒီဇိုင်းတွက်ချက်မှုသည် အပိုဒ် ၃.၄.၂ သတ်မှတ်ချက်နှင့်အညီ ဖြစ်ရမည်။

#### ၄.၁.၃.၁.၁။ အုတ်မြစ်လည်ခြင်းအား လျှော့ချခြင်း

အောက်ပါအချက်နှစ်ခုလုံးနှင့် ကိုက်ညီသောအဆောက်အအုံ၏ အုတ်မြစ်များ၌ မြေနှင့် အုတ်မြစ်ကြားရှိ လည်အားသက်ရောက်မှုကို ၂၅ % လျှော့ချရန် ခွင့်ပြုထားပါသည်။

(က) အဆောက်အအုံဒီဇိုင်း အပိုဒ် ၃.၄.၂ ၌ ဖော်ပြထားသော Equivalent Lateral Force Analysis အရ အဆောက်အအုံအား ဒီဇိုင်းပြုလုပ်ထားခြင်း။

(ခ) အဆောက်အအုံသည် နာရီချိန်သီး ပြောင်းပြန်ပုံစံမဟုတ်ခြင်း သို့မဟုတ် အစွန်းထွက်နေသော တိုင်ပုံစံမဟုတ်ခြင်း။

အဆောက်အအုံဒီဇိုင်း အပိုဒ် ၃.၄.၂ ရှိ Model Analysis ကို လိုအပ်ချက်နှင့်အညီ ဒီဇိုင်းပြု လုပ်ထားသော အဆောက်အအုံအုတ်မြစ်များ၌ မြေနှင့်အုတ်မြစ်ကြားရှိ လည်အားသက်ရောက်မှု ကို ၁၀ ရာခိုင်နှုန်း လျှော့ချရန် ခွင့်ပြုထားပါသည်။

### ၄.၁.၄။ ရေနှင့်တူသော အခြေအနေသို့ ပြောင်းခြင်း (Liquefaction)

စီမံကိန်းဧရိယာ၏ Liquefaction ဖြစ်နိုင်ခြေကို သက်ဆိုင်ရာပညာရှင်က လက်ရှိလက်ခံကျင့်သုံးနေကြသော တွက်ချက်နည်းများ အသုံးပြု၍ ဆုံးဖြတ်သတ်မှတ်ရမည်။ Liquefaction

ဖြစ်ခြင်းကြောင့် ထိခိုက်မှုကိုကာကွယ်နိုင်ပြီး စီမံကိန်း၏စွမ်းဆောင်ရည်နှင့် လုံခြုံစိတ်ချရမှု သို့မဟုတ် အဆောက်အအုံဆိုင်ရာအာဏာပိုင်များ၏ လိုအပ်ချက်များကို အာမခံနိုင်စေရန် ဆောင်ရွက်သင့်သည့် အစီအမံများကို သက်ဆိုင်ရာပညာရှင်က အဆိုပြုတင်ပြရမည်။

## ၄.၁.၅။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် သင်္ကေတများ

ဤအပိုင်းအတွက် အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် သင်္ကေတများကို အသုံးပြုရမည် ဖြစ်ပါသည်။

### ၄.၁.၅.၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အကယ်၍ အခြားနည်းလမ်းနှင့် ထင်ရှားစွာဖော်ပြခဲ့ခြင်းမရှိလျှင် ဤအပိုင်းအတွက် အောက်ဖော်ပြပါ စကားလုံးများနှင့် ဝေါဟာရများသည် ဤအခန်းတွင် ဖော်ပြထားသော အဓိပ္ပါယ် သက်ရောက်စေရမည်။ ဝေါဟာရများကို အခြားအပိုင်းများ သို့မဟုတ် ကိုးကားထားသော အခြားကျမ်းနှင့် စံနှုန်းများတွင် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ဤအပိုင်းတွင် သီးခြားဖော်ပြခြင်းမရှိပါက မူရင်းအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ဤသတ်မှတ်ချက်နှစ်မျိုးတွင် အကျုံးမဝင်သော ဝေါဟာရများသည် သက်ဆိုင်ရာအကြောင်းအရာပေါ်တွင် တည်မှီ၍ ပုံမှန်လက်ခံထားသည့် အဓိပ္ပါယ်သက်ရောက်စေရမည်။

**မြေအောက်ခန်း ။** မြေပြင်အောက် တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) လုံးလုံးလျားလျား ကျရောက်နေသော အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းဖြစ်သည်။

(အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။)

**အဆောက်အအုံ** ။ မည်သည့် အဆောက်အအုံမဆို အသုံးပြုရန် (သို့မဟုတ်) ထောက်မရန် ရည်ရွယ်ခြင်း (သို့မဟုတ်) မည်သည့်အသုံးပြုခြင်း (သို့မဟုတ်) နေထိုင်ခြင်း။

**Building Official**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Construction Documents**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Grade Plane**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Light – Frame Construction**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Registered Design Professional**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Story (also Storey)**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Story above Grade Plane**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**၄.၁.၅.၁.၁။ မြေနက်ပိုင်းအုတ်မြစ်များ (** Deep Foundations)

**Pier** နှင့် ပိုင်အုတ်မြစ်များနှင့် ဆက်စပ်သော အခန်းများတွင်သုံးမည့် အောက်ဖော်ပြပါ စကားလုံးများနှင့် ဝေါဟာရများသည် ဤအခန်းတွင် ဖော်ပြထားသော အဓိပ္ပါယ် သက်ရောက်စေရမည်။

**ကွေးညွှတ်အလျား (Flexual Length)** ။ ကွေးညွှတ်အလျားဆိုသည်မှာ ဘေးတိုက်အရွေ့သုညဖြစ်သည့် ပထမဆုံးနေရာမှ ပိုင်အုပ်ဆောင်း သို့မဟုတ် အထိန်းရက်မ၏ အောက်မျက်နှာပြင် အထိရှည်သောပိုင်၏ အလျားဖြစ်သည်။

**မိုက်ခရိုပိုင် (Micropiles)** ။ မိုက်ခရိုပိုင်ဆိုသည်မှာ အချင်း ၁၂ လက်မ (၃၀၅ မီလီမီတာ) သို့မဟုတ် ၎င်းထက်ငယ်၍ ဖိအားဖြင့် တိုက်ရိုက်သွန်းလောင်းရသည့် တွင်းတူးပိုင်ဖြစ်ပြီး သံမဏိ ပိုက် သို့မဟုတ် အားဖြည့်သံချောင်း ပါဝင်သည်။

**Pier အုတ်မြစ်** ။ Pier အုတ်မြစ်သည် အုတ် သို့မဟုတ် တိုက်ရိုက်သွန်းလောင်းသည့် ကွန်ကရစ်အစိတ်အပိုင်းများပါဝင်ပြီး မြေမာအတွင်း အထိုင်ချထားပါသည်။ Pier များ၏ အလျားသည် အငယ်ဆုံးအတိုင်းအတာ၏ ၁၂ ဆထက် ပိုလေ့မရှိပါ။ Pier ၏ ဝန်ထမ်းဆောင်နိုင်စွမ်းအားကို ဘေးပတ်လည်မြေခုခံအား၊ အောက်ခြေဝန်ထမ်းအား သို့မဟုတ် ၎င်းတို့နှစ်ခုပေါင်းမှ တွက်ချက်သည်။

**ခေါင်းလောင်းပုံ သို့မဟုတ် အောက်ခြေကား Pier အုတ်မြစ် (Belled piers)** ။ အောက်ခြေသည် ကျန်အပိုင်းအချင်းထက် ပိုမိုကြီးမားပြီး ကွန်ကရစ် တိုက်ရိုက် သွန်းလောင်း၍ တည်ဆောက်ရသော Pier အုတ်မြစ်ဖြစ်သည်။ အောက်ခြေဝန်ထမ်းအား တိုးမြှင့်ရန် စီမံထားသော Pier အုတ်မြစ် ဖြစ်သည်။

**ပိုင်အုတ်မြစ်** ။ ပိုင်အုတ်မြစ်သည် ကွန်ကရစ်၊ သစ်သား သို့မဟုတ် သံမဏိ အစိတ်အပိုင်းများကို မြေအတွင်းသို့ ရိုက်သွင်းခြင်း သို့မဟုတ် တိုက်ရိုက်သွန်းလောင်းခြင်း ဖြစ်ပါသည်။ ပိုင်များသည် အလျားသည် အငယ်ဆုံးအတိုင်းအတာ၏ ၁၂ ဆထက် ပိုများသည်။ ပိုင်၏ ဝန်ထမ်းဆောင် နိုင်စွမ်းအားကို ပိုင်ဘေးပတ်လည် မြေခုခံအား၊ အောက်ခြေဝန်ထမ်းအား သို့မဟုတ် ၎င်းတို့နှစ်ခု ပေါင်းမှ တွက်ချက်သည်။

**Augered uncased piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Caisson piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Concrete-filled steel pipe and tube piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Drilled uncased piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Driven uncased piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Enlarged base piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Steel-cased piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**Timber piles**

အသေးစိတ်ကို MNBC အင်္ဂလိပ်မူတွင်ကြည့်ပါ။

**အထူးစစ်ဆေးခြင်း။** အတည်ပြုထားသော တည်ဆောက်ရေးစာရွက်စာတမ်းများနှင့် ကိုးကားထားသော စံနှုန်းများအတိုင်း လိုက်နာမှုရှိစေရန် ပစ္စည်းများ၊ တည်ဆောက်တပ်ဆင် ထုတ်လုပ်ခြင်း သို့မဟုတ် အစိတ်အပိုင်းများ နေရာချထားခြင်းနှင့် ဆက်ခြင်းများကို အထူး ကျွမ်းကျင်သူများဖြင့် စစ်ဆေးခြင်း။

**အထူးစစ်ဆေးခြင်း၊ စဉ်ဆက်မပြတ်** ။ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းခွင်တွင် ခွင့်ပြုချက်ရ အထူးစစ်ဆေးရေးအရာရှိတစ်ဦးမှ အထူးစစ်ဆေးရန် အချိန်ပြည့် စောင့်ကြည့်ခြင်း။

**အထူးစစ်ဆေးခြင်း၊ ပုံမှန်/ ရံဖန်ရံခါ** ။ လုပ်ငန်းဆောင်ရွက်ပြီးချိန် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် အလုပ်ပြီးစီးသောအခါများတွင် လုပ်ငန်းခွင်တွင် ခွင့်ပြုချက်ရ အထူးစစ်ဆေးရေးအရာရှိတစ်ဦးမှ အထူးစစ်ဆေးရန် အချိန်ပိုင်း သို့မဟုတ် ရံဖန်ရံခါ စစ်ဆေးခြင်း။

### ၄.၁.၅.၂။ သင်္ကေတများ (Notations)

| | |
|---|---|
| $A_g$ | Pile cross-sectional area, square inches |
| $A_{ch}$ | Core area defined by spiral outside diameter |
| $A_{sh}$ | Cross-sectional area of transverse reinforcement |
| CLSM | Controlled low- strength material |
| E | Modulus of Elasticity |
| $f_c'$ | Specified compressive strength of concrete |
| $f_{yh}$ | Yield strength of spiral reinforcement |
| $f_{pc}$ | Effective stress on the gross section |
| $F_y$ | Minimum specified yield strength of steel |
| $F_b$ | Bending at fiber stress |
| $F_v$ | Longitudinal shear |
| $F_c$ | Axial compression |
| $F_{cb}$ | Axial compression when combined with bending |

| | |
|---|---|
| $F_{c(per)}$ | Compression perpendicular to grain |
| $F_{t(par)}$ | Tension parallel to grain |
| $F_{t(per)}$ | Tension perpendicular to grain |
| $h_c$ | Cross-sectional dimension of pile core measured center to center of hoop reinforcement |
| $P$ | Axial load on pile, pounds |
| SPT | Standard Penetration Test |
| $s$ | Spacing of transverse reinforcement measured along length of pile |
| $\rho_s$ | Spiral reinforcement index (vol. spiral/vol. core) |

## ၄.၂။ ဘူမိနည်းပညာဆိုင်ရာ စူးစမ်းလေ့လာခြင်း

### ၄.၂.၁။ အထွေထွေ

ဘူမိနည်းပညာဆိုင်ရာ စူးစမ်းလေ့လာမှုများကို အပိုဒ်ခွဲ ၄.၂.၂ မှ ၄.၂.၆ တွင် ဖော်ပြထားသည့်အတိုင်း လိုက်လျောညီထွေစွာ လုပ်ဆောင်ရပါမည်။ သက်ဆိုင်ရာ အဆောက်အအုံဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ သတ်မှတ်ချက်အရ မြေသားအမျိုးအစားခွဲခြားခြင်းနှင့် စူးစမ်းလေ့လာခြင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ဒီဇိုင်းပညာရှင်က ဆောင်ရွက်ရမည်။

### ၄.၂.၂။ လိုအပ်သော စူးစမ်းလေ့လာချက်များ (Investigations required)

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၂.၃။ Soil Classification

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၂.၄။ Investigation

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၂.၅။ Soil boring and sampling

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၂.၆။ Reports

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

## ၄.၃။ မြေတူးခြင်း၊ မြေညှိခြင်းနှင့် မြေဖို့ခြင်း

### ၄.၃.၁။ အုတ်မြစ်များအနီး မြေတူးခြင်း

မည်သည့်မြေတူးခြင်းလုပ်ငန်းတွင်မဆို အုတ်မြစ်များ နိမ့်ကျခြင်း သို့မဟုတ် ဘေးတိုက်ရွေ့လျားခြင်းကိုတားဆီးရန်အားဖြည့်ခြင်း သို့မဟုတ် ကာကွယ်ခြင်းမပြုလုပ်ဘဲ အုတ်မြစ်ပတ်လည်ရှိ မြေများကို ဖယ်ရှားခြင်းမပြုရ။

### ၄.၃.၂။ မြေပြန်ဖို့ခြင်း

အုတ်မြစ်အပြင်ဘက်ရှိ မြေတူးထားသောနေရာအား ဆွေးမြေ့နိုင်သော အော်ဂဲနစ်ပစ္စည်း၊ ဆောက်လုပ်ရေးအမှိုက်သရိုက်များ၊ ကျောက်တုံးကျောက်ခဲကြီးများ ကင်းစင်သောမြေ သို့မဟုတ် ပြုပြင်ထားသည့် ခံနိုင်ရည်နည်းသော မြေအမျိုးအစားများဖြင့် ပြန်ဖြည့်သင့်သည်။ ဖို့မြေများကို ပြန်ဖို့ရာတွင် ရေတားလွှာနှင့် အုတ်မြစ်များကို မပျက်စီးစေသော သိပ်သည်းမှုပေးသည့် နည်းလမ်းဖြင့် အလွှာလိုက်ပြန်ဖို့ရမည်။

### ၄.၃.၃။ လုပ်ငန်းခွင်မြေညှိခြင်း

အုတ်မြစ်နှင့် နီးကပ်သောမြေကြီးများကို မြေညှိရာတွင် အနည်းဆုံး ၅ ရာခိုင်နှုန်း လျှောစောင်း (အလျားလိုက် ၂၀ ယူနစ်တွင် ဒေါင်လိုက် ၁ ယူနစ်) ဖြင့် အဆောက်အဦ၏ နံရံမှ အနည်းဆုံး ၁၀ ပေ (၃၀၄၈ မီလီမီတာ) အကွာအဝေးအထိ ဆောင်ရွက်သင့်သည်။ ရေပြင်ညီ အကွာအဝေး ၁၀ ပေ (၃၀၄၈ မီလီမီတာ)အတွင်း ဝတ္ထုပစ္စည်းအတားအဆီး သို့မဟုတ် ပိုင်ဆိုင်မှုနယ်နိမိတ် အကန့်အသတ်များရှိနေလျှင် အတည်ပြုထားသော အုတ်မြစ်မှဝေးရာသို့ ရေစီးထွက်စေသည့် အခြားနည်းလမ်းနှင့် တွဲဖက်၍ ၅ ရာခိုင်နှုန်း လျှောစောင်းကို ဆောင်ရွက်ရမည်။ အဆောက် အအုံအုတ်မြစ်မှ ၁၀ ပေ (၃၀၄၈ မီလီမီတာ) အတွင်း ရေစုမြောင်းတိမ် (Swale)အား အသုံးပြုထားလျှင် အနည်းဆုံးလျှောစောက် ၂ ရာခိုင်နှုန်း ရှိရမည်။ အဆောက်အအုံအုတ်မြစ်မှ ၁၀ ပေ (၃၀၄၈ မီလီမီတာ)အတွင်း ရေစိမ့်မဝင်နိုင်သော မျက်နှာပြင်အား အသုံးပြုထားလျှင် အဆောက်အအုံမှ အဝေးသို့ အနည်းဆုံး လျှောစောက် ၂ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ရမည်။

## ၄.၃.၄။ ရေလွှမ်းမိုးနိုင်သောဒေသများတွင် မြေညှိခြင်းနှင့် မြေဖို့ခြင်း

အပိုဒ် ၃.၂.၅ တွင် ဖော်ပြထားသော ရေလွှမ်းမိုးနိုင်သောဒေသများတွင် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေညှိခြင်းနှင့် မြေဖို့ခြင်းများကို ခွင့်မပြုပါ။

(၁) ရေတက်၊ ရေကျချိန်များအတွင်းနှင့် လှိုင်းရိုက်ခတ်ခြင်းကြောင့် ဖြစ်ပေါ်စေနိုင်သော မြေရွေ့လျားခြင်း၊ ပြိုကျခြင်းနှင့် တိုက်စားခြင်းများ လျော့နည်းမည့်နည်းလမ်းများဖြင့် ဖို့မြေအား သိပ်သည်းစေခြင်း၊ လျှောစောင်းများ ပြုလုပ်ခြင်းများ။

(၂) ရေတက်မည့်လမ်းကြောင်းများတွင် ရည်ရွယ်ထားသည့် မြေညှိခြင်း သို့မဟုတ် မြေဖို့ခြင်း သို့မဟုတ် မြေညှိမြေဖို့ခြင်းကြောင့် ခန့်မှန်းထားသည့် ရေအမြင့်ထက်လွန်ကဲသည့် ရေလွှမ်းမိုးမှုဖြစ်စဉ် မဖြစ်ပေါ်နိုင်ကြောင်း မှတ်ပုံတင်ဒီဇိုင်းပညာရှင်က အင်ဂျင်နီယာ ပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဇလဗေဒနှင့်ရေအားဆိုင်ရာ ဆန်းစစ်ချက် များ အသုံးပြု၍ သက်သေပြထားခြင်း။

(၃) အပြင်းစားလှိုင်းရိုက်ခတ်မှု အန္တရာယ်ရှိသည့် ရေလွှမ်းမိုးနိုင်သော ဒေသများတွင် ရေစီး နှင့်လှို င်းဦးတည်ရာကို အဆောက်အအုံများဖက်သို့ ရောက်မလာစေရန် ဖို့မြေသုံး၍ တားဆီးထားခြင်း။

(၄) ခန့်မှန်းရေလွှမ်းအမြင့်များ သတ်မှတ်ထားသော်လည်း ရေတက်မည့် လမ်းကြောင်းများ သတ်မှတ်ထားနိုင်ခြင်း မရှိပါက ရရှိနိုင်သော ရေလွှမ်းမိုးမှု အချက်အလက်များအရ ကြိုတင် ခန့်မှန်းထားနိုင်သည့် ရေလွှမ်းဧရိယာတိုးပွားမှု၏ ဆင့်ကဲအကျိုးသက်ရောက်မှု ကြောင့် ခန့်မှန်းရေအမြင့်တိုးလာခြင်းသည် မည်သည့်နေရာတွင်မဆို ၁ ပေ (၃၀၅ မီလီမီတာ)ထက် မပိုနိုင်ကြောင်း သက်သေပြထားခြင်း။

## ၄.၃.၅။ သိပ်သည်းပြီးဖို့မြေအမျိုးအစား

အုတ်မြစ်များသည် သိပ်သည်းပြီးဖို့မြေပေါ်တွင်ရှိပါက၊ ၎င်းသိပ်သည်းပြီးဖို့မြေသည် အောက်ဖော်ပြပါအချက်များ ပါဝင်သော အတည်ပြုထားသည့် အစီရင်ခံစာပါ သတ်မှတ်ချက်များ နှင့် ကိုက်ညီရမည်။

(၁) သိပ်သည်းပြီးဖို့မြေ လုပ်ငန်းမဆောင်ရွက်မီ လုပ်ငန်းခွင်ပြင်ဆင်ခြင်းအတွက် စံချိန် စံညွှန်း သတ်မှတ်ချက်များ။

(၂) သိပ်သည်းပြီးဖို့မြေအဖြစ် အသုံးပြုမည့်မြေများအတွက် စံချိန်စံညွှန်း သတ်မှတ်ချက်များ။

(၃) သိပ်သည်းပြီးဖို့မြေအဖြစ် အသုံးပြုမည့်မြေများ၏ အမြင့်ဆုံး ခြောက်သွေ့သိပ်သည်းမှုနှင့် အသင့်တော်ဆုံး စိုထိုင်းမှုတို့ကို သိရှိရန်အတွက် အသုံးပြုရမည့် စမ်းသပ်မှုနည်းလမ်းများ။

(၄) သိပ်သည်းပြီးဖို့မြေ တစ်လွှာချင်းအတွက် အများဆုံးခွင့်ပြုနိုင်သော အထူ။

(၅) လုပ်ငန်းခွင်နေရာတွင်ရှိသော သိပ်သည်းပြီးဖို့မြေ၏ ခြောက်သွေ့သိပ်သည်းမှုကို သိရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းခွင်စမ်းသပ်ခြင်း နည်းလမ်းများ။

(၆) လုပ်ငန်းခွင်ရှိ အနည်းဆုံးလက်ခံနိုင်သည့် ခြောက်သွေ့သိပ်သည်းမှုကို အမှတ်စဉ် (၃) တွင် ရရှိခဲ့သော အမြင့်ဆုံးခြောက်သွေ့သိပ်သည်းမှု၏ ရာခိုင်နှုန်းဖြင့် ဖော်ပြပေးရန်။

(၇) အမှတ်စဉ် (၆)နှင့် ကိုက်ညီမှုရှိမရှိ လုပ်ငန်းခွင်စမ်းသပ်မှုများ ပြုလုပ်ရမည့် အရေအတွက်နှင့် ကြိမ်နှုန်း။

**ခြွင်းချက်**။ ။ အထူ ၁၂ လက်မထက်နည်းသော သိပ်သည်းပြီး ဖို့မြေများအတွက် အထက်ပါ အတည်ပြုအစီရင်ခံစာကို လိုက်နာရန်မလိုပါ။ သို့သော် ASTM D1557 တွင် ဖော်ပြ ထားသော Modified Proctor Test အရ အနည်းဆုံး ၉၀ ရာခိုင်နှုန်း သိပ်သည်းဆရှိရမည်။ ထို သိပ်သည်းမှုကို အဆောက်အအုံအာဏာပိုင်မှ ခွင့်ပြုထားသည့် ကျွမ်းကျင်သော စစ်ဆေးသူမှ အတည်ပြုရမည်။

## ၄.၃.၆။ ပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသောမြေအမျိုးအစား

အုတ်မြစ်များသည် ပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသော မြေအမျိုးအစားပေါ်တွင် ရှိပါက ၎င်းပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသော မြေအမျိုးအစားများသည် အောက်ဖော်ပြပါအချက်များ ပါဝင်သော အတည်ပြုထားသည့် အစီရင်ခံစာပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(၁) ပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသော မြေအမျိုးအစားဖြင့် မြေဖို့ခြင်းလုပ်ငန်း မဆောင်ရွက်မီ လုပ်ငန်းခွင်ပြင်ဆင်ခြင်းအတွက် စံချိန်စံညွှန်း သတ်မှတ်ချက်များ။

(၂) ပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသော မြေအမျိုးအစားများအတွက် စံချိန်စံညွှန်း သတ်မှတ်ချက်များ။

(၃) ပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသော မြေအမျိုးအစားများ၏ ဖိအားခံနိုင်ရည် သို့မဟုတ် ဝန်ထမ်းနိုင်စွမ်းအားကို သိရှိရန်အတွက် အသုံးပြုရမည့် ဓါတ်ခွဲခန်း သို့မဟုတ် လုပ်ငန်းခွင် စမ်းသပ်မှုနည်းလမ်းများ။

(၄) ပြုပြင်ထားသည့် ခံနိုင်ရည်အားနည်းသော မြေအမျိုးအစားများကို လုပ်ငန်းခွင်တွင် လက်ခံနိုင်မှုကို ဆုံးဖြတ်နိုင်ရန်အတွက် စမ်းသပ်ရန် နည်းလမ်းများ။

(၅) အမှတ်စဉ် (၄) နှင့် ကိုက်ညီမှုရှိမရှိ လုပ်ငန်းခွင် စမ်းသပ်မှုများပြုလုပ်ရမည့် အရေအတွက် နှင့် ကြိမ်နှုန်း။

## ၄.၄။ စိုထိုင်းမှုကာကွယ်ခြင်းနှင့် ရေလုံအောင်ပြုလုပ်ခြင်း

### ၄.၄.၁။ အထွေထွေ

နံရံများ သို့မဟုတ် မြေနှင့် အတွင်းပိုင်းနေရာများကို ကာရံထားသော အပိုင်းများနှင့် မြေအောက်ရှိကြမ်းခင်းများကို စိုထိုင်းမှုနှင့် ရေစိမ့်ဝင်ခြင်းမရှိအောင် ဤအခန်းတွင် ဖော်ပြသည့် အတိုင်းဆောင်ရွက်ရမည်။

#### ၄.၄.၁.၁။ မြေပြင်အထက်ရှိ အဆောက်အအုံအထပ်များ

မြေအောက်ခန်းသည် grade plane ပေါ်တွင်ရှိသောအခါနှင့် မြေအောက်ခန်း၏ ကြမ်းခင်းနှင့် နံရံများသည် ပတ်လည်အလျား၏ ၂၅ ရာခိုင်နှုန်းနှင့်အထက် မြေပြင်အောက်တွင် တစ်စိတ်တစ်ပိုင်း ရောက်နေသောအခါ အဆိုပါကြမ်းခင်းနှင့် နံရံများကို စိုထိုင်းမှုကာကွယ်ခြင်း နှင့် အုတ်မြစ်ပိုင်း မြေအောက်ရေထုတ်စနစ်များ ပြုလုပ်ပေးရမည်။ မြေအောက်ခန်းသည် မြေပြင်အောက်တွင်ရှိပါက မြေပြင်အောက်ရောက်နေသောအပိုင်း၏ ပတ်လည်တွင် အုတ်မြစ် ပိုင်း မြေအောက်ရေထုတ်စနစ်များ ပြုလုပ်ပေးရမည်။

#### ၄.၄.၁.၂။ ကြမ်းခင်းအောက်နေရာလပ်

ရေထုတ်စနစ်ကို စနစ်တကျလုံလောက်စွာ ပြုလုပ်ထားခြင်းမရှိခဲ့လျှင် မြေအောက်ရေ သည် အဆောက်အအုံပတ်လည်ရှိ မြေပြင်မှ ၆ လက်မ (၁၅၂ မီလီမီတာ) အထိ မြင့်တက်သော နေရာများ သို့မဟုတ် မြေပေါ်ရှိရေများသည် အဆောက်အအုံလုပ်ငန်းခွင်မှ အလိုအလျောက်

စီးထွက်မသွား နိုင်သောနေရာများတွင် ကြမ်းခင်းအောက်နေရာလပ်၏ မြေပြင်ကို အပြင်ဘက်ရှိ အချောသပ် မြေပြင်အထိ မြှင့်ထားရမည်။

### ၄.၄.၁.၂.၁။ ရေလွှမ်းမိုးနိုင်သော ဧရိယာများ

ရေလွှမ်းမိုးနိုင်သော ဧရိယာများရှိ အဆောက်အအုံနှင့် အဆောက်အဦများအတွက် ကြမ်းခင်းအောက်ရှိ တွားသွားနိုင်လောက်သော နေရာလပ်၏ အချောသပ်မြေပြင်သည် ပြင်ပ အချောသပ် မြေပြင်အမြင့်နှင့်အညီ သို့မဟုတ် အထက်တွင် ရှိရမည်။

### ၄.၄.၁.၃။ မြေအောက်ရေထိန်းချုပ်မှု

မြေအောက်ရေပြင်သည် အောက်ဆုံးထပ် ကြမ်းခင်းအောက်ခြေမှ ၆ လက်မ (၁၅၂ မီလီမီတာ)အောက်တွင် အမြဲရှိနေရန် ထိန်းချုပ်ထားနိုင်ပါက ကြမ်းခင်းနှင့်နံရံများကို စိုထိုင်းမှုကာကွယ်ခြင်းပြုထားရမည်။ မြေအောက်ရေပြင်ကို နိမ့်ကျစေမည့်စနစ်၏ ဒီဇိုင်းသည် လက်ခံနိုင်သော အင်ဂျင်နီယာသဘောတရားများကို အခြေခံရမည်။

## ၄.၄.၂။ စိုထိုင်းမှု ကာကွယ်ခြင်း

မြေအောက်ရေ စူးစမ်းလေ့လာမှုများအရ ရေငြိမ်ဖိအား မဖြစ်ပေါ်နိုင်သောနေရာများတွင် ကြမ်းခင်းနှင့် နံရံများကို စိုထိုင်းမှုကာကွယ်ခြင်း ပြုထားရမည်။

### ၄.၄.၂.၁။ ကြမ်းခင်းများ

ကွန်ကရစ်ကြမ်းခင်းအပေါ်တွင် သီးခြားကြမ်းခင်း ပြုလုပ်ထားသည့်နေရာမှလွဲ၍ ကြမ်းခင်းနှင့် အောက်ခံအလွှာ (Base Course) အကြားတွင် စိုထိုင်းမှုကာကွယ်သည့် ပစ္စည်းများကို တပ်ဆင်ထည့်သွင်းပေးရမည်။ စိုထိုင်းမှုကာကွယ်သည့် ပစ္စည်းများအဖြစ် ဒေသတွင်းရနိုင်သောပစ္စည်းများ သို့မဟုတ် အခြားသတ်မှတ်အတည်ပြုထားသော နည်းလမ်းများ သို့မဟုတ် ပစ္စည်းများကို အသုံးပြုရမည်။ Membrane အလွှာပြား၏အဆက်များကို ပစ္စည်းထုတ်လုပ်သူ၏ အသုံးပြုနည်းလမ်းညွှန်ချက်များအတိုင်း လုံအောင်ထပ်၍ ဆက်ပေးရမည်။

### ၄.၄.၂.၂။ နံရံများ

နံရံများအတွက် စိုထိုင်းမှုကာကွယ်သည့်ပစ္စည်းများကို နံရံ၏အပြင်ဘက် မျက်နှာပြင်တွင် တပ်ဆင်ပြီး အုတ်မြစ်အပေါ်မှ မြေပြင်အထက်အထိ ကာရံပေးရမည်။ နံရံများအတွက်

စိုထိုင်းမှု ကာကွယ်သည့် ပစ္စည်းများအဖြစ် ဒေသတွင်းရနိုင်သောပစ္စည်းများ သို့မဟုတ် အခြားသတ်မှတ် အတည်ပြုထားသည့် ပစ္စည်းများကို အသုံးပြုရမည်။

**၄.၄.၂.၂.၁။ နံရံများ၏ မျက်နှာပြင် ကြိုတင်ပြင်ဆင်ခြင်း**

ကွန်ကရစ်နံရံပေါ်ရှိ အပေါက်များ၊ အချိုင့်များအားလုံးကို စိုထိုင်းမှုကာကွယ်သည့် ပစ္စည်း များအသုံးမပြုမီ ကတ္တရာ သို့မဟုတ် အခြားသင့်လျော်သည့်နည်းလမ်းများ သို့မဟုတ် ပစ္စည်းများဖြင့် ဖြည့်ပိတ်ပေးရမည်။ မြေအောက်ရှိ အုတ်နံရံအပြင်ဘက်များကို အနည်းဆုံး ၀.၃၇၅ လက်မ (၁၀ မီလီမီတာ)ရှိသော ဘိလပ်မြေသရွတ်ဖြင့် ကာကွယ်ပေးရမည်။ ဘိလပ်မြေသရွတ်ကို အုတ်မြစ်အထိ အုပ်ပေးရမည်။

**Exception:**

Parging of unit masonry walls is not required where a material is approved for direct application to the masonry.

**၄.၄.၃။ ရေလုံအောင်ပြုလုပ်ခြင်း**

မြေအောက်ရေ စူးစမ်းလေ့လာမှုများအရ ရေငြိမ်ဖိအား ဖြစ်ပေါ်နိုင်ပြီး မြေအောက်ရေ ထိန်းချုပ်မှုစနစ်အတွက် ဒီဇိုင်းတွင်ပါဝင်ခြင်း မရှိသောနေရာများတွင် ကြမ်းခင်းနှင့်နံရံများကို ရေလုံအောင် ပြုလုပ်ပေးရမည်။

**၄.၄.၃.၁။ ကြမ်းခင်းများ**

ကွန်ကရစ်ကြမ်းခင်းများကို ရေလုံအောင်ပြုလုပ်ရာတွင် အဆိုပါ ကြမ်းခင်းပေါ်တွင် သက်ရောက်မည့် ရေငြိမ်ဖိအားများကို ခံနိုင်စေရန် ဒီဇိုင်းပြုလုပ် တည်ဆောက်ရမည်။ ရေလုံမှု ကာကွယ်သည့် ပစ္စည်းများအဖြစ် ဒေသတွင်းရနိုင်သောပစ္စည်းများ သို့မဟုတ် အခြားသတ်မှတ် အတည်ပြုထားသော နည်းလမ်းများ သို့မဟုတ် ပစ္စည်းများကိုအသုံးပြုရမည်။ Membrane အလွှာပြား၏ အဆက်များကို ပစ္စည်းထုတ်လုပ်သူ၏ အသုံးပြုနည်း လမ်းညွှန်ချက်များအတိုင်း လုံအောင်ထပ်၍ ဆက်ပေးရမည်။

**၄.၄.၃.၂။ နံရံများ**

ကွန်ကရစ်နံရံ၊ အုတ်နံရံများကို ရေလုံအောင်ပြုလုပ်ရာတွင် အဆိုပါနံရံပေါ်တွင် သက်ရောက်သော ရေငြိမ်ဖိအားနှင့် အခြားဘေးတိုက်တွန်းအားများကို ခံနိုင်စေရန် ဒီဇိုင်း

ပြုလုပ် တည်ဆောက်ရမည်။ နံရံအောက်ခြေမှ အမြင့်ဆုံး မြေအောက်ရေပြင်အထက် အနည်းဆုံး ၁၂ လက်မ (၃၀၅ မီလီ မီတာ)ထိ ရေလုံအောင်ပြုလုပ်ရမည်။ နံရံ၏ ကျန်အစိတ် အပိုင်းတွင် စိုထိုင်းမှုကာကွယ်ခြင်း ပြုလုပ်ရမည်။ နံရံများအတွက် ရေလုံမှုကာကွယ်သည့် ပစ္စည်းများအဖြစ် ဒေသတွင်းရနိုင်သော ပစ္စည်းများ သို့မဟုတ် အခြားသတ်မှတ် အတည်ပြု ထားသောနည်းလမ်းများ သို့မဟုတ် ပစ္စည်းများကို အသုံးပြုရမည်။ Membrane အလွှာပြား၏ အဆက်များကို ပစ္စည်းထုတ်လုပ်သူ၏ အသုံးပြုနည်း လမ်းညွှန်ချက်များအတိုင်း လုံအောင် ထပ်၍ ဆက်ပေးရမည်။

#### ၄.၄.၃.၂.၁။ နံရံများ၏ မျက်နှာပြင် ကြိုတင်ပြင်ဆင်ခြင်း

ကွန်ကရစ် သို့မဟုတ် အုတ်နံရံပေါ်တွင် ရေလုံသည့်ပစ္စည်းများ အသုံးမပြုမီ အဆိုပါ နံရံများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည်။

#### ၄.၄.၃.၃။ အဆက်များနှင့် ထွင်းဖောက်မှုများ (Joints and Penetrations)

နံရံနှင့် ကြမ်းခင်းအဆက်များ၊ နံရံနှင့် ကြမ်းခင်းဆိုင်ရာအဆက်များနှင့် နံရံနှင့် ကြမ်းခင်း များရှိ ထွင်းဖောက်မှုများတို့တွင် အတည်ပြုသတ်မှတ်ထားသောနည်းလမ်းနှင့် ပစ္စည်းများကို အသုံးပြု၍ ရေလုံအောင် ပြုလုပ်ရမည်။

### ၄.၄.၄။ မြေအောက်ရေထုတ်စနစ်

ရေငြိမ်ဖိအား သက်ရောက်မှုမရှိသောနေရာများတွင် စိုထိုင်းမှုကာကွယ်ပေးသော စနစ်များ တပ်ဆင်ခြင်း၊ ကြမ်းခင်းအောက်တွင် အလွှာတစ်ခုတည်ဆောက်ခြင်းနှင့် အုတ်မြစ် ပတ်လည် တစ်လျှောက်တွင် ရေထုတ်စနစ်တည်ဆောက်ခြင်းတို့ကို ပြုလုပ်ပေးရမည်။ မြေအောက်ရေထုတ် စနစ်ကို အပိုဒ်ခွဲ ၄.၄.၁.၃ နှင့်အညီ ဒီဇိုင်းပြုလုပ်တည်ဆောက်ရာတွင် မြေအောက်ရေပြင် နိမ့်ကျစေရန်အတွက် လုံလောက်မှုရှိရမည်။

#### ၄.၄.၄.၁။ ကြမ်းခင်းအောက်ခြေအလွှာ

အပိုဒ်ခွဲ ၄.၄.၁.၁ ၏ ဖော်ပြချက်မှလွဲ၍ မြေအောက်ထပ် ကြမ်းခင်းများကို အနည်းဆုံး ၄ လက်မ (၁၀၂ မီလီမီတာ) အထူရှိသော၊ ဇကာအမှတ် ၄ (ဇကာပေါက် အရွယ် ၄.၇၅ မီလီမီတာ) ကို ဖြတ်ကျော်နိုင်သော အမှုန်ပမာဏ ၁၀ ရာခိုင်နှုန်းထက်မပိုသော ကျောက်စရစ် သို့မဟုတ် ခွဲကျောက်များပါဝင်သည့် ကြမ်းခင်းအောက်ခြေအလွှာပေါ်တွင် ခင်းပေးရမည်။

**Exception:**

Where a site is located in well-drained gravel or sand/gravel mixture soils, a floor base course is not required.

### ၄.၄.၄.၂။ အုတ်မြစ်ပိုင်းမြေအောက်ရေထုတ်စနစ်

ဇကာအမှတ် ၄ (ဇကာပေါက်အရွယ် ၄.၇၅ မီလီမီတာ)ကို ဖြတ်ကျော်နိုင်သည့် အမှုန်ပမာဏ ၁၀ ရာခိုင်နှုန်းထက်ပိုမို ပါဝင်ခြင်းမရှိသော ကျောက်စရစ် သို့မဟုတ် ခွဲကျောက်များပါဝင်သည့် ရေထုတ်စနစ်ကို အုတ်မြစ်ပတ်လည်တွင် ပြုလုပ်ပေးရမည်။ ရေထုတ်စနစ်ကို အုတ်မြစ်အစွန်း၏ အပြင်ဘက် အနည်းဆုံး ၁၂ လက်မ (၃၀၅ မီလီမီတာ) အစွန်းထွက်ထားရမည်။ ရေထုတ်စနစ်၏ အောက်ခြေသည် ကြမ်းခင်းအောက်ခြေထက် မမြင့်စေရသကဲ့သို့ ရေထုတ်စနစ်၏ အပေါ်မျက်နှာ ပြင်သည် အုတ်မြစ်အပေါ် ၆ လက်မ (၁၅၂ မီလီမီတာ)ထက် မနိမ့်စေရပါ။ ရေထုတ်စနစ်ကို ခွင့်ပြုထားသော ရေစိမ့်ထွက်နိုင်သည့်ပစ္စည်း (approved filter membrane material) ဖြင့် အပေါ်မှ ဖုံးအုပ်ပေးရမည်။ drain tile သို့မဟုတ် အပေါက်ပါသော ပိုက် (perforated pipe) ကို အသုံးပြုလျှင် အဆိုပါ ပိုက် သို့မဟုတ် drain tile ၏ အောက်ခြေသည် ကြမ်းခင်းမျက်နှာပြင်ထက် မမြင့်စေရ။ အဆက်များ သို့မဟုတ် အပေါက်များ၏ အပေါ်ဖက် မျက်နှာပြင်များကို ရေစိမ့်ထွက်နိုင်သောပစ္စည်း (approved filter membrane material)ဖြင့် ဖုံးအုပ်ထားရမည်။ အပေါက်ပါသော ပိုက် (perforated pipe) သို့မဟုတ် drain tile များကို အပိုဒ်ခွဲ ၄.၄.၄.၁ တွင် ဖော်ပြထားသည့် ကျောက်စရစ် သို့မဟုတ် ခွဲကျောက်များပါဝင်သော အနည်းဆုံး ၂ လက်မ (၅၁ မီလီမီတာ) အထူအလွှာပေါ်တွင် နေရာချထားပြီး အနည်းဆုံး ၆ လက်မ (၁၅၂ မီလီမီတာ) အထူရှိသော အလားတူအလွှာဖြင့် ဖုံးအုပ်ထားရမည်။

### ၄.၄.၄.၃။ ရေထုတ်စနစ်မှ ရေစွန့်ထုတ်ခြင်း

ကြမ်းခင်းအောက်ခြေနှင့် အုတ်မြစ်ပတ်လည်ရှိ ရေထုတ်စနစ်မှ ရေကို သက်ဆိုင်ရာ အဆောက်အအုံဆိုင်ရာအာဏာပိုင်တို့၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ရေနုတ်စနစ်အတွင်းသို့ gravity သို့မဟုတ် mechanical နည်းဖြင့် စွန့်ထုတ်ပေးရမည်။

**Exception:**

Where a site is located in well-drained gravel or sand/gravel mixture soils, a dedicated drainage system is not required.

## ၄.၅။ မြေထိန်းနံရံစနစ်များ

### ၄.၅.၁။ အထွေထွေ

မြေထိန်းနံရံဒီဇိုင်းတွင် မှောက်လဲခြင်း (overturning)၊ ဘေးတိုက်လျှောခြင်း (sliding)၊ မြေသားဖိအားအလွန်များခြင်း (excessive foundation pressure) နှင့် ရေပင့်အား (water uplift) များကို ထည့်သွင်းစဉ်းစားပြီး တည်ငြိမ်မှု (stability) ရှိအောင် ပြုလုပ်ရမည်။ ထိုမြေထိန်းနံရံ ဒီဇိုင်းတွင် ဘေးတိုက်လျှောခြင်းနှင့် မှောက်လဲခြင်းအတွက် safety factor 1.5 ဖြင့် ဒီဇိုင်းတွက်ချက်ရမည်။ ဒီဇိုင်းကို မှတ်ပုံတင်ဒီဇိုင်းညာရှင်က ဆောင်ရွက်ရမည်။

### ၄.၅.၂။ ယာယီမြေထိန်းနံရံစနစ်များ

ယာယီမြေထိန်းနံရံများကို ဒီဇိုင်းပြုလုပ်ရာ၌ တည်ဆောက်မည့်နေရာတွင် ဆောက်လုပ်မည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီအောင် ဒီဇိုင်းပြုလုပ်ရမည်။ မြေထိန်းနံရံစနစ်တွင် မြေတူးစဉ်အတွင်း တည်ငြိမ်မှု (stability) ရှိစေရန် လိုအပ်သော အထောက်အကူဖြစ်စေမည့် လုပ်ငန်းစနစ်များကို ထည့်သွင်းပြုလုပ်ရမည်။ ဒီဇိုင်းကို မှတ်ပုံတင်ဒီဇိုင်းပညာရှင်က ဆောင်ရွက်ရမည်။

#### ၄.၅.၂.၁။ ယာယီမြေထိန်းနံရံစနစ်အား အမြဲတမ်းအသုံးပြုမည့် အဆောက်အအုံတွင် ပေါင်းစပ် အသုံးပြုခြင်း (Temporary earth retaining systems intended to be integrated with permanent structure)

ယာယီမြေထိန်းနံရံစနစ်အား အမြဲတမ်းအသုံးပြုမည့် အဆောက်အအုံနှင့် တွဲဖက်အသုံးပြု မည်ဆိုလျှင် ထိုမြေထိန်းနံရံအား ယာယီနှင့် အမြဲတမ်း အခြေအနေနှစ်ခုစလုံးအတွက် လိုအပ်ချက်များကို ပြေလည်စေသော ဒီဇိုင်းကို ထည့်သွင်းပြုလုပ်ရမည်။ ဒီဇိုင်းကို မှတ်ပုံတင် ဒီဇိုင်းပညာရှင်က ဆောင်ရွက်ရမည်။

## ၄.၆။ မြေသား၏ ခွင့်ပြုခံနိုင်ဝန်အားတန်ဖိုးများ

### ၄.၆.၁။ အထွေထွေ

သက်ဆိုင်ရာ အဆောက်အအုံဆိုင်ရာ အာဏာပိုင်အဖွဲ့မှ သီးခြားထုတ်ပြန်ထားခြင်း မရှိပါက ခန့်မှန်းမြေသားခံနိုင်ဝန်အားအတွက် ဇယား ၄.၆.၁ တွင် ဖော်ပြထားသည့် တန်ဖိုးများကို အခန်း ၃.၂ တွင် ဖော်ပြထားသည့် ခွင့်ပြုနိုင်သောဒီဇိုင်းဝန်အတွဲများနှင့် တွဲဖက်အသုံးပြုနိုင်သည်။

### ၄.၆.၂။ မြေသား၏ခန့်မှန်းခံနိုင်ဝန်အား

အကယ်၍ သက်ဆိုင်ရာအာဏာပိုင်များထံသို့ ခိုင်မာသော အချက်အလက်များကို အခြေခံ၍ တင်ပြပြီး အတည်ပြုချက်ရယူနိုင်ခြင်းမရှိလျှင် အုတ်မြစ်မှသက်ရောက်သော အများဆုံး ဖိအား၊ ဘေးတိုက်ဖိအား သို့မဟုတ် ဘေးတိုက်ရွှေ့ခြင်းခံနိုင်ရည်တို့အတွက် မြေသား၏ ခန့်မှန်းခံနိုင်ဝန်အားများကို တွက်ချက်ရာတွင် ဇယား ၄.၆.၁ တွင် ဖော်ပြထားသော တန်ဖိုးများ ထက် မပိုစေရ။

ဇယားပါ မြေသား၏ ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ မြေလွှာဖွဲ့စည်းပုံများနှင့် အလားတူ နီးစပ်သော မြေသားအလွှာများအတွက် ဇယားတွင်ဖော်ပြထားသော ခန့်မှန်းတန်ဖိုးများကို အသုံးပြုနိုင်သည်။

ရွှံ့ပျော့၊ အော်ဂဲနစ်နုန်း၊ အော်ဂဲနစ်ရွှံ့၊ မြေဆွေး (peat) သို့မဟုတ် ဖိသိပ်ထားခြင်း မရှိသော ဖို့မြေများအတွက် မြေသားခံနိုင်ဝန်ကို သက်ဆိုင်ရာအာဏာပိုင်ထံမှ အတည်ပြုချက် မရဘဲ ဇယား ၄.၆.၁ တွင် ဖော်ပြထားသော တန်ဖိုးများနှင့် အလားတူခန့်မှန်းသုံးစွဲခြင်း မပြုရပါ။

**Exception:**

A presumptive load-bearing capacity is permitted to be used where the building official deems the load-bearing capacity of mud, organic silt or unprepared fill is adequate for the support of lightweight and temporary structures.

### ၄.၆.၃။ ဘေးတိုက်ရွှေ့ခြင်းခံနိုင်ရည်

ပိုမိုမြင့်မားသောတန်ဖိုးများ အသုံးပြုရန်အတွက် သက်ဆိုင်ရာအာဏာပိုင်ထံသို့ အချက်အလက်ခိုင်မာစွာတင်ပြပြီး အတည်ပြုချက်ရယူထားခြင်းမရှိပါက အားထိန်းနံရံ၏ ဘေးတိုက်ရွှေ့ခြင်းခံနိုင်ရည်ကို တွက်ချက်ရာတွင် ဇယား ၄.၆.၁ တွင် ဖော်ပြထားသည့် ဘေးတိုက်ထမ်းခြင်းနှင့် ဘေးတိုက်ရွှေ့ခြင်းတို့၏ ခံနိုင်ရည်အား တန်ဖိုးနှစ်ခုကိုပေါင်း၍ တွက်ချက်ရမည်။

ရွှံ့မြေ၊ သဲရွှံ့စေးမြေ၊ နုန်းရွှံ့စေးမြေ၊ ရွှံ့နုန်းမြေအတွက် ဘေးတိုက်ရွှေ့ခြင်း ခံနိုင်ရည်သည် မည်သည့်အခြေအနေမျိုးတွင်မဆို ဝန်သေတန်ဖိုး၏ တစ်ဝက်ထက် မပိုစေရ။

### ၄.၆.၃.၁။ ဘေးတိုက်လျှောခြင်း ခွင့်ပြုခံနိုင်ရည်ကို တိုးမြှင့်ခြင်း

ဇယား ၄.၆.၁ တွင် ဖော်ပြထားသော ခုခံနိုင်မှုတန်ဖိုးများ (resistance values)ကို ထပ်တိုးမည့်အနက် ၁ ပေ (၃၀၅ မီလီမီတာ)တိုင်းအတွက် ဇယားပါတန်ဖိုးအတိုင်း တိုးယူနိုင်သည်။ အများဆုံးအနေဖြင့် ဇယားပါတန်ဖိုး၏ ၁၅ ဆ အထိ တိုးယူနိုင်သည်။

အလံတိုင် သို့မဟုတ် ဆိုင်းဘုတ်ကဲ့သို့သော သီးခြားတိုင်များနှင့် ရေတိုဘေးတိုက်တွန်းအားကြောင့် မြေပြင်ညီလက်မဝက် (၁၂.၇ မီလီမီတာ) အရွေ့တွင်ဆိုးဝါးစွာ ထိခိုက်နိုင်မှုမရှိသော အဆောက်အအုံကို ကျားကန်ထားသည့် တိုင်များအား ဒီဇိုင်းပြုလုပ်ရာတွင် မြေသား၏ ဘေးတိုက်ခံနိုင်ဝန်အား အဖြစ် ဇယား ၄.၆.၁ ပါ တန်ဖိုး၏ နှစ်ဆကို အသုံးပြုနိုင်သည်။

**Table 4.6.1 Allowable foundation and lateral pressure**

| Class of Materials | Allowable Foundation Pressure (psf) | Lateral Bearing (psf/f below natural grade) | Lateral Sliding | |
|---|---|---|---|---|
| | | | Coefficient of friction[a] | Resistance (psf)[b] |
| 1. Crystalline bedrock | 12000 | 120 | 0.70 | _ |
| 2. Sedimentary and foliated rock | 4000 | 400 | 0.35 | _ |
| 3. Sandy gravel and/ or gravel(GW andGP) | 3000 | 200 | 0.35 | _ |
| 4. Sand, silty sand, clayey sand, silty gravel and clayey gravel(SW, SP, SM, SC, GM and GC) | 2000 | 150 | 0.25 | _ |
| 5. Clay, sandy clay, silty | 1500 | 100 | _ | 130 |

| | | | | |
|---|---|---|---|---|
| clay, clayey silt, silt and sandy silt (CL, ML, MH and CH) | | | | |

For SI: 1 pound per square foot = 0.0479 kPa,

1 pound per square foot per foot = 0.157 kPa/m.

a. Coefficient to be multiplied by the dead load.

b. Lateral sliding resistance value to be multiplied by the contact area, as limited by Section 4.6.3.

c. Where the building official determines that in-place soils with an allowable bearing capacity of less than 1,500 psf are likely to be present at the site, the allowable bearing capacity shall be determined by a soil investigation.

## ၄.၇။ မြေတိမ်ပိုင်း အုတ်မြစ်များ

### ၄.၇.၁။ အထွေထွေ

အုတ်မြစ်များကို အပိုဒ်ခွဲ ၄.၇.၁ မှ ၄.၇.၉ အထိ သတ်မှတ်ထားသော လိုအပ်ချက်များ အရ ဒီဇိုင်းတွက်ချက်ပြီး တည်ဆောက်ရမည်။ အုတ်မြစ်များကို မူလအခြေအနေမပျက် ရှိနေသော မြေသား (undisturbed soil) သို့မဟုတ် သိပ်သည်းအောင် ပြုလုပ်ထားသော ဖို့မြေ (compacted fill material) သို့မဟုတ် ပြုပြင်ထားသည့် ခံနိုင်ရည်နည်းသောမြေ (CLSM) ပေါ်တွင် တည်ဆောက်ရမည်။ သိပ်သည်းအောင်ပြုလုပ်ထားသော ဖို့မြေများကို အပိုဒ် ၄.၃.၅ ၊ ပြုပြင်ထားသည့် ခံနိုင်ရည်နည်းသောမြေ (CLSM) ကို အပိုဒ် ၄.၃.၆ အရ ဖို့ရမည်။

အုတ်မြစ်တစ်ခုချင်းစီ၏ အပေါ်မျက်နှာပြင်များသည် ရေပြင်ညီဖြစ်ရမည်။ အုတ်မြစ်များ၏ အောက်ခြေမျက်နှာပြင်တွင် ၁၀ ယူနစ် အလျားလိုက်တွင် ဒေါင်လိုက် ၁ ယူနစ်ထက် မပိုသော လျှောစောက် (၁၀ ရာခိုင်နှုန်း လျှောစောက်)ကို ခွင့်ပြုသည်။ အုတ်မြစ်၏ အပေါ်မျက်နှာပြင် အမြင့် ပြောင်းလဲရန် လိုအပ်သည့်နေရာများ (သို့မဟုတ်) မြေမျက်နှာပြင်သည် ၁၀ ရာခိုင်နှုန်း လျှောစောက်ထက်ပိုသော နေရာများတွင် လှေကားထစ်ပုံစံ (stepped) လုပ်ရမည်။

### ၄.၇.၂။ အုတ်မြစ်များ၏အနက်

အုတ်မြစ်များ၏အနက်သည် မူလအခြေအနေမပျက်ရှိနေသော မြေသားမျက်နှာပြင်မှ အနည်းဆုံး ၂၄ လက်မ (၆၁၀ မီလီမီတာ) ရှိရမည်။ လိုအပ်ပါက အုတ်မြစ်များ၏အနက်ကို အပိုဒ်ခွဲ ၄.၇.၂.၁ မှ ၄.၇.၂.၃ အထိ သတ်မှတ်ထားသော လိုအပ်ချက်များအရ လိုက်နာဆောင်ရွက် ရမည်။

(အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။)

### ၄.၇.၃။ Footings on or adjacent to slopes

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၇.၄။ Footings

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၇.၅။ Foundation walls

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၇.၆။ Designs employing lateral bearing

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၇.၇။ Design for expansive soils

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၇.၈။ Seismic requirements

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

## ၄.၈။ မြေနက်ပိုင်းအုတ်မြစ်များအတွက် ယေဘုယျ လိုအပ်ချက်များ

## (General Requirements for Pier and Pile Foundations)

### ၄.၈.၁။ အထွေထွေ

ဒီဇိုင်းတွက်ချက်တည်ဆောက်ရန် လုံလောက်သော အချက်အလက်များ မရရှိနိုင်လျှင် အခန်း ၄.၂ တွင် ဖော်ပြထားသော မြေသားစမ်းသပ်ချက်များအပေါ် အခြေခံ၍ မြေနက်ပိုင်း

အုတ်မြစ်များကို ဒီဇိုင်းတွက်ချက် တည်ဆောက်ရမည်။ အခန်း ၄.၂ တွင် ဖော်ပြထားသော မြေသားစမ်းသပ်မှုများနှင့် အစီရင်ခံစာများတွင် အောက်ပါအချက်အလက်များ အနည်းဆုံးပါဝင်စေရမည်။

၁။ ပိုင်တိုင် အမျိုးအစားနှင့် ခံနိုင်ဝန် အကြံပြုချက်။

၂။ ပိုင်တိုင်များ၏ ဗဟို တခုနှင့်တခုအကြား အကွာအဝေး အကြံပြုချက်။

၃။ ပိုင်တိုင် ရိုက်သွင်းရန် သတ်မှတ်ချက်များ။

၄။ တည်ဆောက်ပုံ အစီအစဉ်။

၅။ လုပ်ငန်းခွင် စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း အစီအစဉ်။ (လိုအပ်ပါက အမှန်တကယ် ခံနိုင်ဝန်ကို သက်သေပြနိုင်မည့် အစီအစဉ်များပါ ပါဝင်စေရမည်။)

၆။ ပိုင်တိုင်များ၏ ခံနိုင်ဝန် စမ်းသပ်ခြင်းအတွက် လိုအပ်ချက်များ။

၇။ Durability of pier or pile materials

၈။ Designation of bearing stratum or strata

၉။ Reductions for group action, where necessary

**၄.၈.၂။ Special types of piles**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၃။ Pile caps**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၄။ Stability**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၅။ Structural integrity**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၆။ Splices**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၇။ Allowable pier or pile loads**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၈။ Lateral support**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၉။ Use of higher allowable pier or pile stresses**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၀။ Piles in subsiding areas**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၁။ Negative skin friction or down drag force**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၂။ Settlement analysis**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၃။ Pre- excavation**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၄။ Installation sequence**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၅။ Use of vibratory drivers**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၆။ Pile drivability**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၇။ Protection of pile materials**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၈။ Use of existing piers or piles**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၁၉။ Heaved piles**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၂၀။ Identification**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၂၁။ Pier or pile location plan**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၂၂။ Spacing of piles**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၂၃။ Special inspection**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၈.၂၄။ Seismic design of piers or piles**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၉။ ထိုးသွင်း ပိုင်တိုင်များ (Driven Pile Foundations)**

**၄.၉.၁။ သစ်သားပိုင်တိုင်များ (Timber piles)**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၉.၂။ ကြိုတင်သွန်းလောင်းပိုင်တိုင်များ (Precast concrete piles)**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၉.၃။ သံမဏိပိုင်တိုင်များ (Structural steel piles)**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

**၄.၁၀။ တိုက်ရိုက်သွန်းလောင်းကွန်ကရစ်ပိုင်တိုင်များ (Cast-in-place Concrete Pile Foundations)**

**၄.၁၀.၁။ အထွေထွေ**

တိုက်ရိုက်သွန်းလောင်း ကွန်ကရစ်ပိုင်တိုင်များအတွက် သုံးစွဲသည့်ပစ္စည်းများ အရည်အသွေးနှင့် တည်ဆောက်တပ်ဆင်မှုများသည် အပိုဒ် ၄.၁၀.၂ မှ ၄.၁၀.၈ အထိ လိုအပ်ချက်များကို ပြည့်မီရမည်။

(အကျယ်ကို အင်္ဂလိပ်မူတွင် ကြည့်ပါ။)

**၄.၁၀.၂။ အောက်ခြေကားပိုင်တိုင်များ (Enlarged base piles)**

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၀.၃။ Drilled or augered uncased piles

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၀.၄။ Driven uncased piles

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၀.၅။ Steel-cased piles

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၀.၆။ Concrete-filled steel pipe and tube piles

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၀.၇။ Caisson piles

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၀.၈။ Micro piles

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

## ၄.၁၁။ ပေါင်းစပ်ပိုင်တိုင်များ။ (Composite Piles)

### ၄.၁၁.၁။ အထွေထွေ

ပေါင်းစပ်ပိုင်တိုင်များသည် အပိုဒ် ၄.၁၁.၂ မှ ၄.၁၁.၅ အထိ လိုအပ်ချက်များကို ပြည့်မီရမည်။

### ၄.၁၁.၂။ ဒီဇိုင်းပုံစံ

အမျိုးကွဲ ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပို၍ ပါဝင်သော ပေါင်းစပ်ပိုင်တိုင်များအတွက် ဒီဇိုင်းပုံစံထုတ်တွက်ချက်ရာတွင် တည်ဆောက်ချိန် ကြုံတွေ့မည့်အခြေအနေများနှင့် အဆောက်အအုံအာဏာပိုင်များ၏ လိုအပ်ချက်များကို ပြေလည်စေရန် ဆောင်ရွက်ရမည်။

### ၄.၁၁.၃။ ဝန်ထမ်းနိုင်စွမ်းအားကန့်သတ်ချက်

ပေါင်းစပ်ပိုင်တိုင်၏ ဝန်ထမ်းနိုင်စွမ်းအားသည် ပိုင်တိုင်တွင်ပါဝင်သည့် ခံနိုင်ရည်အနည်းဆုံး အမျိုးကွဲအစိတ်အပိုင်း၏ ခံနိုင်ရည်ထက်မပိုရ။

### ၄.၁၁.၄။ အတွဲအဆက်များ

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၁.၅။ လျှောင်ဒဏ်ခံအားဖြည့်သံချောင်းများ

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

## ၄.၁၂။ Pier အုတ်မြစ်များ (Pier Foundations)

### ၄.၁၂.၁။ အထွေထွေ

Pierအုတ်မြစ်များသည် အပိုဒ် ၄.၁၂.၂ မှ ၄.၁၂.၁၀ အထိ လိုအပ်ချက်များအပြင် အခန်း ၄.၈ မှ သက်ဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီရမည်။

### ၄.၁၂.၂။ အရွယ်အစားကန့်သတ်ချက်များ

Pier တစ်ခု၏ အငယ်ဆုံး အတိုင်းအတာသည် ၂ ပေ (၆၁၀ မီလီမီတာ) ရှိရမည်။ Pier တစ်ခု၏ အရှည်သည် အငယ်ဆုံးဗျက်၏ ၁၂ဆ ထက် မပိုရ။

### ၄.၁၂.၃။ သုံးစွဲသည့်ပစ္စည်းအရည်အသွေး

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၂.၄။ အားဖြည့်သံချောင်းများ

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၂.၅။ ကွန်ကရီသွန်းလောင်းခြင်း

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၂.၆။ ခေါင်းလောင်းပုံအောက်ခြေ

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၂.၇။ အုတ်Pierများ

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၂.၈။ ကွန်ကရီPierများ

အကျယ်ကို MNBC အင်္ဂလိပ်မူတွင် ကြည့်ပါ။

### ၄.၁၂.၉။ သံမဏိအပြင်ခွံပါPierများ

ကွန်ကရိ Pier ၏ အပြင်ဖက်မျက်နှာပြင်သည် အားဖြည့်သံမဏိဖြင့် ဖုံးအုပ်ထားပါက ၎င်းသံမဏိအပြင်ခွံကို အပိုဒ်ခွဲ ၄.၈.၁၇ တွင် ဖော်ပြထားသည့်အတိုင်း ထိခိုက်ပျက်စီးစေမည့် အခြေအနေများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးရမည်။

### ၄.၁၂.၁၀။ ရေစုတ်ထုတ်ခြင်း

Pier အောက်ခြေသည် ရေမျက်နှာပြင်အောက်အထိ ရောက်မည်ဆိုပါက Pier ၏ ရေအောက်အစိတ်အပိုင်းများ တည်ဆောက်နေရာချထား စစ်ဆေးမှုများကို ခြောက်သွေ့သော အနေအထားတွင် ဆောက်ရွက်နိုင်ရန် စီစဉ်ရမည်။

## ၄.၁၃။ အခြားလိုအပ်ချက်များ

### ၄.၁၃.၁။ မြေသားပြုပြင်အားဖြည့်ခြင်း

လုပ်ငန်းခွင် လိုအပ်ချက်အရ သင့်တော်သော မြေသားပြုပြင်အားဖြည့်ခြင်း နည်းလမ်းများကို အသုံးပြုနိုင်သည်။ မြေသားပြုပြင်အားဖြည့်ခြင်း လုပ်ငန်းပမာဏ ဆုံးဖြတ်ခြင်းနှင့် သင့်တော်သော မြေသားပြုပြင် အားဖြည့်ခြင်းနည်းလမ်း ရွေးချယ်အသုံးပြုခြင်းတို့ကို သက်ဆိုင်ရာ မှတ်ပုံတင်မြေသားနှင့် အုတ်မြစ်ပိုင်းဆိုင်ရာပညာရှင်က ဆောင်ရွက်ရမည်။

### ၄.၁၃.၂။ တိုင်းတာစောင့်ကြည့်ခြင်း

လုပ်ငန်းခွင် လိုအပ်ချက်အရ သင့်တော်သော တိုင်းတာစောင့်ကြည့်ခြင်း နည်းလမ်းများကို အသုံးပြုနိုင်သည်။ တိုင်းတာစောင့်ကြည့်ခြင်း လုပ်ငန်းပမာဏဆုံးဖြတ်ခြင်းနှင့် သင့်တော်သော တိုင်းတာစောင့်ကြည့်ခြင်းနည်းလမ်း ရွေးချယ်အသုံးပြုခြင်းတို့ကို သက်ဆိုင်ရာမှတ်ပုံတင် မြေသားနှင့် အုတ်မြစ်ပိုင်းဆိုင်ရာပညာရှင်က ဆောင်ရွက်ရမည်။

# APPENDIX A

# USEFUL INFORMATION FOR MYANMAR

**Figure A.1 Geological Map of Myanmar (Bender F., et al, 1981)**



**Figure A.2 Tectonic Map of Myanmar and its surrounding (MGS, 2007)**



**Figure A.3 Pontential Landslide Hazard Map of Myanmar (Kyaw Htun, 2011)**




Figure 16 Preliminary Landslide Potential Map of Myanmar

## APPENDIX B

## UNIFED SOIL CLASSIFICATION SYSTEM

**Table B.1 Unifined soil classification system and soil symbols (ASTM D-2487-00)**

| Major Divisions (1) | (2) | Letter (3) | Symbols Hatching (4) | Symbols Color (5) | Name (6) | Value for Embankments (7) | Permeability cm per sec (8) |
|---|---|---|---|---|---|---|---|
| Coarse-Grained Soils | Gravel and Gravelly Soils | GW | | Red | Well-graded gravels or gravel-sand mixtures, little or no fines | Very stable, pervious shells of dikes and dams | k > 10 $^{-2}$ |
| | | GP | | Red | Poorly graded gravels or gravel-sand mixtures, little or no fines | Reasonably stable, pervious shells of dikes and dams | k > 10 $^{-2}$ |
| | | GM | | Yellow | Silty gravels, gravel-sand-silt mixtures | Reasonably stable, not particularly suited to shells, but may be used for impervious cores or blankets | k = 10 $^{-3}$ to 10 $^{-6}$ |
| | | GC | | Yellow | Clayey gravels, gravel-sand-clay mixtures | Fairly stable, may be used for impervious core | k = 10 $^{-6}$ to 10 $^{-8}$ |
| | Sand and Sandy Soils | SW | | Red | Well-graded sands or gravelly sands, little or no fines | Very stable, pervious sections, slope protection required | k > 10 $^{-3}$ |
| | | SP | | Red | Poorly graded sands or gravelly sands, little or no fines | Reasonably stable, may be used in dike section with flat slopes | k > 10 $^{-3}$ |
| | | SM | | Yellow | Silty sands, sand-silt mixtures | Fairly stable, not particularly suited to shells, but may be used for impervious cores or dikes | k = 10 $^{-3}$ to 10 $^{-6}$ |
| | | SC | | Yellow | Clayey sands, sand-silt mixtures | Fairly stable, use for impervious core or flood-control structures | k = 10 $^{-6}$ to 10 $^{-8}$ |
| Fine-Grained Soils | Silts and Clays LL < 50 | ML | | Green | Inorganic silts and very fine sands, rock flour, silty or clayey fine sands or clayey silts with slight plasticity | Poor stability, may be used for embankments with proper control | k = 10 $^{-3}$ to 10 $^{-6}$ |
| | | CL | | Green | Inorganic clays of low to medium plasticity, gravelly clays, sandy clays, silty clays, lean clays | Stable, impervious cores and blankets | k = 10 $^{-6}$ to 10 $^{-8}$ |
| | | OL | | Green | Organic silts and organic silt-clays of low plasticity | Not suitable for embankments | k = 10 $^{-4}$ to 10 $^{-6}$ |
| | Silts and Clays LL ≥ 50 | MH | | Blue | Inorganic silts, micaceous or diatomaceous fine sandy or silty soils, elastic silts | Poor stability, core of hydraulic-fill dam, not desirable in rolled-fill construction | k = 10 $^{-4}$ to 10 $^{-6}$ |
| | | CH | | Blue | Inorganic clays of high plasticity, fat clays | Fair stability with flat slopes, thin cores, blankets and dike sections | k = 10 $^{-6}$ to 10 $^{-8}$ |
| | | OH | | Blue | Organic clays of medium to high plasticity, organic silts | Not suitable for embankments | k = 10 $^{-6}$ to 10 $^{-8}$ |
| Highly Organic Soils | | Pt | | Orange | Peat and other highly organic soils | Not used for construction | |

**Figure B.1 Plasticity Chart for Soil Cflassicification**



**မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ -၂၀၂၅**
**အပိုင်း (၄) တွင် ပါဝင်ဆောင်ရွက်ကြသူများ**

| | | |
|---|---|---|
| ၁။ | ဒေါက်တာဉာဏ်မြင့်ကျော် | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဦးကျော်ဆန်းဝင်း | အတွင်းရေးမှူး |
| ၃။ | ဦးညွန့်ဦး | အဖွဲ့ဝင် |
| ၄။ | ဦးခင်မောင်တင့် | အဖွဲ့ဝင် |
| ၅။ | ဦးစောထွေးဇော် | အဖွဲ့ဝင် |
| ၆။ | ဦးသောင်းစိန် | အဖွဲ့ဝင် |
| ၇။ | ဦးမောင်မောင်ချို | အဖွဲ့ဝင် |
| ၈။ | ဦးလှဆွေ | အဖွဲ့ဝင် |
| ၉။ | ဒေါက်တာထွန်းနိုင် | အဖွဲ့ဝင် |
| ၁၀။ | ဦးအောင်မြတ်ကျော် | အဖွဲ့ဝင် |
| ၁၁။ | ဦးမောင်မောင်ထွေး | အဖွဲ့ဝင် |
| ၁၂။ | ဦးသိန်းပိုင် | အဖွဲ့ဝင် |
| ၁၃။ | ဦးခင်မောင်လွင် | အဖွဲ့ဝင် |
| ၁၄။ | ဦးလှဘုန်းမော် | အဖွဲ့ဝင် |
| ၁၅။ | ဒေါက်တာကေသွယ်ထွန်း | အဖွဲ့ဝင် |
| ၁၆။ | ဦးလင်းခိုင် | အဖွဲ့ဝင် |
| ၁၇။ | ဦးကျော်ထွန်း | အဖွဲ့ဝင် |
| ၁၈။ | ဦးခင်မောင်အေး | အဖွဲ့ဝင် |
| ၁၉။ | ဦးငွေဝင်း | အဖွဲ့ဝင် |
| ၂၀။ | ဒေါ်မြမြဝင်း | အဖွဲ့ဝင် |
| ၂၁။ | ဒေါ်စိုးစိုးတင် | အဖွဲ့ဝင် |
| ၂၂။ | ဒေါက်တာဇင်ဇင်ထိုက် | အဖွဲ့ဝင် |
| ၂၃။ | ဦးနေဝင်း | အဖွဲ့ဝင် |
| ၂၄။ | ဒေါက်တာမင်းမောင်မောင် | အဖွဲ့ဝင် |
| ၂၅။ | ဦးရွှေကျော်လှ | အဖွဲ့ဝင် |
| ၂၆။ | ဦးသိန်းငွေ | အဖွဲ့ဝင် |
| ၂၇။ | ဦးဇော်နိုင်ဦး | အဖွဲ့ဝင် |
| ၂၈။ | ဦးဇာလီချမ်း | အဖွဲ့ဝင် |
| ၂၉။ | ဒေါက်တာတင်တင်ဝင်း | အဖွဲ့ဝင် |

| | |
|---|---|
| ၃၀။ ဒေါ်ခိုင်ခိုင်ဦး | အဖွဲ့ဝင် |
| ၃၁။ ဒေါ်မာမာဆွေ | အဖွဲ့ဝင် |
| ၃၂။ ဦးလှနိုင် | အဖွဲ့ဝင် |
| ၃၃။ ဦးသူရနိုင် | အဖွဲ့ဝင် |
| ၃၄။ ဦးသက်စိုးဦး | အဖွဲ့ဝင် |
| ၃၅။ ဒေါ်စန်းစန်းသွင် | အဖွဲ့ဝင် |
| ၃၆။ ဒေါ်မေမိုးမိုးခိုင် | အဖွဲ့ဝင် |
| ၃၇။ ဒေါ်မေစန္ဒာစိုး | အဖွဲ့ဝင် |
| ၃၈။ ဒေါ်မြတ်သူဇာမော် | အဖွဲ့ဝင် |

# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ အပိုင်း ၃

# စံချိန်စံညွှန်း နှင့်

# လမ်းညွှန်ချက်များ အပိုင်း ၄



၂၀၂၅